http://www.dhammadownload.com

၅၉၂

မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ်

# ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

၏

# သီလပေးအကျယ်

# ဗုဒ္ဓနေ့အကြောင်းအရာ

နှင့်

# ဟောပြောချက်ဒေသနာများ

တိ=နိ

စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့မှထုပ်ဝေသည်

http://www.dhammadownload.com

# ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များ

၁။ ပရိယတ္တိသာသနဟိတဓမ္မာစရိယဝဋ္ဋံသကာ(၁၉၃၄)
၂။ အစိုးရပထမကျော်(၁၉၃၄)
၃။ သာသနဓဇ သိရီပဝရဓမ္မာစရိယ(၁၉၄၁)
၄။ ဝိသိဋ္ဌ ဝိနယဓရ(၁၉၅၁)
၅။ မဟာဝိနယ ကောဝိဒ(၁၉၅၁)
၆။ ဝိသိဋ္ဌ အာဘိဓမ္မိက(၁၉၅၃)
၇။ မဟာအဘိဓမ္မကောဝိဒ(၁၉၅၃)
၈။ ဝိသိဋ္ဌ ဒီဃဘာဏက(၁၉၅၃)
၉။ မဟာ ဒီဃနိကာယကောဝိဒ(၁၉၅၃)
၁၀။ ဝိသိဋ္ဌ တိပိဋကဓရ(၁၉၅၁)
၁၁။ မဟာ တိပိဋကကောဝိဒ(၁၉၅၃)
၁၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက(၁၉၅၄)
၁၃။ ဆဋ္ဌသံဂီတိ ဝိသဇ္ဇက(၁၉၅၇)
၁၄။ ဆဋ္ဌသံဂီတိ ကာရက(၁၉၅၇)
၁၅။ အဋ္ဌကထာ သံဂီတိကာရက(၁၉၆၂)
၁၆။ ဋီကာသံဂီတိ ကာရက(၁၉၆၂)
၁၇။ ဆဋ္ဌသံဂီတိ ဘာဏက(၁၉၅၇)
၁၈။ ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက(၁၉၅၇)
၁၉။ ဆဋ္ဌသံဂီတိ ပိဋကဝိသောဓက(၁၉၅၇)
၂၀။ ဆဋ္ဌသံဂီတိ ပိဋကပဋိဝိသောဓက(၁၉၅၇)
၂၁။ ဆဋ္ဌသံဂီတိ ပြည်သာနုသောမေဃျပတ္တပါဌက(၁၉၅၇)
၂၂။ အဂ္ဂမဟာပဏ္ဍိတ(၁၉၇၉)
၂၃။ အဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု(၁၉၈၄)
၂၄။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက(၁၉၉၃)
၂၅။ နိုင်ငံတော် ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင်ကျမ်းပြု(၁၉၅၅-၁၉၆၉)
၂၆။ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ ကြီး၏ ပထမဦးဆုံးသော
[illegible] (၁၉၈၀)
၂၇။ [illegible]

http://www.dhammadownload.com

မင်းကွန်းတိပိဋကရေမွဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာ ရဋ္ဌဂုရု
နိုင်ငံတော်သံဃာမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ်

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

# သီလပေးအကျယ်

## ဗုဒ္ဓနေ့အကြောင်းအရာ ဟောပြောချက်ဒေသနာများ

တိပိဋက=နိကာယ ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့မှ ထုတ်ဝေသည်။
အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုံး-၂၂၂၂၇၇/ ၇၈/ ၇၉

http://www.dhammadownload.com

**ပုံနှိပ်မှတ်တမ်း**

ဆဋ္ဌမအကြိမ်

၂၀၀၆၊ မတ်လ

အုပ်ရေ ၁၅၀၀

**ပုံနှိပ်ထုတ်ဝေသူ**

ဦးအောင်သန်း(၂)

အတွင်းရေးမှူး

တိပိဋက=နိကာယ စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# စာမျက်နှာအညွှန်း


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | သြကာသ အဓိပ္ပာယ်ရှင်းတမ်း | ... | ၁ |
| ၂။ | သီလပေးအကျယ် | ... | ၁၅ |
| ၃။ | ၁၃၄၁–ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ | ... | ၃၀ |
| ၄။ | ၁၃၄၂–ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့အကြောင်း | ... | ၄၂ |
| ၅။ | အနုဗလပဒ္ဒါန သာရဏီယကထာ | ... | ၄၉ |
| ၆။ | သပ္ပုရိသဒါနငါးပါး | ... | ၅၄ |
| ၇။ | အရဏဝိဘင်္ဂသုတ် | ... | ၅၇ |
| ၈။ | မင်္ဂလာတရားတော် | ... | ၆၈ |
| ၉။ | ငွေရတုသဘင် ချီးကျူးပူဇော်လွှာ | ... | ၇၈ |
| ၁၀။ | ငွေရတုသဘင် ချီးကျူးပူဇော်လွှာ | ... | ၈၉ |
| ၁၁။ | အရှင်မြတ်နှစ်ပါး ချီးကျူးပူဇော်လွှာ | ... | ၉၅ |
| ၁၂။ | ယံသန္နိမိတ္တံ ဂါထာပါဠိအနက် | ... | ၁၀၇ |

http://www.dhammadownload.com



## ဩကာသအစပွဲပါယ်ရှင်းတမ်း ရတနာသုံးပါးကို ရှိခိုးကန်တော့ ဆုတောင်းသော စာတန်းရှင်း

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင် တစ်ပါးပါးသောကံဖြင့် တစ်ရံတစ်ဆစ် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ (တစ်နည်း ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ) ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် (တစ်နည်း ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့်) အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်ဆောစွာ ရပါလို၏ အရှင်ဘုရား ...။

ဤသို့ ရတနာသုံးပါးကို ကန်တော့ရာ၌ စာပိုဒ်ဝါကျနှစ်မျိုး ရှိလေသည်။ ပထမရှေ့စာပိုဒ်ဖြင့် ရတနာသုံးပါးကို ရှိခိုးကန်တော့၍ နောက်စာပိုဒ်ဝါကျဖြင့် အလိုရှိသောဆုကို တောင်းခြင်းဖြစ်သည်။

http://www.dhammadownload.com



ထိုစာ ၂ ပိုဒ်တို့တွင် –

ပထမစာပိုဒ် (ကန်တော့ခန်း)၌ ဩကာသ ဩကာသ ဩကာသ ဤသုံးပိုဒ်ကား ရတနာသုံးပါးကို ဦးတည်တိုင်တည်သော စကားဖြစ်သည်။ ဤစာသုံးပိုဒ်ဖြင့် ခွင့်တောင်းသည် ဟူ၍လည်း ဆရာတို့ဆိုတော်မူကြသည်။ ထိုသုံးပုဒ်ဖြင့် ရတနာသုံးပါးကို တိုင်တည်သည်ဆိုသော ဆရာတော်တို့၏ အဆိုအမိန့်အတိုင်း ရှင်းလင်းပြလိုသည်မှာ–

ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင်တို့သည် ရတနာသုံးပါးကိုဦးထိပ်ထားကြသည့် ပုဂ္ဂိုလ်များဖြစ်ကြသဖြင့် ထိုထိုဘာသာရေးယဉ်ကျေးမှုကိစ္စတို့၌ လောကဥပမာအားဖြင့် မိုးဦးကျတစ်ခိုဝယ်တောင်အရပ်မှ မိုးချုန်းလိုက်သောအခါ ရွှေဥဒေါင်းတို့သည် တညီတညွတ်တည်း "ကေကာ၊ ကေကာ"ဟူသော အသံကို ဝမ်းမြောက်စွာတွန်မြည်ကြသကဲ့သို့ ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင်တို့သည်လည်း ထိုထိုဘာသာရေးကိစ္စ အဝဝတို့၌ ပရိသတ်စုံညီလျှင် နိဗ္ဗာန်ဆော် ဓမ္မဃောသက ပုဂ္ဂိုလ်က "ရတနာသုံးပါးအား ကန်တော့ကြပါစို့ ခင်ဗျား"ဟု တရားမိုး ချုန်းလိုက်သောအခါ ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင် ရွှေဥဒေါင်းတို့သည်လည်း 'ရတနာသုံးပါးကို ကန်တော့ကြပါစို့ခင်ဗျား' ဟူသော တရားမိုးချုန်းသံကို ကြားကြသည်နှင့်တစ်ပြိုင်နက် 'ဩကာသ ဩကာသ ဩကာသ' ဟူသော ကေကာသံကို တညီတညွတ်တည်း တွန်ကျူးကြလေသည်။

ထိုဩကာသ သုံးပုဒ်တို့တွင် ပထမ ဩကာသဖြင့် ဘုရားရတနာ၊ ဒုတိယဩကာသဖြင့် တရားရတနာ၊ တတိယဩကာသဖြင့် သံဃာရတနာကို ပါဠိလို တိုင်တည်လိုက်ကြခြင်း ဖြစ်သည်။ ထို့

http://www.dhammadownload.com



ကြောင့်ပင် ရှေးဆရာကြီးများသည် ဤဩကာသ သုံးပုဒ်ကို 'ဩကာသ၊ ဩကာသ၊ ဩကာသ၊ ရှိခိုးခြင်း၏တည်ရာ, မြတ်နိုး ခြင်း၏တည်ရာ, ပူဇော်ခြင်း၏တည်ရာ, အရိုအသေပြုခြင်း၏ တည် ရာဖြစ်တော်မူသော အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာ ဘုရားရတနာ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိ ဟု ဆိုအပ်သော တရားတော်မြတ် တည်းဟူသော တရားရတနာ၊ မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်, ဖိုလ်၌တည်သော ပုဂ္ဂိုလ် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထ အရိယာ သံဃာတော်မြတ် အပေါင်းတည်းဟူသော သံဃာရတနာ" ဟူ၍ အကျယ်ဆိုရိုးပြု၍ ကန်တော့ကြသည်ကို အကျဉ်းပ်တို့ ကိုယ်တိုင် နားဆတ်ဆတ် ကြည်ညိုစွာ ကြားသိအပ်ပါသည်။

ထိုဩကာသ သုံးပုဒ်၏နောက်၌ ပါရှိသော စာပုဒ်ဝါကျဖြင့် ကန်တော့သောသူက မိမိမှာ ဘုရား တရား သံဃာ ရတနာသုံးပါးနှင့် ပတ်သက်၍ မတော်တဆ ပြုမှားမိသော ကာယကံအပြစ်, ပြောမှားမိ သော ဝစီကံအပြစ်, ကြံမှားမိသော မနောကံအပြစ် ဤသုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အပြစ်ဘေး အညစ်အကြေးရှိခဲ့သော် ထိုအပြစ်ဘေး အညစ်အကြေးတို့ ကင်းဝေးစင်ကြယ်စေရန် သီလပေးသော အရှင် မြတ်ကို သက်သေထား၍ ရှိခိုးဝန်ချတောင်းပန်ခြင်း၊ ကန်တော့ခြင်း ဖြစ်လေသည်။

(ဥဒ္ဒိဿ ရုပ်ပွား ဘုရားစေတီရှေ့၌ ဤကန်တော့ခန်းစာပိုဒ်ကို ရွတ်ဆိုလျှင် ထိုဥဒ္ဒိဿရုပ်ပွား ဘုရားစေတီတော်ကို သက်သေထား၍ ရှိခိုးဝန်ချတောင်းပန်ခြင်း၊ ကန်တော့ခြင်း ဖြစ်လေသည်။)

http://www.dhammadownload.com



ထိုစာပိုဒ်ကို ရွတ်ဆို၍ ရတနာသုံးပါးကို ရှိခိုးဝန်ချတောင်းပန် ကန်တော့လိုက်သောအခါ အက္ခရာတစ်လုံး တစ်လုံးကို ရွတ်ဆိုစဉ် မှာပင် "လျှပ်တစ်ပြက်တွင်၊ စိတ္တက္ခဏေ၊ အပေါင်းရေ၊ ကုဋေ တစ်သိန်း"ဟူသော အတိုင်း ရွတ်ဆိုဝန်ချတောင်းပန် ကန်တော့သော ထိုသူ၏ သန္တာန်၌ ပဏာမ မဟာကုသိုလ်ဇောတို့ ကုဋေကုဋာ ဖြစ်ရှိ လေသည်။ ထိုပဏာမ မဟာကုသိုလ်ဇောစိတ် အစဉ် ရေအလျဉ်ဖြင့် ထိုသူသည် မိမိ၏ ခန္ဓာအစဉ်ကို သုံးကြိမ်တိုင်တိုင် ဆေးကြော သုတ်သင်စင်ကြယ်စေပြီးသား ဖြစ်လေတော့သည်။

ပကတိကြေးညှော် ငြိကပ်နေသော အဝတ်ကို အဝတ်၏ အရှင် သည် ဆပ်ပြာကောင်းကောင်းဖြင့် သုံးကြိမ်တိုင် ဖွပ်လျှော်၍ ထို အဝတ်စင်ကြယ်သွားသောအခါ မိမိအလိုရှိရာ ဆေးရောင်အမျိုးမျိုး ဖြင့် ထိုစင်ကြယ်သော အဝတ်ကို တပ်ဆိုးလိုက်သောအခါ (ထို အဝတ်မှာ အညစ်အကြေး ကင်းစင်နေသောကြောင့်) တပ်ဆိုးလိုက် သောအခါ ဆေးအရောင်သည် အောင်မြင်စွာ စွဲငြိလေသကဲ့သို့ ထို့ အတူပင် ရတနာသုံးပါးနှင့် ပတ်သက်၍ ပြုမှား ပြောမှား ကြံမှားခြင်း တည်းဟူသော အပြစ်ဘေး အညစ်အကြေး ကြေးညှော် စွဲကပ်နေခဲ့ သော် အဝတ်နှင့်တူသော မိမိ၏ခန္ဓာအစဉ်ကို အဝတ်ရှင်နှင့်တူသော ထိုကန်တော့သူသည် ဆပ်ပြာကောင်းနှင့်တူသော ပဏာမကုသိုလ် စေတနာ မြောက်မြားစွာဖြင့် သုံးကြိမ်တိုင်တိုင် ဖွပ်လျှော်၍ အဝတ်နှင့် တူသော မိမိ၏ခန္ဓာအစဉ် စင်ကြယ်သန့်ရှင်းသောအခါ မိမိအလိုရှိရာ ဆေးရောင်အမျိုးမျိုးနှင့်တူသော ဆုတောင်းခြင်း ပတ္ထနာအမျိုးမျိုးဖြင့် မိမိ၏ခန္ဓာ အစဉ်တည်းဟူသော အဝတ်ကို ဆုတောင်းမှု ပတ္ထနာ ဆေးအမျိုးမျိုး တပ်ဆိုးလိုက်သောအခါ (ခန္ဓာအစဉ်မှာ စင်ကြယ်

http://www.dhammadownload.com



နေသောကြောင့်) မိမိတပ်ဆိုး ဆုတောင်းလိုက်သော ပတ္ထနာ ဆေး အရောင် အောင်မြင်ပြီးမြောက်နိုင်လေသည်။ ထို့ကြောင့် နောက် စာပိုဒ်ဝါကျ (ကန်တော့ရသော အကျိုးအားကြောင့် စသော နောက် စာပိုဒ်ဝါကျ)ဖြင့် ဆုတောင်းပတ္ထနာမှု ထိုသူသည် ပြုလုပ်ခြင်း ဖြစ် သည်။

ထို စာပိုဒ်သည် -

"သမာသ်များနှင့်၊ စကားနာဖွယ်၊ ကျဉ်း-ကျယ် ချဲ့-ချုံ့၊ ယင်းမှတ်ပုံ၊ ဘွဲ့ဂုဏ်ဩဇမည်"ဟူသော အတိုင်းစာပိုဒ်ဝါကျ ၇- ဝါကျကို တစ်ဝါကျတည်းဖြင့် အကျဉ်းချုံ့၍ ဆိုထားသောကြောင့် အလင်္ကာသဘောအရ ဩဇဂုဏ် ရောက်သော စာပိုဒ်ဝါကျ ဖြစ်လေ သည်။ ထိုစာပိုဒ်ကို ဖြန့်လိုက်လျှင် -

(၁) အပါယ်လေးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရ ပါလို၏၊

(၂) ကပ်သုံးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရ ပါလို၏၊

(၃) ရပ်ပြစ်ရှစ်ပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရ ပါလို၏၊

(၄) ရန်သူမျိုးငါးပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရ ပါလို၏၊

(၅) ဝိပတ္တိတရားလေးပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ် ငြိမ်းရပါလို၏၊

(၆) ဗျသနတရားငါးပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ် ငြိမ်းရပါလို၏၊

http://www.dhammadownload.com



(၇) ဤခြောက်မျိုးသော အနိဋ္ဌာဒဏ် ရန်မာရ်တို့မှ ကင်းလွတ်ငြိမ်းကြပြီးလျှင် မဂ်တရားလေးပါး, ဖိုလ်တရားလေးပါး, နိဗ္ဗာန်တရား တည်းဟူသော လောကုတ္တရာတရားကိုးပါးတို့ကို လျင်မြန်ဆောစွာ ရပါလို၏ အရှင်ဘုရား။

ဤကဲ့သို့ စာပိုဒ်ဝါကျအကျယ် ခုနစ်ပိုဒ် ထွက်ရှိလာလေသည်။ ထိုခုနစ်ပိုဒ်တို့တွင် –

(၁) 'အပါယ်လေးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည့်ကိုယ် ဖြစ်ရပါလို၏'ဟူသော ပထမစာပိုဒ်ဖြင့် –

(၁) ငရဲဘုံ

(၂) တိရစ္ဆာန်ဘုံ

(၃) ပြိတ္တာဘုံ

(၄) အသူရကာယ်ဘုံ တည်းဟူသော အပါယ်လေးဘုံသို့ (နိဗ္ဗာန်မရမီအကြား) မကျရောက်သည့်ကိုယ် ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်း ဖြစ်သည်။

(ဆောင်ပုဒ်)။ ငရဲ, တိရိစ်၊ ပြိတ်, အသူရာ၊ ဤလေးဖြာ၊
အောက်ရွာပါယ်ဘူမိ။

ဤသံပေါက်ဖြင့် အပါယ်လေးဘုံကို အကျဉ်းမှတ်သား သိရှိရာ၏။

မှန်၏။ တစ်ကြိမ်မျှ အပါယ်ဘုံ ကျလိုက်လျှင် လူ့ဘုံ, နတ်ဘုံသို့ တဖန်ပြန်ရောက်ဖို့ရန် "လိပ်ကန်း ထမ်းပိုးပေါက်စွပ်" ဥပမာဖြင့် လွန်စွာ ခဲယဉ်းကြောင်းကို မြတ်စွာဘုရား "ကာဏာ ကစ္ဆပေါပမ ဒေသနာ"ဖြင့် ဟောကြားတော်မူအပ်လေသည်။

http://www.dhammadownload.com



**လိပ်ကန်းဥပမာ ဒေသနာဟူသည်မှာ** - တချိန်က မြတ်စွာဘုရား ရဟန်းတို့ကို တရားဟောတော်မူသောအခါ "ရဟန်းတို့၊ ယောကျ်ားတစ်ယောက်သည် တစ်ပေါက်တစ်ကွင်းသာရှိသော ထမ်းပိုးကို သမုဒ္ဒရာထဲသို့ ပစ်ချလိုက်သည် ဆိုပါစို့။ ထိုထမ်းပိုးကို အရှေ့အရပ်၌ တိုက်ခတ်သောလေတို့က အနောက်အရပ်သို့၊ အနောက်အရပ်၌ တိုက်ခတ်သောလေတို့က အရှေ့အရပ်သို့၊ မြောက်အရပ်၌ တိုက်ခတ်သောလေတို့က တောင်အရပ်သို့၊ တောင်အရပ်၌ တိုက်ခတ်သော လေတို့က မြောက်အရပ်သို့ ဆောင်သဖြင့် ထိုထမ်းပိုးသည် သမုဒ္ဒရာ အတွင်းဝယ် လေတိုက်ဆောင်ရာပါ၍ မရပ်မတည် လည်နေတယ် ဆိုပါစို့။ ထိုသမုဒ္ဒရာအတွင်း၌ပင် အနှစ်တစ်ရာ တစ်ရာမှ ရေပြင် အပေါ်သို့ တစ်ကြိမ်ပေါ်တက်သော လိပ်ကန်းကြီး တစ်ကောင် ရှိတယ်ဆိုပါစို့။ ရဟန်းတို့၊ ယခု ငါဘုရား မေးမည့် စကားကို သင်ချစ်သားတို့ မည်သို့မှတ်ထင် သဘောကျကြသနည်း။ (သဘောကျသည့်အတိုင်း ဖြေဆိုနိုင်ခွင့် ရှိသည်။) ထိုအနှစ်တစ်ရာ တစ်ရာ တခါတစ်ခါသာ ရေပြင်သို့ ခေါင်းပေါ်လာသော လိပ်ကန်းကြီး၏ ဦးခေါင်းသည် ထိုမရပ်မတည် လေခတ်ရာသို့ လွင့်ပါးနေသော ထမ်းပိုးပေါက်၌ စွပ်မိရာပါမည်လော"ဟု မြတ်စွာဘုရားက မေးမြန်းသောအခါ ရဟန်းတော်များက "စွပ်မိနိုင်ရန်အကြောင်း မလွယ်ကူပါဘုရား၊ သို့ရာတွင် တစ်ခါတစ်ရံ တစ်နေရာရာမှ စွပ်မိသော်မူ စွပ်မိလေရာပါမည်ဘုရား"ဟု ပြန်ကြားလျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ထိုလိပ်ကန်းကြီး၏ ဦးခေါင်းထမ်းပိုးပေါက်၌ စွပ်မိဖို့ရန်က လွယ်ကူပေသေး၏၊ တစ်ကြိမ်လောက် အပါယ်ဝိနိပါတဘေး ကျရောက်သော သတ္တဝါ အဖို့ရာ ထိုအပါယ်ဘေးမှလွတ်၍ လူ့ဘုံ နတ်ဘုံ၌ တဖန်ပြန်၍

http://www.dhammadownload.com



ဖြစ်ရန်အရေးကား ထိုထက်ပင် ခဲယဉ်းလှပေ၏"ဟူ၍ ဟောကြားသော ဒေသနာ ဖြစ်သည်။

(ထိုဒေသနာကား မဇ္ဈိမနိကာယ်၌ လာရှိ၏။)

(၂) "ကပ်သုံးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည့်ကိုယ် ဖြစ်ရပါလို၏"ဟူသော ဤဒုတိယစာပိုဒ် ဆုတောင်း၌ ကပ်သုံးပါး ဟူသည်မှာ -

"သတ္ထန် ရောဂန်၊ ဒုဗ္ဘိက္ခန်၊ သုံးတန်ကပ်အပြား"ဟူသော ဆောင်ပုဒ်လင်္ကာအတိုင်း -

(၁) ဒေါသအကုသိုလ် အလွန်ကြီးကြသဖြင့် တုတ်ဓားလက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ် ပစ်ခတ်ကြ၍ သတ္တဝါတို့ သေကြေပျက်စီးကြခြင်းကို သတ္ထန္တရကပ်ဟူ၍ ခေါ်သည်။

(၂) မောဟအကုသိုလ် အလွန်ကြီးကြသဖြင့် ကပ်ရောဂါများ နှိပ်စက်၍ သတ္တဝါတို့ သေကြေပျက်စီးကြခြင်းကို ရောဂန္တရကပ်ဟူ၍ ခေါ်သည်။

(၃) လောဘအကုသိုလ် အလွန်ကြီးကြသဖြင့် ငတ်မွတ်ခေါင်းပါး၍ သတ္တဝါတို့ သေကြေပျက်စီးကြခြင်းကို ဒုဗ္ဘိက္ခန္တရကပ်ဟူ၍ ခေါ်သည်။

[ဤကပ်သုံးပါးမှလည်း (နိဗ္ဗာန်မရမီကြား) ကင်းလွတ်ငြိမ်းသည့်ကိုယ် ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်း ဖြစ်သည်။]

(၃) "ရပ်ပြစ်ရှစ်ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏" ဟူသော တတိယဆုတောင်း စာပိုဒ်၌ ရပ်ပြစ်ရှစ်ပါး ဟူသည်မှာ မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ရန်၏ အန္တရာယ်အပြစ် သင့်နေသော အရပ်

http://www.dhammadownload.com



ရှစ်မျိုးဟု ဆိုလိုသည်။ ထိုရပ်ပြစ်ရှစ်ပါးတို့မှာ -

အပါယ်သုံးဖြာ၊ အသညာ၊ လူမှာ လေးချက်ပြ။
ရပ်ပြစ်ရှစ်ပါး၊ သရုပ်များ၊ ဉာဏ်အားဆင်ခြင်ကြ။ ။

ဟူသော ဆောင်ပုဒ်လင်္ကာအတိုင်း -

(၁) (၂) (၃) ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံဟူ၍ အောက်အပါယ် လေးဘုံမှ ရပ်ပြစ်သုံးပါး မှတ်သားရာ၏။ ထိုဘုံတို့၌ ဖြစ်သော သူတို့မှာ ထိုဘဝ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ကြပြီ။ ထို့ကြောင့် ထိုဘုံ သုံးမျိုးကို အပြစ်သင့်နေသော အရပ်သုံးပါး အရပ်ပြစ်သုံးပါး ဟူ၍ ခေါ်ဆိုသည်။

[ ဤ၌ အသူရကာယ်ဘုံ ဘယ်မှာပျောက်နေသနည်းဟု မေးဖွယ် ရှိ၏။ အဖြေကား - အသူရကာယ်ဘုံကို ပြိတ္တာဘုံ၌ သွင်း၍ ထားသည်၊ (ဝါ) ပြိတ္တာဘုံဟူသော စကား၌ အသူရကာယ်ဘုံကိုပါ ငုံ၍ထားသည်။ အကြောင်းကား ပြိတ္တာဘုံသား သတ္တဝါများနှင့် အသူရကာယ်ဘုံသား သတ္တဝါတို့ ကူးလူးဆက်ဆံပေါင်းသင်းမှု ရှိကြ သောကြောင့် ဖြစ်သည်ဟု ဖြေဆိုရာ၏။]

(၄) အသညသတ် ဗြဟ္မာဘုံသည်လည်း ရပ်ပြစ်တစ်ပါး ဖြစ် သည်။ မှန်၏။ ထိုအသညသတ် ဗြဟ္မာဘုံ၌ ဖြစ်ကြသော သတ္တဝါတို့ မှာ ဘုရားဖူးရန် မျက်စိ၊ တရားနာရန် နား (ပသာဒရုပ်)များ လုံးဝ မရှိကြသဖြင့် ဘုရားကို ဖူးသောစိတ်၊ တရားကိုနာသောစိတ် လုံးဝ မဖြစ်နိုင်။ (နာမ်တရားမရှိသော ဘုံဖြစ်၍ အခြားစိတ်များလည်း မဖြစ် နိုင်ကြ။) ထိုသို့ တရားနာသောစိတ် လုံးဝမဖြစ်နိုင်သဖြင့် ပရတော ဃောသ-သူတစ်ပါးထံမှ တရားသံကို ကြားနာရခြင်း တည်းဟူသော မဂ်ဖိုလ်ရကြောင်း ချို့တဲ့နေသောကြောင့် ထိုအသညသတ်ဘုံ၌ ဖြစ်

http://www.dhammadownload.com



ကြသော ဗြဟ္မာ့ဘုံကြီးတို့မှာ ထိုဘဝ၌ ဘယ်နည်းနှင့်မျှ မဂ်ဖိုလ်ကို မရနိုင်ကြပြီ။ ထို့ကြောင့် အသညသတ် ဗြဟ္မာ့ဘုံကိုလည်း အရပ်ပြစ် –မဂ်ဖိုလ်၏ အန္တရာယ် အပြစ်သင့်နေသော အရပ်ဟူ၍ ခေါ်ဆိုသည်။

(၅) လူ့ဘုံ၌ပင် သော်လည်း သာသနာ မထွန်းကားသော ပစ္စန္တရာစ်အရပ်ကို လည်းကောင်း၊

(၆) သာသနာထွန်းကားသော အရပ်၌ လူဖြစ်စေကာမူ မိမိက မိစ္ဆာဒိဋ္ဌိအယူ ဖောက်ပြား မှားယွင်းနေခြင်း။

(၇) သာသနာထွန်းကားသော အရပ်၌ လူဖြစ်ရစေကာမူ မိမိက မျက်စိ, နား, နှာ အင်္ဂါချို့တဲ့နေခြင်း။

(၈) လူ့ဘုံ၌ပင် လူဖြစ်ရသော်လည်း သာသနာပြင်ပအခါနှင့် ကြုံတွေ့နေရခြင်း ဤလေးပါးတို့ကိုလည်း ရပ်ပြစ်လေးပါးတို့ ဟူ၍ ခေါ်ဆိုရသည်။ မှန်၏။ ထိုလေးချက်နှင့် တိုက်ဆုံနေရသော လူသည် ထိုဘဝ ဘယ်နည်းနှင့်မျှ မဂ်ဖိုလ်ကို မရနိုင်ပြီ။ ထို့ကြောင့် ထို လေးချက်ကိုလည်း အရပ်ပြစ်လေးပါးဟူ၍ ခေါ်ဆိုရလေသည်။ ရှေ့ လေးပါးနှင့်ပေါင်းသော် ရပ်ပြစ်ရှစ်ပါးဖြစ်၏။

(၄) "ရန်သူမျိုးငါးပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်း ရပါလို၏" ဟူသော စတုတ္ထဆုတောင်းစာပိုဒ်၌ ရန်သူမျိုးငါးပါးတို့ ဟူသည်မှာ ရေဆိုး၊ မီးဆိုး၊ မင်းဆိုး၊ အမွေခံဆိုး၊ သူခိုး ဤငါးမျိုး တို့ကို ခေါ်သည်။

"ရေ, မီး, မင်းဆိုး, မွေခံဆိုး, သူခိုး ရန်သူငါး" (ဆောင်ပုဒ်)။ ဖောက်ပြန်သောရေ၊ ဖောက်ပြန်သောမီး၊ ဖောက်ပြန်သောမင်း၊ ဖောက်ပြန်သောအမွေခံ၊ သူခိုးဓားပြ၊ ဤငါးမျိုးတို့သည် မိမိကို အန္တရာယ်ပြုတတ်သောကြောင့် ရန်သူတို့ မည်ကုန်၏။

http://www.dhammadownload.com



(၅) "ဝိပတ္တိတရားလေးပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏"ဟူသော ပဋ္ဌမဆုတောင်း စာပိုဒ်၌ ဝိပတ္တိတရားလေးပါးတို့ဟူသည်မှာ–

(၁) ကာလဝိပတ္တိ၊

(၂) ဥပဓိဝိပတ္တိ၊

(၃) ပယောဂဝိပတ္တိ၊

(၄) ဂတိဝိပတ္တိ ဤလေးပါးတို့ဖြစ်သည်။

သမ္ပတ္တိလေးပါးမှာလည်း–

ကာလသမ္ပတ္တိ၊

ဥပဓိသမ္ပတ္တိ၊

ပယောဂသမ္ပတ္တိ၊

ဂတိသမ္ပတ္တိ ဤလေးပါးတို့ဖြစ်သည်။

"ကာလော, ပဓိ၊ ပယောဂ၊ ဂတိဝိပတ်လေး။

သမ္ပတ္တိလည်း၊ ဤပုံနည်း၊ ဖြူမည်းပြောင်း၍ပေး"(ဆောင်ပုဒ်)။

(၁) ဒုတိယကမ္ဘာစစ်ဖြစ်ချိန်ကလို ကုသိုလ်ကောင်းမှုပြု၍ မဖြစ်နိုင်အောင် အခါကာလ ပျက်စီးနေခြင်းကို ကာလဝိပတ္တိ ခေါ်၏။

(၂) မျက်စိ, နား, နှာ, အင်္ဂါခြေလက် ချို့တဲ့ပျက်စီးနေခြင်းကို ဥပဓိဝိပတ္တိ ခေါ်၏။

(၃) ကောင်းကျိုးရမည့် အလုပ်မဟုတ်သော၊ ဆိုးပြစ်ရမည့် အလုပ်ကို ပြုလုပ်အားထုတ်မိခြင်းကို ပယောဂဝိပတ္တိ ခေါ်၏။

(၄) အလောင်းတော်ကြီးများမှ တစ်ပါး၊ အခြားသတ္တဝါများ ပါရမီကောင်းမှုကုသိုလ်ဖြစ်နိုင်ရန် အခွင့်မရှိဘဲ အမြဲဆင်းရဲနေရသည့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်၊ အပါယ်လေးဘုံကို ဂတိဝိပတ္တိ ခေါ်၏။ ။ သမ္ပတ္တိလေးပါးကိုလည်း အမည်းမှအဖြူကို

http://www.dhammadownload.com



ပြန်၍သိရသကဲ့သို့ ဤဝိပတ္တိလေးပါးတို့မှ ပြန်၍သိရာ၏။

သတ္တဝါတိုင်းမှာ –

(၁) မကောင်းကျိုးပေးနိုင်သည့် အပရာပရိယအကုသိုလ်ကံတွေ၊

(၂) ကောင်းကျိုးကို ပေးနိုင်သည့် အပရာပရိယကုသိုလ်ကံတွေ အပြည့်ရှိနေကြ၏။

(၁) ဝိပတ္တိလေးပါးတွင် တစ်ပါးပါးနှင့် တိုက်ဆုံလျှင် အပရာပရိယအကုသိုလ်ကံတို့က မကောင်းကျိုးကို ပေးကုန်ကြတော့၏။

(၂) သမ္ပတ္တိလေးပါးတွင် တစ်ပါးပါးနှင့်တိုက်ဆုံလျှင် အပရာပရိယ ကုသိုလ်ကံတို့က ကောင်းသောအကျိုးကို ပေးကြလေတော့၏။ ထို့ကြောင့် ဝိပတ္တိမှ လွတ်ကင်း၍ သမ္ပတ္တိနှင့်တိုက်ဆုံဖို့ရန် ဆုတောင်းသော စာပိုဒ်ဖြစ်သည်။

ကာလော+ပဓိ ပယောဂါနံ၊

ဂတိယာ စ ယထာရဟံ။

သမ္ပတ္တိဉ္စ ဝိပတ္တိဉ္စ၊

ကမ္မ+မာဂမ္မ ပစ္စတိ။

ကာလော+ပဓိပယောဂါနံ=ကာလဥပဓိပယောဂတို့၏ လည်းကောင်း။ ဂတိယာစ=ဂတိ၏လည်းကောင်း။ ယထာရဟံ=ထိုက်သည့်အားလျော်စွာ။ သမ္ပတ္တိဉ္စ=ပြည့်စုံခြင်းကိုလည်းကောင်း။ ဝိပတ္တိဉ္စ =ဖောက်ပြန်ပျက်စီးခြင်းကိုလည်းကောင်း။ အာဂမ္မ=အစွဲပြု၍။ ကမ္မံ= ကုသိုလ်အကုသိုလ်ကံ နှစ်မျိုးသည်။ ပစ္စတိ=ကောင်းကျိုး မကောင်းကျိုးကို အစဉ်အတိုင်းပေး၏။

(ဝိပတ္တိလေးပါးတစ်ပါးပါးနှင့် တိုက်ဆုံလျှင် အကုသိုလ်ကံက မကောင်းကျိုးကိုပေးလေ၏။ သမ္ပတ္တိလေးပါးတစ်ပါးပါးနှင့် တိုက်ဆုံလျှင် ကုသိုလ်ကံက ကောင်းကျိုးကို ပေးလေ၏ဟု ဆိုလိုသည်။)

http://www.dhammadownload.com



(၆) "ဗျသနတရားငါးပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏"ဟူသော ဆဋ္ဌမဆုတောင်းစာပိုဒ်၌ ဗျသနတရားငါးပါးတို့ ဟူသည်မှာ–

(က) ဉာတိဗျသန=ဆွေမျိုးတို့၏ပျက်စီးခြင်း၊ (ဆွေမျိုးများပျက်၍ တစ်ကောင်ကြွက် ဖြစ်နေခြင်း။)

(ခ) ဘောဂဗျသန=စည်းစိမ်ဥစ္စာ ကုန်းကောက်စရာမျှ မရှိအောင်ပျက်စီးခြင်း၊

(ဂ) ရောဂဗျသန=အနာရောဂါ ကပ်ရောက်နှိပ်စက်ခံနေရခြင်း၊

(ဃ) သီလဗျသန=ကိုယ်ကျင့်သီလ ပျက်စီးနေခြင်း၊

(င) ဒိဋ္ဌိဗျသန=အယူဖောက်ပြား မှားယွင်းပျက်စီးနေခြင်း၊ ဤငါးပါးတို့ကို ဗျသနတရားငါးပါးတို့ ဟူ၍ခေါ်ဆို၏။

"ဉာ, ဘော, ရောဂါ၊ သီလ, ဒိဋ္ဌိ၊ ငါးပါးရှိ၊ မှတ်သိဗျသန" (ဆောင်ပုဒ်)။

ထိုဗျသနတရားငါးပါး ရောက်ရှိက မိမိမှာ ဆင်းရဲရ၏။ ထို့ကြောင့် ထိုဗျသနတရား ငါးပါးတို့မှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည့်ကိုယ် ဖြစ်ရပါလို၏ဟု အလေးအနက် ဆုတောင်းခြင်း ဖြစ်သည်။

ထို ဗျသနတရား ငါးပါးတို့အနက် ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသန ဤသုံးပါးသော ဗျသနတရားတို့ နှိပ်စက်ခံရလျှင် ပစ္စုပ္ပန် ဤဘဝ၌သာ ဆင်းရဲဒုက္ခ ရောက်ရှိရသည်။ သံသရာအတွက်ကား မထောင်းသာ။ သီလဗျသန၊ ဒိဋ္ဌိဗျသန၊ ဤဗျသနတရားနှစ်ပါးတို့ အနှိပ်စက်ခံရလျှင်ကား ပစ္စုပ္ပန်၌ရော သံသရာ၌ပါ ဆင်းရဲဒုက္ခ ရောက်ရှိရ၏။ ထို့ကြောင့် ထိုသီလ ဗျသန ဒိဋ္ဌိဗျသနဘေးတို့မှ ကင်းဝေးအောင် သတိပြု၍ ရှောင်ရာ၏။

http://www.dhammadownload.com



(၇) "ဤခြောက်မျိုးသော အနိဋ္ဌဘေးဒဏ် ရန်မာရ်တို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းကြပြီးလျှင် မဂ်တရားလေးပါး၊ ဖိုလ်တရား လေးပါး၊ နိဗ္ဗာန်တရားတည်းဟူသော လောကုတ္တရာတရား ကိုးပါး တို့ကို လျင်မြန်ဆောစွာ ရပါလို၏ အရှင်ဘုရား"ဟူသော ဤသတ္တမ ဆုတောင်းစာပိုဒ်၌ ဆိုလိုသော အနက်အဓိပ္ပာယ်ကား ထင်ရှားသိသာပြီ။

ဤဆိုအပ်ပြီးသော အနက်အဓိပ္ပာယ် အကျယ်ကို ရည်ရွယ် တောင့်တ၍ သြကာသ သြကာသ သြကာသ အစရှိသော ကန်တော့ ခန်း၌ အထက်လူကြီး မိဘဆရာသမားတို့သည် –

'ကန်တော့ရသော အကျိုးအားကြောင့် (တစ်နည်း ကန်တော့ရ သော ကုသိုလ်ကံစေတနာတို့ကြောင့်) အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်ဆောစွာ ရလိုပါ၏ အရှင်ဘုရား ...' ဟူ၍ ဆိုရိုးပြု မူချပေးခဲ့ကြပါသည်။

ဤသို့သော အနက်အဓိပ္ပာယ်ကို ဆရာရော၊ ဒကာပါ သိရှိကြပြီး ဖြစ်သောကြောင့် ရှေးဆရာကျော်တို့သည် ကန်တော့ခန်းပြီးဆုံးသော အခါ၊

'လ္လစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု'

ဟူသော အရှင်ပစ္စေကဗုဒ္ဓါတို့၏ ဆုညွှန်းဂါထာအတိုင်း 'အလို ရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်းနှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေသတည်း' ဟူ၍ ဆုညွှန်းတော်မူကြပါသတည်း။

ဤတွင်ရွေ့ သြကာသ ကန်တော့ခန်း
အဓိပ္ပာယ်ရှင်းတမ်း ပြီး၏။

http://www.dhammadownload.com



## ကျေးရှူးရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရား ၏ သက်တော် ၆၇ နှစ်ပြည့်မြောက် ၆၈ နှစ် အရောက်တွင် တိုးရဲ့ချီးမြှောက်အပ်သော သီလပေးအကျယ်

[ အို – သူတော်ကောင်းတို့၊ ကျေးရှူးရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားသည် မိမိအသက် ၆၇ နှစ်ပြည့်မြောက်၊ ၆၈ နှစ် အရောက်တွင် (မိမိ၏ ပစ္ဆိမအရွယ်သို့ ရောက်ရှိလေပြီကို သတိပြုမိသဖြင့်) ဒကာ ဒကာမများအား သီလပေးသောအခါ ရှေးကလို ပါဠိဘာသာသက်သက်ဖြင့် မပေးတော့ဘဲ ဒကာ ဒကာမများ စကားလုံးတိုင်း စကားခွန်းတိုင်း အနက်အဓိပ္ပာယ်ကို အလေးအနက် သိရှိနိုင်ကြရန် သီလပေးသောကိစ္စဖြင့်၊

(က) သရဏဂုံသီလတောင်းခံသောအပိုင်း၊

(ခ) ဘုရားရှိခိုးသောအပိုင်း၊

(ဂ) သရဏဂုံကို ခံယူဆောက်တည်သောအပိုင်း၊

(ဃ) သိက္ခာပုဒ်သီလတို့ကို ဆောက်တည်ခံယူ ကျင့်သုံးသောအပိုင်းဟူ၍ အပိုင်းလေးပိုင်း ခွဲဝေ၍ တစ်ပိုင်းတစ်ပိုင်းလျှင် အကြောင်းအရာ စကားညှပ်များ မိန့်ကြားကာ သီလပေးခဲ့ပါသည်။

ကျွန်ုပ်တို့သည် ထိုသို့ ဆရာတော်ဘုရား ချီးမြှောက်သဖြင့် သီလခံယူသောအခါ အလေးအနက် အဓိပ္ပာယ်ကို သိရှိကာ ဝမ်းမြောက်နှစ်သက်ခြင်း အပြည့်အဝဖြင့် သီလခံယူမှု ကုသိုလ်အထူးကို ဆည်းပူးအားထုတ်ရပါသဖြင့် အကျွန်ုပ်တို့ကဲ့သို့ပင် သူတော်စင်တို့

http://www.dhammadownload.com



လည်း ကုသိုလ်တရား အသိဉာဏ်တရား အထူးဖြစ်ပွား နှစ်သက် ဝမ်းမြောက်တော်မူနိုင်ကြပါရန် ဆရာတော်ဘုရား သီလပေးသော အသံကို အသံဖမ်းစက်ဖြင့် သွင်းယူ၍ ထိုမှတစ်ဆင့် ကူးယူပြီးလျှင် ဤစာစောင်၌ 'တိပိဋကဓရ ဆရာတော်၏ သီလပေးအကျယ်' ဟူသော ခေါင်းစဉ်ဖြင့် ထည့်သွင်းကာ ဓမ္မဒါန ဖြန့်ချီအပ်ပါသည်။

ဆရာတော်သည် ဒကာဒကာမများ ရတနာသုံးပါးအား ရှိခိုး ကန်တော့ ဆုတောင်းသည့် စာတန်း (ဩကာသ–စသည်) ရွတ်ဆို ပြီးသောအခါ–၊

'လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿန ကျေးဇူးဂုဏ်တို့ကြောင့် ရှိခိုးခြင်း, မြတ်နိုးခြင်း, ပူဇော်ခြင်း, အရိုအသေပြုခြင်းငှာ ထိုက်သော ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့ကို သဒ္ဓါကြည်ညို ရိုသေ မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရ သော ပဏာမကောင်းမှု ကုသိုလ်ကံ စေတနာတို့ကြောင့် ပစ္စက္ခဘဝ ယနေ့မှစ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရသော စိတ္တက္ခဏကာလတိုင် အောင် အနိဋ္ဌဘေးဒဏ် ရန်မာရ်ခပ်သိမ်း ဘဝတိုင်း ကင်းလွတ် ငြိမ်းကြ၍ ဒါန, သီလ, သမာဓိ, ပညာကျင့်ဖွယ်ရာ လေးပါး နိဝိကဏ္ဍ သုတ္တန်လာ တရားတို့ကို ဘဝမခြား ပွားများကြိုးကုတ်အားထုတ် ကျင့်ကြံနိုင်ကြသဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းရာကေန် နိဗ္ဗာန်ပရမတ်ကို အရဟတ္တဖိုလ်ပေါက် လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင်လွယ် ကြသည်ဖြစ်စေ ...'ဟု ဆုပေး၍ 'အရှင်ဘုရားပေးသော ဆုနှင့် တစ်လုံးတဝတည်း ပြည့်စုံရပါလို၏'ဟု ဒကာဒကာမတို့က ဆိုပြီး သောအခါ ဆက်လက်၍–

http://www.dhammadownload.com



ဒကာဒကာမအပေါင်း သူတော်ကောင်းတို့၊ မိမိတို့သည် ငယ်စဉ် တောင်ကျေး ကလေးဘဝ သိ,ကြား,လိမ္မာသော အရွယ်ကစ၍ ငါးပါး သီလကို နေ့စဉ်နေ့တိုင်း ခံယူခဲ့ကြတယ်၊ ရှစ်ပါးသီလကို ရှစ်ရက် သီတင်းလပြည့်, လကွယ်နေ့တိုင်း ခံယူခဲ့ကြတယ်။ ထိုသို့ သီလ ခံယူကြရာမှာ၊

(၁) သရဏဂုံ သီလတောင်းခံသော အပိုင်း၊

(၂) နမောတဿဖြင့် မြတ်စွာဘုရားအား ရှိခိုးသောအပိုင်း၊

(၃) သရဏဂုံသုံးပါးတို့ကို သုံးကြိမ်တိုင်တိုင် ခံယူဆောက်တည် သောအပိုင်း၊

(၄) သိက္ခာပုဒ်သီလကို ဆောက်တည်ခံယူ ကျင့်သုံးသော အပိုင်း ဟူ၍၊ လေးပိုင်း လေးကဏ္ဍရှိခဲ့ရာ၊ ထိုလေးပိုင်းလုံးမှာပင် မိမိတို့၏ အမိ, အဘ, အဘိုး, အဘွား, အထက်အထက်လူကြီးများ၊ ဆရာ သမားတို့က ပါဠိဘာသာဖြင့်ချည်း ဆိုရိုးပြုခဲ့၊ မှာပေးခဲ့ကြသဖြင့် မိမိတို့လည်း ပါဠိဘာသာဖြင့်ချည်း ဆိုရိုးပြုခဲ့ကြလေသည်။

လူကြီးမိဘဆရာသမားများရဲ့ မျှော်လင့်ချက်က ပါဠိဘာသာ သည် သဘာဝနိရုတ္တိ အရိယာဝေါဟာရ မြတ်စွာဘုရားများ ဟောကြားပြောဆိုတဲ့ ဘာသာဖြစ်လို့ ထိုပါဠိဘာသာဖြင့် ဓမ္မကိစ္စ ဆောင်ရွက်ကြလျှင် တို့သား တို့သမီး တို့မြေး တို့မြစ်တွေ အရိယာ မဂ်ဖိုလ်ကို ရကြတဲ့အခါမှာ 'မာဂဓီဘာသာသည် ပဋိသမ္ဘိဒါဉာဏ် အား ကျေးဇူးပြုသည်' ဆိုသည့်အတိုင်း အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိ သမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာန ပဋိသမ္ဘိဒါဆိုတဲ့ ပဋိသမ္ဘိဒါပတ္တ အရိယာသူတော်စင်များ ဖြစ်ကြပါစေဆိုတဲ့ မျှော်လင့်ချက် ရည်ရွယ် ချက် မွန်မြတ်လှစွာဖြင့် ပါဠိလို လေးပိုင်းစလုံးကို ဆိုရိုးပြုခဲ့ခြင်း ဖြစ်ပါတယ် သူတော်ကောင်းတို့။

http://www.dhammadownload.com



မိမိတို့က မြန်မာဘာသာကိုသာ ပြောဆိုနေကျဖြစ်တော့ ပါဠိလို ဆိုရတဲ့ ကိစ္စမှာ မသိတစ်ချက် သိတစ်ချက်နှင့် စိတ်ထဲမှာ မချင့်မရဲ မရိုးမရွ ဖြစ်စရာပဲလို့ စဉ်းစားရင်း ပေါ်လာပါတယ်။ အဲဒီလို မဖြစ်ရအောင် မိမိတို့ ယခုဆိုတဲ့ ပါဠိစကားတွေရဲ့ အနက်အဓိပ္ပာယ်ကို လုံးတိုင်း ခွန်းတိုင်း သိရအောင်၊ လေးကိစ္စ စလုံးမှာပင် (၁) မိဘဘိုးဘွား ချထားတဲ့ ပါဠိလို အလျင်ဆောင်ရွက်၍၊ (၂) လုံးတိုင်းခွန်းတိုင်း သိပြီး ဝမ်းမြောက်နိုင်ရန် အမိမြန်မာဘာသာနဲ့ ဒုတိယအကြိမ် ဆက်၍ ဆောင်ရွက်ကြရအောင် အားလုံးလိုက်ဆိုကြပါသူတော်ကောင်းတို့။

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ အကျွန်ုပ်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ အကျွန်ုပ်အား (မေတ္တာ ကရုဏာနှစ်ဖြာ ရှေ့ထား၍ သနားစောင့်ရှောက်) ချီးမြှောက်သမှု ပြုတော်မူ၍ သရဏဂုံသီလကို ပေးတော်မူပါကုန် အရှင်ဘုရား။

အရှင်ဘုရား၊ အကျွန်ုပ်သည် နှစ်ကြိမ်မြောက်လည်း သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ အကျွန်ုပ်အား (မေတ္တာ ကရုဏာ နှစ်ဖြာရှေ့ထား သနားစောင့်ရှောက်) ချီးမြှောက်သမှု ပြုတော်မူ၍ သရဏဂုံသီလကို ပေးတော်မူပါကုန် အရှင်ဘုရား။

http://www.dhammadownload.com



အရှင်ဘုရား၊ အကျွန်ုပ်သည် သုံးကြိမ်မြောက်လည်း သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ အကျွန်ုပ်အား (မေတ္တာ ကရုဏာ နှစ်ဖြာရှေ့ထား သနား စောင့်ရှောက်) ချီးမြှောက်သမှု ပြုတော်မူ၍ သရဏဂုံသီလကို ပေးတော်မူပါကုန် အရှင်ဘုရား။

အရှင်ဘုရား၊ အကျွန်ုပ်သည် သုံးကြိမ်မြောက်လည်း သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ အကျွန်ုပ်အား (မေတ္တာ ကရုဏာနှစ်ဖြာ ရှေ့ထားသနားစောင့်ရှောက်) ချီးမြှောက်သမှု ပြုတော်မူ၍ သရဏဂုံသီလကို ပေးတော်မူပါကုန် အရှင်ဘုရား။

အခုလို အမိမြန်မာဘာသာနဲ့ သုံးကြိမ်တောင်းခံလိုက်တော့ မိမိတို့ရဲ့လုပ်ဆောင်ချက် သာသနာ့မှုကိစ္စဟာ ဘယ်လောက် လေးနက်တယ်၊ ဘယ်လောက်ရိုသေတဲ့ သဏ္ဍာန်တွေ ပါတယ်ဆိုတာ ထင်ရှားသွားပါတယ်။ ဝမ်းမြောက်ဝမ်းသာ နှစ်သက်အားရ ပီတိ သောမနဿများလဲ အများကြီး ဖြစ်ပွားကြပါတယ်။

အဲဒီလို သရဏဂုံသီလ ၃ ကြိမ် တောင်းပြီးတဲ့အခါ သီလပေးတဲ့ ကိုယ်တော်က 'ယ မဟံ ဝဒါမိ၊ တံ ဝဒေထ'လို့ ဆိုလိုက်တယ်။ ဒကာဒကာမတွေက 'အာမဘန္တေ'လို့ ဆိုကြတယ်။ ဒါ ဆရာဒကာ ဘာလုပ်ကြတာလဲ'လို့ မေးလျှင် အနက်အဓိပ္ပာယ် နားလည်ထားပါ စေ။ လေးနက်သော အဓိပ္ပာယ် ရှိနေပါတယ်။ ရှိနေပုံမှာ သီလပေးတဲ့ ကိုယ်တော်က 'ဒကာ ဒကာမအပေါင်းတို့၊ သရဏဂုံသီလကို တောင်းခံကြတယ်၊ သရဏဂုံသီလဆိုတာ စားဖွယ်၊ သောက်ဖွယ်၊ ဝတ်ဖွယ်၊ သုံးဖွယ် ပစ္စည်းများလို အထည်ဝတ္ထုဒြပ်နဲ့ကိုင်ပြီး 'ရော့ ယူလေ၊ အဲဒီလို ဝတ္ထုအကောင်အထည်ဒြပ်နဲ့ပေးလို့ ရကောင်းတဲ

http://www.dhammadownload.com



အရာ မဟုတ်ဘူး။ နှုတ်က မြွက်ဆိုပြီး သရဏဂုံသီလကို ဆောက်တည်မှ ရကောင်းတဲ့ ဓမ္မကိစ္စအလုပ်မျိုး ဖြစ်တယ်။ အဲဒီတော့ သရဏဂုံ ဆောက်တည်ပုံ၊ ငါးပါး၊ ရှစ်ပါးသီလခံယူဆောက်တည် ကျင့်သုံးပုံကို ရှေ့ကတိုင်တည် ဆိုပေးမယ်၊ အဲဒီဆိုတဲ့အတိုင်း နောက်က လိုက်ဆိုကြ၊ ဒီအဓိပ္ပာယ်ဖြင့် သီလပေးတဲ့ ကိုယ်တော်က 'ယံ မဟံ ဝဒါမိ၊ တံ ဝဒေထ'လို့ ဆိုလိုက်တော့ ဒကာဒကာမတွေက 'အာမဘန္တေ'။ ဘန္တေ=အရှင်ဘုရား။ အာမ=သာဓု=ကောင်းပါပြီ။ 'ကောင်းပါပြီ။ 'ကောင်းပါပြီ အရှင်ဘုရား'လို့ ဒီလို ဆိုလိုရင်း ဖြစ်တယ်။

ဘုန်းကြီးများဘက်က ပြောတဲ့စကားက နည်းနည်းများနေတော့ ဒကာဒကာမများနားလည်အောင် ပါဠိလိုတစ်ခေါက်၊ မြန်မာပြန် တစ်ခေါက် ဆိုပေးပါ့မယ်။ ဒကာဒကာမများကတော့ 'ငါတို့ဟာဖြင့် ကောင်းပြီအရှင်ဘုရား'လို့ ဆိုလိုတယ်လို့ အနက်ကိုသိပြီး ပကတိ ဆိုနေကျအတိုင်း 'အာမဘန္တေ'လို့ပဲ ဆိုကြပါ။

ယ မဟံ ဝဒါမိ၊ တံ ဝဒေထ။ သာဝဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ ယံ ဝစနံ=အကြင် မြတ်စွာဘုရားအား ရှိခိုးပုံ, သရဏဂုံ ခံယူပုံ, ငါးပါးသီလ ခံယူပုံစကားကို။ အဟံ=ငါသည်။ ဝဒါမိ=ရှေ့က တိုင်တည်ဆိုပေးပါအံ့။ တံ=ထိုစကားကို။ တုမှေ=သင် သူတော်ကောင်းတို့သည်။ ဝဒေထ=အတုလိုက်ကာ ဆိုကြပါလော့။ (အာမဘန္တေ။)

အာမ ဘန္တေ=ဆိုတာ 'ကောင်းပါပြီ' အရှင်ဘုရား'လို့ ဝန်ခံလိုက်တဲ့ စကားဖြစ်တယ်။ ပြီးတော့ ၂-နံပါတ်။ ခါတိုင်းဆိုနေကျအတိုင်းပဲ ဘုရားရှိခိုးကြရအောင်။

http://www.dhammadownload.com



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (ဒကာ ဒကာမများက ဆိုနေကျအတိုင်း သုံးခေါက်ဆိုကြလေ။)

အမေးအမြန်း ထူထပ်တဲ့ လောကကြီးမှာ မေးစရာ ရှိတယ်။ ဘယ်လိုလဲဆိုတော့ 'နေစမ်းပါအုံးဗျာ၊ ခင်ဗျားတို့ ဆရာဒကာမှာ သီလပေးတဲ့ ဆရာတော်က နမောတဿ တစ်ခေါက်သာ ဆိုပါ လျက်ကနဲ့ ခင်ဗျားတို့ ဒကာဒကာမတွေက ဘာပြုလို့ သုံးခေါက် ဆိုရတာလဲ'လို့ မေးစရာ ရှိတယ်။ ဒီလို မေးခဲ့လို့ရှိလျှင် 'မသိပါဘူး ဗျာ၊ ရှေးက လူကြီးတွေက သုံးခေါက်ဆိုခဲ့ကြလို့ ကျွန်တော်တို့လဲ သုံးခေါက်ဆိုကြတာပါပဲ'လို့ အဲဒီလို လျော့လျဲလျဲ ပျော့နဲ့နဲ့ မဖြေ လိုက်ပါနဲ့။ ကျွန်ုပ်တို့ရဲ့ မိဘဘိုးဘွား အဆက်အဆက် လူကြီးများ ဆရာသမားများက သုံးခေါက်ဆိုရိုးပြုခဲ့ကြလို့ ကျွန်တော်တို့လဲ ကျွန်မတို့လဲ သုံးခေါက်ဆိုတယ်'လို့ ရဲရဲတောက် ဖြေကြားလိုက်ပါ။

ဒီတစ်ခါ မေးတဲ့လူက 'ခင်ဗျားတို့ရဲ့ အဆက်အဆက် လူကြီးများ ဆရာသမားများက ဘာကြောင့် သုံးခေါက် ဆိုရိုးပြုခဲ့ကြတာလဲ'လို့ ထပ်မေးပါစေ။ အဲဒီအခါမှာ ဤကဲ့သို့ ရဲရဲတောက် ဖြေလိုက်ပါ။

'ဒီ နမော တဿ ဘုရားရှိခိုးစာပိုဒ်ဟာ ဗုဒ္ဓဘာသာတရား စာပေ နယ်မှာ သူမပါလျှင် မပြီးနိုင်လောက်အောင် အရေးပါအရာရောက်တဲ့ ဘုရားရှိခိုးစာပိုဒ် ဖြစ်ပါတယ်၊ ဘာကိုထောက်၍ သိရသလဲဆိုလျှင် ဗုဒ္ဓဘာသာနဲ့ ပတ်သက်သော တရားစာပေမှန်သမျှ စာအုပ်တိုင်း စာအုပ်တိုင်းမှာ ကြည့်ပါ။ တစ်ဝါးလက်လေးသစ်လောက်ရှိတဲ့ စာအုပ်ကလေးပဲ ဖြစ်ဖြစ်။ လက်နှစ်လုံးသုံးလုံး လေးလုံးထူတဲ့ ဗိနတ္ထ ပကာသနီတို့လို စာအုပ်ကြီးပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာစာပေမှန်သမျှ ပထမဆုံး စာသားမျက်နှာကို လှန်လိုက်လျှင် ဒီ 'နမော တဿ' ဘုရားရှိခိုးစာပိုဒ်ကို အရင်ဆုံး တွေ့ရပါတယ်။ နမော တဿ မပါတဲ့

http://www.dhammadownload.com



ဗုဒ္ဓဘာသာစာပေရယ်လို့ မရှိပါဘူး။ ဤမျှလောက် ဗုဒ္ဓဘာသာ တရားနယ်ပယ်မှာ အရေးပါတယ်ဆိုတာ ဤအချက်တွေကို ထောက်၍ သိရပါတယ်။

'ဘာပြုလို့ ဒါလောက်အရေးပါ အရာရောက်ရသလဲ'လို့ တစ်ခါ ထပ်ပြီး စဉ်းစားကြည့်ပြန်လျှင် ဤနမောတဿ ဘုရားရှိခိုးစာပိုဒ်မှာ သဒ္ဒါသဘောနဲ့ကြည့်လျှင် **နမော**က တစ်ပုဒ်၊ **တဿ**က တစ်ပုဒ်၊ **ဘဂဝတော**က တစ်ပုဒ်၊ **အရဟတော**က တစ်ပုဒ်၊ **သမ္မာသမ္ဗုဒ္ဓဿ**က တစ်ပုဒ်၊ ဒီလို ၅ ပုဒ်ရှိတဲ့ စာတစ်ပုဒ်မှာ ငုံထားလိုက်တဲ့ ဂုဏ်တော်က ဘဂဝါဂုဏ်၊ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကြီးသုံးပါးကို ငုံပြီးတော့ ချီးမွမ်းပြီးတော့ ဘုရားကို ရှိခိုးတဲ့ စာပိုဒ်ဖြစ်တယ်။ ထိုစာပိုဒ်ကို ဆရာသမားထံ ချနက် အနက်ပြန်ဆိုလျှင် ဟောဒီလို အနက်ပြန်ဆိုတာကို တွေ့ရ လိမ့်မယ်။

'ဘဂဝတော=ဘဂဝါဂုဏ်ရှင် ဖြစ်တော်မူထသော။ အရဟတော =အရဟံဂုဏ်ရှင် ဖြစ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓဿ=သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် ဖြစ်တော်မူထသော။ တဿ=ထိုမြတ်စွာဘုရားအား။ နမော= ရိုသေမြတ်နိုး အကျွန်ုပ် ရှိခိုးပါ၏'။

စာပိုဒ်တိုတိုနဲ့ ဘယ်လောက် အဓိပ္ပာယ် လေးနက်သော ဘုရား ရှိခိုး ဖြစ်တယ်ဆိုတာ ဒီလိုအနက် မြန်မာပြန် ဆိုကြည့်လိုက်လျှင် ပိုသိတယ်။ ယခုလို 'ဘဂဝတော=ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူ ထသော'လို့ အနက် မြန်မာပြန်ဆိုတာဟာ သိလွယ်အောင် နာမသတ် အနက်ပြန်ဆိုတယ် လို့ ခေါ်ပါတယ်။ အေး ...၊ မိမိတို့ နောက်လဲပဲ 'ဘဂဝါဂုဏ်ဆိုတာ ဘာခေါ်တယ်၊ အရဟံဂုဏ်ဆိုတာ ဘာခေါ်တယ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ဆိုတာ ဘာခေါ်တယ်' ဆိုတာ သိရပါလိမ့်မယ်။

http://www.dhammadownload.com



အဲဒီလို နာမသက် အနက်ပေးကြည့်လိုက်တော့ 'ဩ ဒီစာပိုဒ်ဟာ မြတ်စွာဘုရား၏ ဘဂဝါဂုဏ်၊ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဒီဂုဏ်တော်ကြီး သုံးပါးဖြင့် ချီးကျူးပြီးတော့ ဘုရားကို ရှိခိုးတဲ့ စာပိုဒ်ပါလား'လို့ အဲဒီလို သဒ္ဓါတရားတွေ ပိုပြီးတော့ ဖြစ်လာလိမ့်မယ်။

အဲဒီလို စာပိုဒ်က တိုပေမယ်လို့ ဂုဏ်တော်ကြီး သုံးပါးနဲ့ ဘုရားကို ရှိခိုးတဲ့ စာပိုဒ်ဖြစ်လို့၊ ဘုရားလက်ထက်တော်တုန်းက သိကြားနတ်မင်း၊ သဟမ္ပတိဗြဟ္မာမင်း၊ လူ့ပြည်က ဗိမ္ဗိသာရမင်း၊ ပသေနဒီကောသလမင်းတို့၊ ပုဏ္ဏားပညာရှိ ဖြစ်ကြတဲ့ ဗြဟ္မာယုပုဏ္ဏား၊ ပေါက္ခရသာတိပုဏ္ဏား၊ ဇာဏုသောဏိပုဏ္ဏားတို့ဟာ ဘုရားထံမှာ ဒီ နမောတဿဖြင့် သုံးကြိမ်တိုင်တိုင် တမြတ်တနိုး ဘုရားရှိခိုးကြတယ်။ အားလုံးကြားဖူး၊ သိဖူးကြတဲ့အတိုင်း ဘုရားလက်ထက်တော်တုန်းက ဓနဉ္စာနီ အရိယာ ပုဏ္ဏေးမကြီးဟာ ဘယ်အန္တရာယ်ကိုမှ မရေမတွက်ဘဲ ဒီ နမောတဿ ဘုရားရှိခိုးနဲ့ သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရားကို ရှိခိုးခဲ့တယ်။ ဒါကြောင့် ဤကဲ့သို့ ဖြေလိုက်ပါ။

'ဤ နမောတဿ ဘုရားရှိခိုး စာပိုဒ်သည် လူပညာရှိ၊ နတ်ပညာရှိ၊ ဗြဟ္မာပညာရှိတို့က တမြတ်တနိုး ဘုရားရှိခိုးတဲ့ စာပိုဒ်ဖြစ်လို့ ကျွန်ုပ်တို့ရဲ့ မိ–ဘ၊ ဘိုး–ဘွား၊ အထက်အထက်လူကြီးများ၊ ဆရာသမားများက သုံးခေါက်ဆိုရိုးပြုခဲ့ကြပါတယ်' လို့ ရဲရဲကြီးဖြေလိုက်ကြပါ။ မိမိတို့ ကိုယ်တိုင်လဲပဲ မြတ်နိုးလောက်တဲ့ ဘုရားရှိခိုးမှန်း သိရအောင် ယခုတဖန် မြန်မာဘာသာသက်သက်ဖြင့် ဒီနမောတဿ ဘုရားရှိခိုး စာပိုဒ်အရ ဘုရားရှိခိုးရအောင် လိုက်ဆိုကြပါ။

အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင်၊ အရဟံဂုဏ်ရှင်၊ ဖြစ်တော်မူသော မြတ်စွာဘုရားအား ရိုသေမြတ်နိုး ရှိခိုးပါ၏။

http://www.dhammadownload.com



အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင်, အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုး ပါ၏။

အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင်, အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏။

ကဲ ... ဒီလိုဆိုတော့ လုံးတိုင်း ခွန်းတိုင်း အနက်အဓိပ္ပာယ် သိပြီး တိဟိတ်ဉက္ကဋ္ဌ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့ဖြင့် မြတ်စွာဘုရားကို တမြတ်တနိုး မိမိတို့ ရှိခိုးပြီးကြပြီ။ ထို့အတူ ၃ နံပါတ် ကိစ္စဖြစ်တဲ့ သရဏဂုံခံယူတဲ့ နေရာမှာလဲပဲ ပါဠိလို တစ်ခေါက်၊ မြန်မာလို တစ်ခေါက် ဝမ်းမြောက်နှစ်လို ကြည်ညိုစွာ သရဏဂုံ ဆောက်တည်ကြရအောင် သူတော်ကောင်းတို့ ...၊ ခါတိုင်း ဆိုနေကျ မိ–ဘ၊ ဘိုး–ဘေး ပေးတဲ့မူကိုလဲပဲ လက်မလွှတ်ကြနဲ့၊ ကိုင်း ... လိုက်ဆိုကြ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။

အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါ၏၊ သိမှတ်ပါ၏။

http://www.dhammadownload.com



တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

အကျွန်ုပ်သည် နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

နှစ်ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

နှစ်ကြိမ်မြောက်လည်း သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

အကျွန်ုပ်သည် သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

သုံးကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

သုံးကြိမ်မြောက်လည်း သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

ကဲ ... ဒီလို ဆိုလိုက်ရတော့ မိမိတို့ စိတ်ထဲမှာ တဝကြီး သရဏဂုံကို လုံးတိုင်း ခွန်းတိုင်း သိပြီးတော့ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စိတ္တုပ္ပါဒ်တို့ဖြင့် သရဏဂုံ ခံယူပြီးကြပြီ။ ပကတိအခါ ပါဠိလို သရဏဂုံ ခံယူပြီးတော့ သီလပေးတဲ့ ကိုယ်တော်က 'သရဏဂမနံ ပရိပုဏ္ဏံ'လို့ ဆိုလိုက်တဲ့အခါ ဒကာဒကာမတွေက အာမဘန္တေလို့ ဆိုကြတယ်။ 'ဆရာဒကာ ဘာလုပ်ကြတာလဲ'လို့ မေးလျှင် ဖြေတတ်ပြောတတ်ကြပါစေ။ ဘာဆိုလိုသလဲဆိုတော့ သီလပေးတဲ့ ကိုယ်တော်က 'ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့၊ သရဏဂုံ ပြည့်စုံကြပြီလား၊ ကျေနပ်ကြပြီလား'လို့ ဒီလိုမေးလိုက်တယ်။ ဒကာ

http://www.dhammadownload.com



ဒကာမတွေက 'အာမဘန္တေ=ပြည့်စုံပါပြီ၊ ကျေနပ်ပါပြီ အရှင်ဘုရား' ဒီအဓိပ္ပာယ်နဲ့ ဆရာဒကာ ပါဠိလို ပြောနေကြတာ ဖြစ်တယ်။ အဲဒီတော့ ဘုန်းကြီးများဘက်က ထည့်တဲ့ပုဒ်တွေနဲ့ ဆိုတော့ နည်းနည်းများလို့ ပါဠိလို တစ်ခေါက်၊ မြန်မာလိုတစ်ခေါက် ဆိုပါ့မယ်။ ဒကာဒကာမများကတော့ 'ပြည့်စုံပါပြီ အရှင်ဘုရား'လို့ ငါတို့ ဆိုလိုတယ်လို့ အောက်မေ့ကြပြီး နဂိုဆိုနေကျအတိုင်း 'အာမဘန္တေ'လို့ပဲ ဆိုကြပါလေ။

သရဏဂမနံ ပရိပုဏ္ဏံ။

သာဓဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့ ...။ သရဏဂမနံ=သရဏဂုံသည် (ဝါ–သရဏဂုံ ခံယူမှုသည်)။ ပရိပုဏ္ဏံ=ပြည့်ပြီလော။

(အာမဘန္တေ)

[အေး၊ ဆရာဒကာ မေးကြဖြေကြတယ်ဆိုတာ သိသာထင်ရှားပြီ။]

၄–နံပါတ်ဖြစ်တဲ့ ငါးပါးသော သိက္ခာပုဒ်သီလများကို ဆောက်တည်ကြရအောင်။ ဤတွင် 'သိက္ခာပုဒ်'ဆိုတဲ့ စကားကို နားလည်ဖို့ မလွယ်ဘူးနော်။ အေး ...၊ ဆိုကြပါစို့၊ သိက္ခာပုဒ်ဆိုတဲ့ စကားက သိက္ခာပဒဟူသော ပါဠိကို ဒထွေးပေါ်မှာ အသတ်သတ်လိုက်ပြီးတော့ ပစောက်အောက်က ရွတ်ဆိုလို့ ကောင်းအောင် (ဝါစာသိလိဋ္ဌ ဖြစ်အောင် တစ်ချောင်းငင်) ဥသရတပ်ပြီး 'သိက္ခာပုဒ်'လို့ မြန်မာလို ခေါ်လိုက်ခြင်း ဖြစ်ပါတယ်။ ဘာဆိုလိုတယ်လို့ လူတွေ ဘယ်မှာ သိဖြစ်မှာတုန်း၊ သိလို့မဖြစ်ဘူး၊ ဒါဟာလူတွေရဲ့အပြစ် မဟုတ်ပါဘူး၊ သဘာဝအားဖြင့် စကားကိုက နက်နဲစေတဲ့ စကားဖြစ်ပါတယ်။

ဤတွင် သိက္ခာပဒဆိုတော့ ပါဠိမှာ သိက္ခာဆိုတာက ကျင့်အပ်သော တရား၊ တို့တတွေ ကျင့်ရမည့် တရားလို့ ဆိုလိုပါတယ်။

http://www.dhammadownload.com



မိမိတို့ ကျင့်ရမယ့်တရားကို ပါဠိလို သိက္ခာလို့ ခေါ်တယ်။ ထိုကျင့်ရမယ့် တရားက သီလရယ်, သမာဓိရယ်, ပညာရယ်လို့ သုံးပါးသုံးမျိုး ရှိတယ်။ ဒါကြောင့် သီလ သိက္ခာ=သီလတည်းဟူသော ကျင့်ရမယ့် တရား၊ သမာဓိသိက္ခာ= သမာဓိတည်းဟူသော ကျင့်ရမယ့်တရား၊ ပညာသိက္ခာ=ပညာတည်းဟူသော ကျင့်ရမယ့်တရားလို့ သိက္ခာ သုံးပါး၊ ကျင့်ရမယ့်တရား သုံးပါးရှိတယ်။

ယင်းသုံးပါးတို့အနက် သီလသိက္ခာတည်းဟူသော ကျင့်ရမယ့် တရားကို မကျင့်ဘဲ ကျော်ပြီးတော့ သမာဓိနဲ့ ပညာကို ပွားများ အားထုတ်လို့ ဘယ်နည်းနှင့်မှ မအောင်မြင်နိုင်ဘူး။ သီလသည် မြေကြီးနှင့် တူတယ်၊ ခပ်သိမ်းသော အမျိုးကိုစ္စတို့ကို မြေပေါ်၌ ကြံ့ကြံ့ ရပ်တည်ပြီး ပြုလုပ်ရမှ အောင်မြင်နိုင်တာလို သီလတည်းဟူသော မြေပေါ်၌ ကြံ့ကြံ့တည်ပြီး သမာဓိနှင့် ပညာကို ပွားများမှ အောင် မြင်နိုင်တယ်။ အေး ... ဒါကြောင့် သီလသိက္ခာသည် အထက်ဖြစ် သော သမာဓိ–ပညာ သိက္ခာနှစ်ပါး၏ (ပဒ) အခြေခံအကြောင်းရင်း ဖြစ်တယ်။ အေး ... ဒါကြောင့် သီလကို ပါဠိလို သိက္ခာပဒ၊ မြန်မာလို သိက္ခာပုဒ်လို့ ခေါ်ရတယ်။ အဓိပ္ပာယ်ထပ်ပြောစမ်းပါအုံးဆိုလျှင် 'သိက္ခာပုဒ်ဆိုတာ အထက်ဖြစ်သော သမာဓိ–ပညာ သိက္ခာနှစ်ပါးတို့ ပြည့်စုံရန် အခြေခံ အကြောင်းရင်းဖြစ်တဲ့ သီလ'လို့ ဆိုလိုတယ်။ ဒါကြောင့် မိမိတို့ ဆိုမယ့် 'သိက္ခာပုဒ်ဆိုသော စကားသည် ဤမျှ လေးနက်သော အဓိပ္ပာယ်ရှိပါတကား'လို့ သိပြီးတော့ ငါးပါးသော သိက္ခာပုဒ် သီလများကို တစ်ပါးတစ်ပါးလျှင် ပါဠိလို တစ်ခေါက်၊ မြန်မာလိုတစ်ခေါက် အနက်အဓိပ္ပာယ်ကိုသိပြီး နှစ်ခေါက်စီ နှစ်ခေါက်စီ ဆောက်တည်ခံယူ ကျင့်သုံးကြရအောင် သူတော်ကောင်း တို့ ... လိုက်၍ ဆိုကြပါ။

http://www.dhammadownload.com



ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အကျွန်ုပ်သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏။ ကျင့်သုံးပါ၏။

အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အကျွန်ုပ်သည် အရှင်မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏။ ကျင့်သုံးပါ၏။

ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အကျွန်ုပ်သည် အဂမနီယ ဝတ္ထုကာမ မလားရောက်ရမည့် သူ သူမတို့၌ ဖောက်ဖောက်ပြားပြား ကျင့်မှားခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ ၏၊ ခံယူပါ၏။ ကျင့်သုံးပါ၏။

မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အကျွန်ုပ်သည် လိမ်လည်လှည့်ဖြား မုသားစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏။ ကျင့်သုံးပါ၏။

သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အကျွန်ုပ်သည် ယစ်မူးကြောင်း၊ မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း တည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏။ ကျင့်သုံးပါ၏။

အေး ... ဒီလို ပါဠိတစ်ခေါက် မြန်မာတစ်ခေါက် ဆောက်တည်လိုက်ကြတော့ ကလေးများတောင်မှ အနက်အဓိပ္ပာယ်ကို သိသွားကြပြီ။ သူတို့တတွေ နှစ်နှစ်သက်သက် ဝမ်းပမ်းတသာ ဆိုနေကြတယ်။

http://www.dhammadownload.com



ဩ ... တို့သူငါ ဒီလိုဆိုတာဟာ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်မယ်လို့ ဆိုတာ၊ သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်မယ်လို့ ဆိုတာဟဲ့' လို့ သူတို့တတွေပါ သိပြီး ဝမ်းမြောက်ဝမ်းသာ လိုက်ဆိုနေကြပြီ။ ဒီတော့ မိမိတို့ရဲ့ လုပ်ဆောင်ချက်သည် မည်မျှလေးနက်၍ တန်ဖိုးရှိတယ်ဆိုတာ မိမိတို့ သိကြရပြီ။ အဲဒီလို သိက္ခာပုဒ် ၅ ပါး၊ ရှစ်ပါးသီလ ခံယူကြတဲ့အခါ၊ သိက္ခာပုဒ်ရှစ်ပါးတို့ကို ခံယူပြီးကြတဲ့အခါ သီလပေးတဲ့ ကိုယ်တော်က 'တိသရဏေန သဟ ပဥ္စင်္ဂသီလာနိ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ'လို့ ဆိုလိုက်တဲ့အခါ ဒကာဒကာမတွေက 'အာမဘန္တေ' လို့ တညီတညွတ်တည်း ဆိုကြတယ်။ ဆရာဒကာ ပါဠိလို ပြောဆိုနေကြတယ်။ ဒီတော့ ဘာကိုဆိုလိုသလဲလို့ အနက်အဓိပ္ပာယ်ကို သိရအောင် ဘုန်းကြီးက ပါဠိတစ်ချက်၊ မြန်မာတစ်ချက် တွဲဖက်၍ ဆိုပေးပါ့မယ်။ ဒကာဒကာမများကတော့ 'ကောင်းပါပြီ အရှင်ဘုရား' ...လို့ ငါတို့ ဆိုလိုသဟဲ့လို့ မိမိတို့ပြောတဲ့ ပါဠိစကားရဲ့ မြန်မာပြန်ကို သိပြီး ပကတိဆိုနေကျအတိုင်း 'အာမဘန္တေ' လို့ပဲ သုံးကြပါလေ။

သာဓဝေါ=နှလုံးပျော့ပျောင်းသူတော်ကောင်းတို့ ...။ တုမှေ=သင်သူတော်ကောင်းတို့သည်။ တိသရဏေန=သရဏဂုံသုံးပါးနှင့်၊ သဟ=တကွ။ ပဥ္စင်္ဂသီလာနိ=အင်္ဂါငါးပါးရှိသော အရိယာသူမြတ်တို့ နှစ်သက်အပ်သော အရိယကန္တ သီလတို့ကို။ သာဓုကံ ကတွာ=မြဲမြံစွာ ပြု၍။ အပ္ပမာဒေန=မမေ့မလျော့ မဖော့မတန် ထက်သန်သော အသိတရားဖြင့်။ သမ္ပာဒေထ=မကျိုးမပေါက် မကျားမပြောက်ရအောင် ထိန်းသိမ်းစောင့်ရှောက် ပြည့်စုံကြပါစေကုန်လော။ ။

(အာမ ဘန္တေ)

သီလပေး အကျယ်ပြီး၏။

http://www.dhammadownload.com



## ၁၃၄၁-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ အသံလွှင့် ဟောပြောချက် အောင်ပဏာမနှင့် အောင်ဆုတောင်း

ဇယော ယံ စက္ကပါဒဿ၊
နမော တေ ပုရိသုတ္တမ။
ဇယံ နော တွံ ပဂ္ဂဏှာဿု၊
ယာဝ နိဗ္ဗာနပတ္တိယာ ။ ။

ပုရိသုတ္တမ=ဗောဓိဆုကြီး ရွယ်တိုင်းပြီးအောင် ရာမိုးပြုလုပ် ကြိုးအားထုတ်၍ ပုရိသုတ္တမ နာမထင်ရှား ရှင်တော်မြတ်ဘုရား။ အယံ= အကနိဋ္ဌ မိုးမှုဗြဟ္မာ အရိယာတို့ မင်္ဂလာသျှန်ိ အောင်ခွန်းချီသည့် ဤအခါကာလ ဤသမယသည်ကား။ စက္ကပါဒဿ=ငါးပါးမာရ်ညွှန့် ရန်အဝန့်ကို မရွံ့မထိတ် ခြသေ့်စိတ်ဖြင့် နင်းနိုပ်အံ့ငှာ အသင့်ပါသား တစ်ရာ့ရှစ်ကွက် ပြိုးပြိုးပြက်သည့် စက်တော်ခွေရံ ခြေတော်စုံရှိတော်မူသော။ တေ=ရှင်တော်ဘုရား၏။ ဇယော=ဇာတိခေတ်ပေါင်း တိုက်တစ်သောင်းဝယ် ရိုက်ညှောင်းခြိမ့်ညံ အောင်ပွဲခံသောအခါပါ ဘုရား။ တေ=ရှင်တော်ဘုရားအား။ နမော=ငါးပါးမာရ်ဟုန် အောင်မြင်ပုံကို အာရုံရှေ့သွား အဦးထား၍ ဝပ်တွားရိုးကျိုး ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ တွံ=ရှင်တော်ဘုရားသည်။ နော=ဗုဒ္ဓနေ့ပူဇာ မင်္ဂလာကို သဒ္ဓါရေးပြေး ပြုအံ့ရေးဖြင့် စည်းဝေးညီမူကြပါကုန်သော တပည့်တော်တို့အား။ ယာဝ နိဗ္ဗာန ပတ္တိယာ=နိဗ္ဗာန်ဟူသည် ဘေးမဲ့ပြည်သို့ ကိုယ်စိတ်ကိုယ်င ရောက်ဆိုက်ကြသည့် ကာလတိုင်အောင်။ ဇယံ= ဘေးဒဏ်ရန်စွယ် အန္တရာယ်ကို လှန်ပယ်နှင်မောင်း အောင်မြင်

http://www.dhammadownload.com



ကြောင်း ဟု တောင်းသမျှ အောင်ဆုအစုစုကို။ ပဂ္ဂဏှာသု=ရွယ်တိုင်း မဖောက် ခရီးရောက်အောင် ချီးမြှောက်သောအား သနားဖြန့်ပေး တော်မူပါ အရှင်ဘုရား။

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂ ဂဏာ မဟေသိနော။
ဇယံ တဒါ သုပဏ္ဏဂဏာ မဟေသိနော။
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော။

အယံ=အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေပြင် လျှင် သံရှင်ရင့်ကျူး ဤခါထူးသည်ကား။ သိရီမတော=စက္ကဝါဠ ဤလောကဝယ် ရှိသမျှဥဿုံ ကောင်းသိရ်ဂုဏ်ကို နှိုင်းပုံယှဉ်စေ မတူ ပေသား ကျက်သရေတော်ပေါင်း စုအောင်းကိန်းပျော်ရာ ဖြစ်တော်မူ ပေထသော။ ဗုဒ္ဓဿ=သစ္စာ, ဧ ယျ ဟူသမျှကို မြူစမကျန် သဗ္ဗည် ဉာဏ်ဖြင့် အမှန်ထိုးထွင်းအလင်းသိမြင် ဘုရားရှင် ကိုယ်တော်မြတ် ကြီး၏။ ဇယော=လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ကောင်းတင်း ခြိမ့်ညံ အောင်ပွဲတော် ခံသောအခါပါတည်း။ ပါပိမတော=ယုတ်မာ ညစ်ညမ်း ပညာကန်း၍ အန္ဓစင်စစ် ဇကန်ဖြစ်သော။ မာရဿ စ= ဗောဓိမကိုင်၌ ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် တပ်ကြီးချီ၍ ရုစ်ဒီ ငြိမ့်ညောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်းတိုက်ခိုက်လာသော မာရ် နတ်သား၏ကား။ ပရာဇယော=ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက်သို့ ပြန်ကျုံ့ ရန်စားမြို့ကို မတုံ့နိုင်ဘဲ ဗုန်းဗုန်းလဲ၍ စစ်ပွဲကြီး

http://www.dhammadownload.com



ရှုံးရသောအခါပါတည်း။ ဣတိ=ဤသို့။ တဒါ=ထို မဟာသက္ကရာဇ် ရာ့သုံးနှစ်ကြုံ ကဆုန်လပြည့် မာရ်အောင်သည့်နေ့၌။ ဗောဓိမဏ္ဍေ= သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်မြေ ပလ္လင် ဖွေ့၌။ ပမောဒိတာ=နှစ်သက်အားရမ်း ရွှင်လန်းဝမ်းမြောက်ကြကုန် သော ...

(က) နာဂ ဂဏာ=နတ်နဂါးအပေါင်းတို့သည်။

(ခ) သုပဏ္ဏဂဏာ=ဂဠုန်မင်းအပေါင်းတို့သည်။

(ဂ) ဒေဝဂဏာ=ဥပပတ္တိနတ်အပေါင်းတို့သည်။

(ဃ) ဗြဟ္မဂဏာ=ဗြဟ္မာမင်းအပေါင်းတို့သည်။

မဟေသိနော=သီလက္ခန္ဓစသည့် ကျေးဇူးဂုဏ်အထူးကို ဆည်းပူး ရှာမှီး လေ့ကျင့်တော်မူပြီးသော မြတ်စွာဘုရား၏။ ဇယံ=ကောင်း တင်း ခြိမ့်ညံအောင်ပွဲသံကို။ ဥဂ္ဃောသယုံ=စက္ကဝါတိုက် သောင်းလုံး ခိုက်အောင် ကျူးရိုက်ထွေငေါ် ကြွေးကြော်ကြလေကုန်ပြီတကား။

## ကဆုန်လပြည့် ဗုဒ္ဓနေ့

ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့၊ နှစ်စဉ် နှစ်စဉ် ဤယခု ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟူ၍ ဗုဒ္ဓဘာသာဝင်သူတော်စင် တို့ အလေးပြုကော်ရော် ပူဇော်ပွဲကြီးများ ကျင်းပပူဇော်ကြလေသည်။ အကြောင်းသော်ကား–အကျွန်ုပ်တို့၏ဆရာ အစိန္တေယျ သုံးလောက ထွတ်ထား မြတ်စွာဘုရားသည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့် ငါးရာခြောက်ဆယ့်ခုနစ်နှစ်၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန် လပြည့်နေ့၌ ရှေ့ဆိုအပ်ပြီးသောအတိုင်း စကြဝဠာတိုက်တစ်သောင်း မှ နတ်အပေါင်း, ဗြဟ္မာအပေါင်း, ဂဠုန်အပေါင်း, နဂါးနတ်အပေါင်း

http://www.dhammadownload.com



တို့ ကောင်းတင်းမြွက်ကြား ဘုရားအဖြစ်သို့ ရောက်တော်မူသော ကြောင့် ဖြစ်လေသည်။ မှန်ပါသည်။ အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကြာ ကျင့်သုံးတော်မူပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နေဝင်လုဆဲဆဲအချိန်မှာ ဒေဝပုတ္တ မာရ်ဟု ခေါ်ဆိုအပ်သော ဝသဝတ္တီ မာရ်နတ်စစ်သည်တို့ကို အောင်မြင်တော်မူပြီးနောက် ညဥ့်ဦးယံ အချိန်ဝယ် ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေးကဖြစ်ဖူးသော ဘဝအမျိုးမျိုးတို့ကို အနုလုံ ပဋိလုံ အစုန်အဆန် အဖန်ဖန် အောက်မေ့ဆင်ခြင် သိမြင်တော်မူပြီးနောက် ညဥ့်၏အလယ်ပိုင်း သန်းခေါင်ယံသို့ ရောက်သောအခါ ဒိဗ္ဗစက္ခုအဘိဉာဏ်ဖြင့် ဤစကြဝဠာကို ဗဟိုထား၍ ပတ်ဝန်းကျင်စကြဝဠာတိုက်တို့ကို ကြည့်ရှုတော်မူ၍ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်း၌ရှိသော သတ္တဝါတို့ကို ကြည့်ရှုသိမြင် ဆင်ခြင်တော်မူပြီး ဖြစ်လေသည်။ ထို့နောက် မိုးသောက်ယံခေါ်သော ညဥ့်၏နောက်ပိုင်းသို့ ရောက်သောအခါ ကိုယ်တော်မြတ် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူခဲ့ပြီးသော စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်း၌ရှိကြသော သတ္တဝါတို့ကို သတ္တပညတ်ကို ခွာ၍ ပရမတ္ထ သဘာဝဓမ္မ ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် သုံးသပ်ဆင်ခြင်တော်မူလေသည်။ ထိုသို့ ဆင်ခြင်တော်မူသောအခါ စကြဝဠာတိုက်တစ်တိုက်လျှင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးစီ ပရမတ္ထတရားသား ရရှိသိမြင်တော်မူပြီးနောက် ... ထိုပဋိစ္စသမုပ္ပါဒ် ၁၂ ပါး အရှုခံ တရားသားတို့ကို တစ်ပါးတစ်ပါးလျှင် အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးချက်စီ လက္ခဏာယာဉ်တင်၍ ဆင်ခြင်သုံးသပ်တော်မူလေသည်။ တရား တစ်ပါးတစ်ပါးကိုမျှ ပေယျာလကန် မခြွင်းမချန်ဘဲ ဆင်ခြင်သုံးသပ်တော်မူလေသည်။

http://www.dhammadownload.com



## မဟာဝဇိရ ဝိပဿနာဉာဏ်
## ကုဋ္ဌေသုံးသန်းခြောက်သိန်း

ထိုသို့ ဆင်ခြင်သုံးသပ်တော်မူရာ၌ စကြဝဠာတိုက် တစ်တိုက် တစ်တိုက်လျှင် ပဋိစ္စသမုပ္ပါဒ် အရှုခံတရားပေါင်း ၁၂ ပါးစီ ၁၂ ပါးစီ ရှိသောကြောင့် စကြဝဠာတိုက် ကုဋ္ဌေတစ်သိန်းအတွက် အဝိဇ္ဇာပေါင်း ကုဋ္ဌေတစ်သိန်း၊ သင်္ခါရပေါင်း ကုဋ္ဌေတစ်သိန်း၊ ဝိညာဉ်ပေါင်း ကုဋ္ဌေတစ်သိန်း၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏပေါင်း ကုဋ္ဌေတစ်သိန်း ဖြစ်ရကား အရှုခံတရားပေါင်း ကုဋ္ဌေတစ်သန်း နှစ်သိန်း ဖြစ်လေသည်။ ထိုအရှုခံတရားပေါင်း တစ်သန်းနှစ်သိန်းတို့အနက် တစ်ပါးတစ်ပါး၌ အနိစ္စဟူ၍ ရှုသောဉာဏ်၊ ဒုက္ခဟူ၍ ရှုသောဉာဏ်၊ အနတ္တဟူ၍ ရှုသောဉာဏ်အားဖြင့် သုံးပါးစီ သုံးပါးစီ ဝိပဿနာတို့ဖြစ်ရကား အရှုခံတရား ကုဋ္ဌေတစ်သန်းနှစ်သိန်းတို့အတွက် အနိစ္စဟူ၍ ရှုသောဉာဏ်၊ ကုဋ္ဌေတစ်သန်းနှစ်သိန်း၊ ဒုက္ခဟူ၍ ရှုသောဉာဏ် ကုဋ္ဌေတစ်သန်းနှစ်သိန်း၊ အနတ္တဟူ၍ ရှုသောဉာဏ် ကုဋ္ဌေတစ်သန်းနှစ်သိန်းဖြစ်၍ သုံးရပ်ပေါင်း မဟာဝဇိရ ဝိပဿနာဉာဏ် ကုဋ္ဌေသုံးသန်းခြောက်သိန်း ဖြစ်လေသည်။

အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား အလောင်းတော်သည် ဆိုခဲ့ပြီးသောအတိုင်း ကုဋ္ဌေသုံးသန်းခြောက်သိန်း အရေအတွက်ရှိသော မဟာဝဇိရ ဝိပဿနာဉာဏ်တော်ဖြင့် (၀၊) စကြဝဠာတိုက်ပေါင်း ကုဋ္ဌေတစ်သိန်း၌ရှိသော ပဋိစ္စသမုပ္ပာဒ် အရှုခံ တရားသား ကုဋ္ဌေတစ်သန်းနှစ်သိန်းတို့ကို တရားတစ်ပါးကိုမှ ပေယျာလကန် မချွင်း မချန်ဘဲ အနိစ္စဟူ၍ ဒုက္ခဟူ၍ အနတ္တဟူ၍ ရှုတော်မူ၊ ဆင်ခြင်

http://www.dhammadownload.com



သုံးသပ်တော်မူသည့်အတွက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ ကုန်အံ့ဆဲဆဲ (လပြည့်ကျော် တစ်ရက်နေ့သို့ ကူးအံ့ဆဲဆဲ) အရှေ့လောကဓာတ်မှ နေအရုဏ်စက် တက်လတ်သော အချိန်အခါဝယ် သဗ္ဗညုတဉာဏ် အထွတ်တပ်သော မဂ်ဉာဏ်လေးပါးတည်းဟူသော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ ရောက်တော်မူ၍ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့ပါသည်။

သို့ရကား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဤကဆုန်လပြည့်နေ့ကို ဗုဒ္ဓမြတ်စွာ ဖြစ်ပွင့်တော်မူရာ နေ့ဖြစ်သောကြောင့် 'ဗုဒ္ဓနေ့'ဟူ၍ ရက်ထူးရက်မြတ် သတ်မှတ်ကြပြီးလျှင် နှစ်စဉ်နှစ်စဉ် ဤဗုဒ္ဓနေ့သို့ ရောက်တိုင်းရောက်တိုင်း ဥပုသ်သီတင်း ဆောက်တည် ကျင့်သုံးခြင်း၊ ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိပင်၌ ရေစင်ရေချမ်း သွန်းဖျန်းကော်ရော် ပူဇော်ခြင်းအမှု ဒါနအထူးပြုခြင်း စသည်ဖြင့် ကုသိုလ်တရား အထူးပွားများကြကာ ဗုဒ္ဓမြတ်စွာအား ပူဇာဒါနအမှု ပြုကြလေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့၊ ကဆုန်လပြည့်နေ့ကား

(၁) ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ နေ့ထူးနေ့မြတ် ဖြစ်သည်သာ မကသေး၊

(၂) အကျွန်ုပ်တို့၏ ဘုရားအလောင်းသည် သုမေဓာ ရှင်ရသေ့ဘဝ ဒီပင်္ကရာ မြတ်စွာဘုရား အထံတော်၌ 'ဘုရားစင်စစ် ဖြစ်လိမ့်မည်'ဟု ဗျာဒိတ်ခံသော နေ့သည်လည်း ကဆုန်လပြည့်နေ့ပင် ဖြစ်လေသည်။

http://www.dhammadownload.com



(၃) နောက်ဆုံးဘုရားဖြစ်မည့် သိဒ္ဓတ္ထမင်းသားဘဝ ဖွားမြင်ရာနေ့သည်လည်း မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့်နေ့ပင် ဖြစ်လေသည်။

(၄) ပရိနိဗ္ဗာန် စံတော်မူရာနေ့သည်လည်း မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ပင် ဖြစ်လေသည်။

ဤသို့လျှင် ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားရှင်နှင့် ပတ်သက်၍

(၁) ဗျာဒိတ်ခံရာနေ့

(၂) ဖွားမြင်တော်မူရာနေ့

(၃) ဘုရားဖြစ်ရာနေ့

(၄) ပရိနိဗ္ဗာန်စံတော်မူရာနေ့ ဟူ၍ ၄ မျိုး ကြုံသောနေ့ဟု အထူးမှတ်သား ဗဟုသုတ ပွားများကြကုန်ရာသည်။

## အနေကဇာတိသံသာရံ ဂါထာ ကျူးရင့်တော်မူခြင်း

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့၊ အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် ဆိုခဲ့ပြီးသောအတိုင်း လူသုံးပါး၌ ဘုရားဖြစ်တော်မူလျှင်ပင် လွန်စွာနှစ်သက်အားရ ရှိတော်မူလှသဖြင့် ပီတိအဟုန်ကို မြို၍မထားနိုင်ဘဲ စိတ်တော်ဖြင့် 'အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ' အစရှိသော နှစ်ဂါထာခွဲကို ကျူးရင့်တော်မူလေသည်။ ဤနိဒါန်းကို စိတ်ဖြင့် ကျူးရင့်တော်မူခြင်းဖြစ်၍ **မနသာဥဒါန်း** ဟူ၍လည်းကောင်း၊ ဘုရားဖြစ်ပြီးလျှင် ပြီးခြင်း **အစဆုံး** (စိတ်တော်ဖြင့်) မြွက်ဆိုသော စကားဖြစ်၍ **ပဌမဗုဒ္ဓဝစန** ဟူ၍ လည်းကောင်း ခေါ်ဆိုရလေသည်။

http://www.dhammadownload.com



## အဘိသေက မင်္ဂလာသုံးမျိုး

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့၊ ဤ 'အနေကဇာတိသံသာရံ' ဂါထာနှင့်စပ်၍ အဘိသေက မင်္ဂလာသုံးမျိုးတို့ကို ဗဟုသုတပွား မှတ်သားကုန်ရာသည်။ အဘိသေက မင်္ဂလာသုံးပါးဟူသည်ကား ...

(၁) မုဒ္ဓါဘိသေက မင်္ဂလာ

(၂) ပဗ္ဗဇ္ဇာဘိသေက မင်္ဂလာ

(၃) ဗုဒ္ဓါဘိသေကမင်္ဂလာ–ဤသုံးပါးတို့ ဖြစ်သည်။

(၁) **မုဒ္ဓါဘိသေက မင်္ဂလာ**။ ။ပြည့်ရှင်မင်းများ ထိုထိုရန်ကို အောင်မြင်ပြီး၍ နန်းသိမ်းပွဲသဘင် ကျင်းပသောအခါ ဝေဒကျမ်း (ဗေဒင်ကျမ်း)တို့၌ လာရှိသော အစီအရင်အတိုင်း ဆိုင်ရာဆိုင်ရာ မန္တန်တို့ကို ရွတ်ဆိုကြ၍ ပုဏ္ဏားတော်များ၊ သမီးကညာရတနာများ၊ သေဋ္ဌေးသူကြွယ် ကုန်သည်များ စသည်တို့က မင်းဖြစ်သူ၏ ဦးထိပ်၌ အဘိသိက်ရေချမ်း သွန်းဖျန်းကြသည်ကို မုဒ္ဓါဘိသေကမင်္ဂလာသဘင် ဆင်ယင်သည်ဟု ခေါ်ဆိုလေသည်။

(၂) **ပဗ္ဗဇ္ဇာဘိသေက မင်္ဂလာ** ။ ။ ရှင်လောင်း၊ ရဟန်းလောင်း အမျိုးသားကောင်းတို့ ရှင်ပြုတော့မည်၊ ရဟန်းပြုတော့မည်ဟု ဆုံး ဖြတ်လိုက်လျှင်ပင် ဃရာဝါသ ပလိဗောဓ ရန်သူများကို အောင်မြင်ကြလေသည်။ ထိုသို့ ဃရာဝါသ ပလိဗောဓ ရန်သူများကို အောင်မြင်ပြီးနောက် ရှင်၊ ရဟန်းပြုသောအခါ ရှင်ပြုသော အစီအရင်၊ ရဟန်းပြုသော အစီအရင်အတိုင်း ရှင်ပြုသောအခါ သင်္ကန်းတောင်းခြင်း၊ ရှင်အဖြစ်တောင်းခြင်း၊ သရဏဂုံသုံးပါးတို့ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုကြခြင်း၊ ရဟန်းပြုသောအခါ ဥပဇ္ဈာယ်ယူခြင်း၊ သပိတ်

http://www.dhammadownload.com



သက်န်းကို ပြောကြားခြင်း၊ ဥ တ်ထား၍ သင်ကြားပေးခြင်း၊ ရဟာန်း အဖြစ်ကို တောင်းခံခြင်း၊ ဥ တ်ထား၍ အန္တရာယိကဓမ္မတို့ကို မေးမြန်း စိစစ်ခြင်း၊ အလုံးစုံအင်္ဂါရပ်များ ပြည့်စုံလျှင် ဥတ္တိစတုတ္ထ ကမ္မဝါစာ ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုကြခြင်းများသည် အဘိသေက မန္တန် ကို ရွတ်ဆိုသည်နှင့် တူ၏။ ထို့ကြောင့် ရှင်ပြုသော အစီအစဉ်၊ ရဟာန်း ပြုသော အစီအစဉ်အတိုင်း စီစဉ်ဆောင်ရွက်ခြင်းတို့ကို ပဗ္ဗာဇ္ဇာ ဘိသေက မင်္ဂလာသဘင် ဆင်ယင်သည်ဟု ခေါ်ဆိုရလေသည်။

(၃) **ဗုဒ္ဓါဘိသေကမင်္ဂလာ**။ ။ မြတ်စွာဘုရား၏ ကိုယ်တော် စားအဖြစ် ဥဒ္ဒိဿရုပ်ပွား ဆင်းတုတော်များမှ ဓာတု၊ ဓမ္မ၊ ပရိဘောဂ၊ ဥဒ္ဒိဿအားဖြင့် စေတီလေးပါးတို့ တည်ရှိရာ ဘုရားပုထိုးစေတီများ တည်ထားပြီးသောအခါ သံဃာတော်အရှင်မြတ်တို့ တညီတညွတ် တည်း အနေကဇာတင် အစီအစဉ်အတိုင်း အနေကဇာတိ သံသာရံ အစရှိသော မနသာဥဒါန်းနှင့် ပဋိစ္စသမုပ္ပါဒ် အနုလုံဒေသနာ၊ 'ယဒါ ဟဝေ' ပထမဂါထာ၊ ပဋိစ္စသမုပ္ပါဒ် ပဋိလုံဒေသနာ၊ 'ယဒါ ဟဝေ' ဒုတိယဂါထာ၊ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ ဒေသနာ၊ 'ယဒါဟဝေ' တတိယဂါထာ စသည်တို့ကို အစဉ်အတိုင်း ရွတ်ဆိုတော်မူကြ၍ ဆန်ပန်းပေါက်ပေါက် စသည့် ပူဇော်ဖွယ်တို့ဖြင့် ဆင်းတုတော် စေတီ တော်အား ပူဇော်ကြခြင်းကို ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင် သည်ဟု ခေါ်ဆိုရလေသည်။

(ဤ ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင်ခြင်းကိုပင် သံဃာ တော်များ 'အနေကဇာတိသံသာရံ' ဂါထာမှ စတင်ရွတ်ဆိုပူဇော်ကြ သောကြောင့် ဝေါဟာရသုခ ခေါ်ဝေါ်လွယ်စိမ့်သောငှာ 'အနေကဇာ တင်သည်'ဟု လူ့ဝေါဟာရ ခေါ်ဆိုကြလေသည်။)

http://www.dhammadownload.com



## ဗုဒ္ဓါဘိသေကမန္တန်

ဤဗုဒ္ဓါဘိသေက မင်္ဂလာနှင့်စပ်၍ ဗုဒ္ဓါဘိသေကမန္တန် ဖြစ်ထိုက်သော မန္တန်ကို စိစစ်ဝေဖန်သော် လောကီဝေဒကျမ်းလာ ဗုဒ္ဓါဘိသေက မန္တန်များမှာ လောကီမန္တန်များ ဖြစ်သဖြင့် ဗုဒ္ဓမြတ်စွာအား အဘိသေကမန္တန်လုံးလုံး မဖြစ်ထိုက်ချေ။ ထို့အတူ ပဗ္ဗဇ္ဇာဘိသေက မန္တန်များဖြစ်သည့် သရဏဂုံပါဠိများ၊ ကမ္မဝါစာများသည်လည်း သာဝကတို့အတွက် အဘိသေကမန္တန်များ ဖြစ်ကြ၍ ဗုဒ္ဓမြတ်စွာအား အဘိသိက်သွန်းသောမန္တန် လုံးဝ မဖြစ်ထိုက်တန်ချေ။

ဗုဒ္ဓမြတ်စွာ ကိုယ်တော်စား ဆင်းတုတော်စေတီအား အဘိသေက မင်္ဂလာသဘင် ဆင်ယင်ခြင်းဖြစ်၍ ဗုဒ္ဓမြတ်စွာ ရှင်တော်ဘုရား ရွှေနှုတ်မြွက်၍ ဟောကြားအပ်သော တရားဒေသနာသာလျှင် ဗုဒ္ဓါဘိသေကမန္တန် ဖြစ်ထိုက်တန်၏။ ထိုသို့ ဗုဒ္ဓါဘိသေကမန္တန် ဖြစ်ထိုက်သော ဗုဒ္ဓမြတ်စွာဘုရား ရွှေနှုတ်မြွက်၍ ဟောကြားအပ်သည့် တရားဒေသနာကို ဖွေရှာစိစစ်လျှင် မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီးစ စိတ်တော်ဖြင့် ကျူးရင့်၍ နောက်တစ်ချိန် အရှင်အာနန္ဒာအား နှုတ်တော်မြွက်ဟ ညွှန်ပြအပ်သည့် 'အနေကဇာတိသံသာရံ' အစရှိသော နှစ်ဂါထာခွဲ တရားဒေသနာတော်သည် မြတ်စွာဘုရားရှင် ကိလေသမာရ်၊ ဒေဝပုတ္တမာရ်၊ အဘိသင်္ခါရမာရ်၊ အကယ်၍ ဘုရား မဖြစ်ခဲ့လျှင် ထိုဘဝစုတိမှ နောက်ကာလ၌ မချွတ်ဖြစ်မည့် ခန္ဓမာရ်၊ မစ္စုမာရ်တည်းဟူသော မာရ်ငါးပါးခေါ် ရန်သူတော်တို့ကို အကြွင်းမဲ့ အောင်မြင်တော်မူ၍ မဟာဓမ္မရာဇ် မင်းဆုံးဖြစ်လျှင်ဖြစ်ချင်း ကိလေသမာရ် (သေလေပြီးသော) လောကရန်သူကို အာလုပ်ထား ခေါ်ကော်မူ၍ ကိုယ်တော်၏ အောင်နိုင်ခြင်းကို ထင်လင်းပြတ်သား

http://www.dhammadownload.com



ဖော်ပြသော ဥဒါန်းစကားဖြစ်၍ ထိုအနေကဇာတိသံသာရံ နှစ်ဂါထာ ခွဲသည် ဗုဒ္ဓါဘိသေကမန္တန် ဖြစ်ထိုက်သော ဒေသနာတော် ဖြစ်လေသည်။

ထို့ပြင်လည်း မြတ်စွာဘုရား ဘုရားဖြစ်ပြီး၍ သတ္တသတ္တာဟ စံနေတော်မူရာ ရှေးဦးအစ ပလ္လင်္ကသတ္တာဟအဆုံး ရောက်သောအခါ ရန်သူကို အောင်မြင်ပြီးသော မင်းသည် မိမိရန်သူကို အောင်မြင်ရာ မြေအရပ်နှင့်တကွ အောင်မြင်ပုံကို ဆင်ခြင်ဝမ်းမြောက် လက်ပမ်းပေါက်ခတ် သကဲ့သို့ ကိုယ်တော်မြတ်၏ ကိလေသမာရ် ရန်သူကို အောင်မြင်ရာ ဝိပဿနာဘူမိ ဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားဒေသနာကို ညဥ့်ဦးယံ၌ အနုလုံ ဆင်ခြင်၍ ဝမ်းအမြောက်ကြီး မြောက်တော်မူကာ 'ယဒါ ဟဝေ' ပထမဂါထာ (နှုတ်မြွက်၍ကျူးရင့်သော) ဝစသာ ဥဒါန်းကို ကျူးရင့်တော်မူသည်။ ထို့အတူ သန်းခေါင်ယံ၌ ပဋိစ္စသမုပ္ပါဒ် တရားဒေသနာကို ပဋိလုံ ဆင်ခြင်၍ ဝမ်းအမြောက်ကြီး မြောက်တော်မူကာ 'ယဒါဟဝေ' ဒုတိယ ဝစသာ ဥဒါန်းကို ကျူးရင့်တော်မူခဲ့လေသည်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ် တရားဒေသနာကို အနုလုံ ပဋိလုံ ဆင်ခြင်၍ ဝမ်းအမြောက်ကြီး မြောက်တော်မူကာ 'ယဒါဟဝေ' တတိယ ဝစသာ ဥဒါန်းကို ကျူးရင့်တော်မူခဲ့လေသည်။ ထို့ကြောင့် ထိုပဋိစ္စသမုပ္ပါဒ် တရားဒေသနာနှင့် 'ယဒါဟဝေ' သုံးဂါထာတို့သည်လည်း ဗုဒ္ဓါဘိသေကမန္တန် ဖြစ်ထိုက်သော ဒေသနာတော် ဖြစ်လေသည်။

ထို့ပြင်လည်း 'ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော' အစရှိသော ပဋ္ဌာန်းပစ္စယုဒ္ဒေသ ဒေသနာတော်သည်လည်း အနန္တနယ သမန္တပဋ္ဌာန်း ၂၄ ကျမ်းတို့၏ အချုပ်အခြာ ပဓာနဖြစ်သောကြောင့် ဥဒ္ဒိဿ

http://www.dhammadownload.com



ရုပ်ပွား စေတီတော်များ၌ ဓမ္မစေတီကို သွင်းနှံသည့်ပမာ ဗုဒ္ဓါဘိသေကမန္တန် ဖြစ်ထိုက်သော ဒေသနာတော် ဖြစ်လေသည်။ ထို့ပြင် 'ဇယန္တော ဗောဓိယာ မူလေ' စသော ဂါထာတို့သည်လည်း အရာအားလျော်စွာ ဗုဒ္ဓါဘိသေကမန္တန် ပြုလုပ်က ရှေ့နောက်လိုက်လျောညီစိတ် ၂ ရှိသော ဂါထာများ ဖြစ်လေသည်။ ထို့ကြောင့် ရှေးဆရာကျော်တို့သည် ဥဒ္ဒိဿရုပ်ပွား ဆင်းတုတော် စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင် ဆင်ယင်သောအခါ ထို 'မနသာဥဒါန်း၊ ဝစသာဥဒါန်း၊ ပစ္စယုဒ္ဒေသ၊ ဇယန္တော' စသော ဂါထာများကို ဗုဒ္ဓါဘိသေကမန္တန်အဖြစ် ရွတ်ဆိုကော်ရော် ပူဇော်ကြခြင်း ဖြစ်လေသည်။

သံဃာတော်သခင် အရှင်မြတ်တို့ဘုရား၊ ယခုအခါ တပည့်တော်များသည်လည်း ယခု ကဆုန်လပြည့် ဗုဒ္ဓနေ့၌ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာ ခြောက်ဆယ့်ခုနစ်နှစ်ထက်က သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူသော သဗ္ဗညုမြတ်စွာအစိန္တေယျာကို အာရမ္မဏာဓိပတိ နှလုံးသွင်းရှိကြလျက် မိမိတို့ ရှေ့မှောက်ဝယ် စံပယ်လျက်ရှိသော ဥဒ္ဒိဿရုပ်ပွား ရုပ်ရှင်တော် ဆင်းတုအား ဘုရားဟော ဒေသနာ ဗုဒ္ဓါဘိသေကမန္တန်ဖြစ်သော မနသာဥဒါန်း၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၊ ဝစသာဥဒါန်း၊ ပစ္စယုဒ္ဒေသ ဒေသနာ၊ ဇယန္တောဂါထာတို့ကို သဒ္ဒါမပျက် အနက်ထင်ထင် ဆင်ခြင်ကြည်ညိုရွတ်ဆိုကြကာ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင် ဆင်ယင်တော်မူကြပါစို့ အရှင်ကောင်း အရှင်မြတ်တို့။

http://www.dhammadownload.com



# ၁၃၄၂-ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့အကြောင်း မဟာဗြော အသံလွှင့်ချက်

ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့။

ယနေ့ကား ကဆုန်လပြည့် ဗုဒ္ဓနေ့ဟု ခေါ်ဆိုပညတ် သမုတ်အပ်သော ရက်မြတ်ရက်ထူး ဖြစ်ပေသည်။ ဤရက်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က 'ကဆုန်လပြည့်ဗုဒ္ဓနေ့' ဟူ၍ ဆောင်ပုဒ်ပြုလုပ်ကာ ဤရက်၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကုသိုလ်အထူး ဆည်းပူး ပွားများ အားထုတ်ကြသည်မှာ အကြောင်းထူး ၄ ရပ် ရှိလေသည်။

၎င်းတို့မှာ ...

(၁) အကျွန်ုပ်တို့၏ မြတ်စွာဘုရား အလောင်းတော် သုမေဓာ ရှင်ရသေ့ဘဝ လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလက ဒီပင်္ကရာ မြတ်စွာဘုရား အထံတော်၌ 'အသင် သုမေဓာ ရှင်ရသေ့သည် အနာဂတ်နောင်အခါ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းမြောက် ရောက်လတ်လျှင် လူတွင်ထင်ရှား ဂေါတမမြတ်စွာဘုရား ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရား မိန့်မြွက်ကြားသည့် နိယတဗျာဒိတ်ပန်းကို ဆင်းမြန်းတော်မူခဲ့ရာနေ့မှာ ကဆုန်လပြည့်နေ့ပင် ဖြစ်လေသည်။

(၂) အကျွန်ုပ်တို့၏ မြတ်စွာဘုရား အလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြား ပါရမီ၊ စာဂ၊ စရိယတို့ကို ဘာဝနာလေးပါးတို့ဖြင့် ပွားများကြိုးကုတ် အားထုတ်တော်မူပြီးလျှင်

http://www.dhammadownload.com



လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူရန် နောက်ဆုံးပစ္ဆိမ သိဒ္ဓတ္ထမင်းသားဘဝ၌ ဖွားမြင်တော်မူရာ နေ့မှာလည်း မဟာသက္ကရာဇ် ၆၈ ခု အကြို ကဆုန်လပြည့်နေ့ပင် ဖြစ်လေသည်။

(၃) တဖန် အကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် အရွယ်တော်မြောက် တစ်ဆယ့်ခြောက်နှစ် ရောက်သောအခါ ကပိလဝတ်ရွှေနန်းကို သိမ်းမြန်းစိုးချုပ် ရွှေနန်းစည်းစိမ်ကို တစ်ဆယ့်သုံးနှစ်ကြာ ခံစားတော်မူပြီး နိမိတ်ကြီးလေးပါးတို့ကို နတ်အများ ညွှန်ပြသဖြင့် သံဝေဂကြီးစွာဖြစ်ကာ 'မဟာအဘိနိက္ခမန' မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူကာ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်သုံး၍အပြီး စောစီးစွာ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူရာအခါမှာလည်း မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ပင် ဖြစ်လေသည်။

(၄) ထို့ပြင် ဘုရားမြတ်စွာ အစိန္တေယျာသည် ဝါ လေးဆယ့်ငါး ကာလလျှားအောင် ငါးပါးသော ဗုဒ္ဓကိစ္စတို့ကို ထာဝရနေ့စဉ် ဆောင်ရွက်အောင်မြင်တော်မူ၍ သယမ္ဘူကိစ္စ စုံပြည့်ဝသဖြင့် အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်ကို သိမ်းတော်မူရာ အခါမှာလည်း မဟာသက္ကရာဇ် တစ်ရာ့လေးဆယ့်ရှစ်ခုနှစ် ကဆုန်လပြည့်နေ့ပင် ဖြစ်လေသည်။

ဤကဲ့သို့ ကဆုန်လပြည့်နေ့သည် အကျွန်ုပ်တို့၏ဆရာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားနှင့် စပ်၍ ...

http://www.dhammadownload.com



(၁) ဗျာဒိတ်ခံရာနေ့ဖြစ်ခြင်း

(၂) ဖွားမြင်တော်မူရာနေ့ဖြစ်ခြင်း

(၃) ဘုရားဖြစ်တော်မူရာနေ့ဖြစ်ခြင်း

(၄) ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းရာနေ့ဖြစ်ခြင်း

ဟူသော အကြောင်းထူးလေးပါးတို့နှင့် ထူးခြားတိုက်ဆိုင်ကြုံကြိုက်ရာ နေ့ထူးနေ့မြတ် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အဖို့ ဤနေ့ကို 'ကဆုန်လပြည့် ဗုဒ္ဓနေ့' ဟု ဆောင်ပုဒ်ပြုလုပ်ကြကာ နှစ်စဉ်နှစ်တိုင်း ဤကဆုန်လပြည့်နေ့သို့ ရောက်သောအခါ ဒါန, သီလ, ဘာဝနာ ကုသိုလ်ထူးတို့ကို အထူးသဖြင့် ဆည်းပူးပွားများ အားသစ်သမှု ပြုကြပါလေသည်။

ဤသို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အလို ဤကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားနှင့် ပတ်သက်၍ ထူးခြားချက်လေးမျိုးရှိခဲ့ရာ ၃ နံပါတ်ဖြစ်သည့် ဘုရားဖြစ်တော်မူရာ နေ့ထူးနေ့မြတ်ကို အမှတ်ရပူဇော်ကြသောအားဖြင့် ဤကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီဖြစ်သော မဟာဗောဓိညောင်ပင်၌ သက်တော်ထင်ရှား မြတ်စွာဘုရား၏ အောင်မြင်တော်မူမှုကို အာရုံပြု နှလုံးမူကြ၍ ညောင်ရေတော်သွန်းခြင်း၊ ဥပုသ်သီတင်း အထူးဆောက်တည်ခြင်း၊ အလှူအတန်းအထူးလှူဒါန်းခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာနှလုံး ကျင့်သုံး ပွားများခြင်းအမှုတို့ကို ပြုကြလေသည်။

ရဟန်းသံဃာတော် အရှင်မြတ်တို့သည်လည်း လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာ အထက်က မြတ်စွာဘုရား မာရ်ငါးပါးကိုအောင်မြင်တော်မူရာနေ့ကို အာရုံပြုကြ၍ ဗုဒ္ဓအဘိသေကမင်္ဂလာ ဖြစ်

http://www.dhammadownload.com



စိမ့်သောငှာ အနေကဇာတင် မင်္ဂလာသဘင် ဆင်ယင်တော်မူကြလေသည်။ မှန်ပါသည်။ အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာ ခြောက်ဆယ့်ရှစ်နှစ်ဖြစ်သည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ မဟာဗောဓိပင် အပရာဇိတ ပလ္လင်ဝယ် သီတင်းသုံး နေထိုင်တော်မူလျက် လူတွင်စင်စစ် ဘုရားဖြစ်တော်မူခဲ့ပါသည်။

ထိုအခါ မြတ်စွာဘုရားသည် ...

အနေကဇာတိ သံသာရံ
သန္ဓာဝိဿံ အနိဗ္ဗိသံ

စသော မနသာဥဒါန်းကို ဝမ်းပန်းတသာ ကျူးရင့်တော်မူခဲ့ပါသည်။ နတ်နဂါးများ၊ ဂဠုန်မင်းများ၊ နတ်ဗြဟ္မာများကလည်း –

ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ
မာရဿ စ ပါပိမတော ပရာဇယော

ဟူသော ဤအောင်ခြင်းသံကို မိုးနဘံခိုက်မျှ ကျူးရိုက်ထွေငေါ်အော်ဟစ်ရင့်ကြွေးခဲ့ပါသည်။ တဖန် မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် သတ္တသတ္တာဟ စံနေတော်မူရာဝယ် ပဌမာဒိက ပလ္လင်္ကသတ္တာဟ၏နောက်ဆုံးနေ့၌ ညဥ့်ဦးယံဝယ် ကိုယ်တော်မြတ်၏ အဖို့ရာ ဝိပဿနာဘူမိဖြစ်သော ပဋိစ္စသမုပ္ပါဒ် အနုလောမ တရားသဘောကို နှစ်နှောစွာ ဆင်ခြင်၍ အလွန်လျှင် ဝမ်းမြောက်တော်မူရကား ... 'ယဒါဟဝေ' ဒုတိယဂါထာကိုလည်းကောင်း၊ မိုးသောက်ယံဝယ် ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ သဘောသွားအစုံကို အာရုံပြုဆင်ခြင်၍ အလွန်လျှင် ဝမ်းမြောက်တော်မူရကား 'ယဒါဟဝေ'

http://www.dhammadownload.com



တတိယဂါထာကိုလည်းကောင်း ဝစသာဥဒါန်းအဖြစ် ဝမ်းမြောက်စွာ ကျူးရင့်တော်မူခဲ့ပါသည်။

ဤအချက်တို့ကို လေးနက်စွာ ဆင်ခြင်တော်မူကြ၍ ပေါရာဏ အာစရိယာ ရှေးဆရာတို့သည် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင် ဆင်ယင်ရာ၌ ဤဝစသာဥဒါန်း မနသာဥဒါန်း နှစ်ပါးတို့ကို အရင်းခံထား၍ မြတ်စွာဘုရား၏ ကိုယ်တော်စား စေတီ ၄ ပါးတို့ကို အနေကဇာတင်ကြ၍ ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင်တော်မူခဲ့ကြပါသည်။ သို့ပါ၍ အကျွန်ုပ်တို့သည်လည်း ယခု အခါ သာသနာတော်နှစ် နှစ်ထောင့်ငါးရာ နှစ်ဆယ့်သုံး (၂၅၂၃)နှစ် တင်းတင်းပြည့်သော ဤနေ့၌ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာ ခြောက်ဆယ့်ရှစ်နှစ်ထက်က အကျွန်ုပ်တို့၏ မြတ်စွာဘုရားသခင် မာရ်ငါးပါးကို အောင်မြင်၍ လူတွင်ထင်ရှား ဘုရားဖြစ်တော်မူခဲ့သည်ကို အာရုံယူ ပူဇော်သောအားဖြင့် ထိုအချိန်က နတ်ဗြဟ္မာများ နဂါးမင်းများ ရွတ်ဆိုကျူးရင့်ကြသော အောင်ခြင်းသံကို ရွတ်ဆိုကျူးရင့်ကြ၍လည်းကောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မန္တန်တို့ကို ရွတ်အံကျူးဆိုကြ၍လည်းကောင်း၊ နိုင်ငံတော်အတွင်း အန္တရာယ်ကင်းစိမ့်သောငှာ မေတ္တသုတ်ပရိတ်တော်၊ ဝဋ္ဋသုတ် ပရိတ်တော်၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်တို့နှင့်တကွ ယံဒုန္နိမိတ္တံ သုံးဂါထာ၊ ဘဝတုသဗ္ဗမင်္ဂလံ သုံးဂါထာတို့ကို သဒ္ဓါအနက် မပျက် ကြည်ညို ရွတ်ဆိုကြ၍လည်းကောင်း ဤကဆုန်လပြည့် ဗုဒ္ဓနေ့ပူဇာ မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပကြပါစို့ သံဃာတော် အရှင်ကောင်းတို့ ဘုရား။

http://www.dhammadownload.com



ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂဂဏာ မဟေသိနော။
ဇယံ တဒါ သုပဏ္ဏဂဏာ မဟေသိနော။
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော။

အယံ=အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေပြင်လျှင် သံထင်ရိုက်ညှင်း ဤအောင်ခြင်းသည်ကား။ သိရီမတော=စက္ကဝါဠ အနန္တဝယ် ရှိသမျှဥသံ့ ကောင်းသိရ်ဂုဏ်တို့ ပေါင်းစုံစုမိ စွဲတည်ရာ ဖြစ်တော်မူသော။ ဗုဒ္ဓဿ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် သုံးလောကထွတ်ထား မြတ်စွာဘုရား၏။ ဇယော ဟိ=ဇယော ဧဝ= ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာ၊ နတ်တကာတို့ ခေါ်သာစုချီ နစ္စဂီဖြင့် ရှစ်ဒီရိုက်ညှင်း သုံးလူ့မင်း အောင်ခြင်းဧကန် မှန်လှပါပေစွတကား။ ပါပိမတော=ယုတ်မာညစ်ညမ်း ပညာကန်း၍ အန္ဓစင်စစ် ဧကန်ဖြစ်သော။ မာရဿစ=ဗောဓိမကိုင်ဋ္ဌ ပလ္လင်မြို့ကို သိမ်းပိုက်ယူမည် တပ်ကြီးချီ၍ ရှစ်ဒီငြိမ့်ညောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်းတိုက်ခိုက်လာသော မာရ်နတ်သား၏ကား။ ပရာဇယော=ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက်သို့ပြန်ကျုံ့ ရန်စားမြို့ကို မတုံ့ဝံ့ဘဲ ဗုန်းဗုန်းလဲ၍ ပြေးလွှဲရှောင်ကွင်း အရှုံးကြီး ရှုံးခြင်းပါတကား။ ဣတိ=ဤသို့။ တဒါ=ထိုမဟာသက္ကရာဇ် ရာ့သုံးနှစ်ကြုံ ကဆုန်လပြည့်မာရ်အောင်သည့်နေ့၌။ ဗောဓိမဏ္ဍေ=အပရာဇိတ မြေမျှားဦးကိုင် ဗောဓိမဏ္ဍိုင်၌။ ပမောဒိတာ=နှစ်လိုအားရမ်း ဝမ်းမြောက်ကြကုန်လျက် ...

http://www.dhammadownload.com



နာဂဂဏာ=နတ်နဂါးအပေါင်းတို့သည်။ သုပဏ္ဏဂဏာ=ဂဠုန်မင်း အပေါင်းတို့သည်။ ဒေဝဂဏာ=နတ်မင်းအပေါင်းတို့သည်။ ဗြဟ္မဂဏာ=ဗြဟ္မာမင်းအပေါင်းတို့သည်။

မဟောသိနော=သိလက္ခဏ စသည်ကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ကျက်တော်မူပြီးသော မြတ်စွာဘုရား၏။ ဇယံ=ကောင်းတင်းခြိမ့်ညံ့ အောင်ခြင်းသံကို။ ဥဗ္ဗေါသယုံ=စက္ကဝါတိုက် သောင်းလုံးခိုက်အောင် ကျူးရိုက်ထွေငေါ် ကြွေးကြော်ကြလေကုန်ပြီတကား။

ဆက်၍ ...

အနေကဇာတင်။

အရောဂါ သုခိတာ ဟောထ၊ သဟာသဗ္ဗေဟိ ဉာတိဘိ–ဆုံးအောင် ရွတ်ပြီးလျှင် မေတ္တာသုတ်၊ ဝဋ္ဋသုတ်၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်၊ ယံ ဒုန္နိမိတ္တံ သုံးဂါထာ၊ ဘဝတုသဗ္ဗမင်္ဂလံ သုံးဂါထာကို ရွတ်ဆိုတော်မူကြရန် ဖြစ်ပါသည်ဘုရား။ ။

၁၃၄၂–ခုနှစ်၊ ကဆုန်လပြည့်နေ့
(၂၈–၄–၈၀)

http://www.dhammadownload.com



၁၃၄၂-ခု (၁၉၈၀ ပြည့်)နှစ် ၃၃ ကြိမ်မြောက်
ကျင်းပအပ်သော
တိပိဋကဓရ ရွေးချယ်ပွဲ ဖွင့်ပွဲ၌
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
**တိပိဋကဓရ ဦးဝိစိတ္တသာရာဘိဝံသ က**
**တိပိဋကဓရအလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့အား**
**အားပေးစကား လျှောက်ထား ပြောကြားအပ်သော**

**အနုဗလပ္ပဒါန သာရဏီယ ကထာ**

၃၃ ကြိမ်မြောက် ကျင်းပအပ်သည့် 'တိပိဋကဓရ ရွေးချယ်ပွဲ'သို့ ကြီးကဲသော ဆန္ဒ, ဝီရိယ, စိတ္တ, ပညာ လေးဖြာသော အဓိပတိ ဖွဲ့, လုံ့လရှိရှိဖြင့် ဝိဇယအောင်ပန်းကို ဆွတ်လှမ်းရန် သမ္မာဆန္ဒဖြင့် ဝင်ရောက် ပြန်ဖြေကြမည့် သာသနာ့အလျာ သိက္ခာသုံးပါး လိုလားဘိတောင်း အရှင်ကောင်း အရှင်မြတ်တို့ဘုရား။

အရှင်မြတ်တို့သည် သဗ္ဗညုမြတ်စွာ သာသနာတော် သုံးရပ်တို့တွင် ရေကန်ကြီး၌ ကန်ဘောင်ရိုးနှင့် ဥပမာတူသော၊ သစ်ပင်ကြီး၌ ရေသောက်မြစ်နှင့် ဥပမာတူသော ပရိယတ္တိသာသနာကို အဓိလေးမြင့် ရှည်ကြာတင့်အောင် မြှောက်ပင့်အားပေးမည်ဟူသော မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် ဤ 'တိပိဋကဓရ ရွေးချယ်ရေး' စာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြရန် နှစ်တန်သော အာဂုံသဘော ပရိယတ္တိသာသနာတော်၏ အဆီအနှစ်များကို အားထုတ်ဆည်းပူးပြီး အသင့်ရှိနေကြပြီ ဖြစ်ပါသည်ဘုရား။ ။

ဆန္ဒဝတော မေ ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

http://www.dhammadownload.com



ဆန္ဒကဲမို့၊ ငါသို့သသူ၊
ပြုမှုဆောင်ရာ၊ အဖြာဖြာသည်၊
ဘယ်မှာမပြီး ရှိအံ့နည်း။

ဝီရိယဝတော မေ ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယကဲမို့၊ ငါသို့သသူ၊
ပြုမှုဆောင်ရာ၊ အဖြာဖြာသည်၊
ဘယ်မှာမပြီး ရှိအံ့နည်း။

စိတ္တဝတော မေ ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

စိတ်ဓာတ်ကဲမို့၊ ငါသို့သသူ၊
ပြုမှုဆောင်ရာ၊ အဖြာဖြာသည်၊
ဘယ်မှာမပြီး ရှိအံ့နည်း။

ဝီမံသဝတော မေ ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ပညာကဲမို့၊ ငါသို့သသူ၊
ပြုမှုဆောင်ရာ၊ အဖြာဖြာသည်၊
ဘယ်မှာမပြီး ရှိအံ့နည်း။

ဟူသော အဓိပတိလေးပါး အရှင်ဘုရားတို့မှာ အထင်အရှား ရှိပြီးသား ဖြစ်ကြသဖြင့် ယခု တိပိဋက စာပြန်-ဖြေကိစ္စမှာ မုချဧကန် ပင် အောင်မြင်ပြီးမြောက်လိမ့်မည်ဟု ယုံကြည်ချက် သဒ္ဓါတရား ထက်သန်စွာ ထားကြဖို့ အားပေးစကား တပည့်တော် ပြောကြားအပ် ပါသည်။

## တိပိဋကရေအလျှာ စာတော်ပြန်ဝင် အရှင်မွန်အပေါင်းတို့

ငင်းအပြင် အရှင်တို့အား သတိပေးစကား တပည့်တော် ပြော ကြားလိုပါသည်။ အရှင်တို့မှာ လေးဖြာအဓိပတိ ဖွဲ့သတ္တိရှိကြ၍

http://www.dhammadownload.com



ဝိဇယအောင်ပန်းကို ဆွတ်လှမ်းနိုင်ကြမည် ဧကန်မုန်ကြပါလျက် ပူပန်စိတ်ထန်သည်း ကျန်းမာရေး ထိခိုက်အောင် ဂရုစိုက်လွန်း အားကြီးက အချည်းနှီး နိရတ္ထက အကျိုးမရ ဖြစ်တတ်သည်ကို သတိချပ်ကြ စေချင်ပါသည်။

စာပြန်လျှင် မျက်စိကိုမှိတ်
ဗဟိဒ္ဓအာရုံသဘော တဆိတ်မျှ မစောကြပဲ
'အတရမာနောဝ ဘာသေယျ၊ နောတရမာနော'
ရှင်စောမိန့်ပြန် 'အရဏဝိဘင်္ဂသုတ္တန်' ကို
အဖန်ဖန် သတိရှေး၍
မနှေးလွန်း မမြန်လွန်း၊
မကျယ်လွန်း မတိုးလွန်း၊
အလယ်အလတ် ရည်မှန်း၍
မပင်ပန်းအောင် မနွမ်းအောင်
သတိဆောင်၍ ပြန်ဆိုကြပါ။

ဖြေဆိုသောအခါ၌လည်း ဗျာပါရအားသည်း အရေးတကြီး မဖြေဆိုကြပဲ ပုစ္ဆကထေရ်ကျော် ဆရာတော်တို့၏ အာဘော်ကို မိမိပါ+ဌ+ဋ္ဌ စောင်းကြိုးညှိ၍ သတိကြီးစွာထား ဖြေကြားတော်မူကြ ပါရန် အဟိတာပနယန+ဟိတူပသံဟာရ နှစ်ဝသော မေတ္တာတရာ ထက်သန်စွာထား၍ သတိပေးစကား ပြောကြားညွှန်ပြအပ်ပါသည်၊

ဝိနည်းဓိုရ်တဝ၊ အာဘိဓမ္မိက တစ်ခန်း၊ နိကာယ်ဆောင် အောင် ပန်းကို ဆင်မြန်းတော်မူကြမည့် သာသနာ့အာဇာနည်အလျာ သဒ္ဓါ ကြီးတောင်း အရှင်ကောင်းတို့။ ။ ၎င်းထို့ပြင် အရှင်တို့ သတိထင် အောင် ကြိုတင်ရှေ့ပြေး အချိန်မီ သတိပေးလိုပါသည်။ မြန်မာနိုင်ငံ တော် အစိုးရသာသနာရေးဌာနက ပစ္စက္ခအလေးထား သာသနာ

http://www.dhammadownload.com



တော် တည်တံ့, သန့်ရှင်း, ပြန့်ပွားအောင် ဆရာတော်အများနှင့် မပြားစိတ်ညီ ဆောင်ရွက်လျက်ရှိသည်ကို အရှင်တို့ သိပြီးဟု ယုံကြည်ပါသည်။ ငါးမည်နိကာယ်သုံးသွယ် ပိဋက ဓမ္မနှင့် ဝိနယ တို့၌ အာဂမသဘာဝ နှစ်ဌာန အဓိပ္ပာယ် အသိဉာဏ်မကြွယ်ပါက အဘယ်မှာလျှင် သာသနာတော်သန့်ရှင်း တည်တံ့, ပြန့်ပွားလေ အောင် ရွက်ဆောင်နိုင်ချိမ့်မည်နည်း။ မရွက်ဆောင်နိုင်သည် ဧကန် မုန်လှပါသည်။

အရှင်တို့မှာ ငါးဖြာနိကာယ် သုံးသွယ်ပိဋက ဓမ္မနှင့်ဝိနယတို့ကို နေ့ညမဆိတ်ညံ့ကျက်, အံ, ကြံ, ကြည့် အချိန်ပြည့် နာရီပြည့် ပရိယတ္တိလုပ်ငန်းကို စွမ်းစွမ်းတမံ သူမတန်အောင် ထက်သန်သော ဇွဲလုံ့လဖြင့် နေ့-ညမစဲ ထမ်းဆောင်နေဆဲ ဖြစ်ရှိကြ၍ မိမိတို့၏ ပရိယတ္တိလုပ်ငန်းကိစ္စကို အလဂဒ္ဒူပမ ပရိယတ္တိမျိုး မဖြစ်အောင် သတိဆောင် သတိချပ်ကြလျက် နိတ္ထရဏတ္ထ ပရိယတ္တိမျိုးဖြစ်အောင် ရွက်ဆောင်တော်မူကြပါ။ ထိုသို့ ရွက်ဆောင်တော်မူကြလျှင် သာသနာ့တံခွန် အောင်လံပမာ သာသနာတော် သန့်ရှင်းအောင် သာသနာတော်ပြန့်ပွားအောင် ရွက်ဆောင်သည့် ထိုကိစ္စမှာ သာသနာ့ စံတင် သာသနာ့ချိန်ခွင် ပုဂ္ဂိုလ်များ မမှားဧကန် ဖြစ်ကြမည် မုန်သော ကြောင့် ...

တုမှံ ပရိယတ္တိဟောတု၊ ဘဝနိတ္ထရဏတ္ထိကာ။

ယာယ ဝေါ ဇိနစက္ကဿ၊ ဟောထ တုလာဓရူပမာ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ ဘဒ္ဒန္တာ=သိက္ခာ သုံးပုံ ကောင်းသိရ်ဂုဏ်တို့ ပြည့်စုံထင်ရှား စာတော်ဝင် အရှင်မြတ် တို့ ဘုရား။ တုမှံ=အရှင်ဘုရားတို့၏။ ပရိယတ္တိ=နေ့နေ့-ညည ပိဋကကို လုံ့လမြဲမြံ ဇွဲသန်သန်ဖြင့် ကျက်, အံ, ကြံ, ကြည့်အားထိုက်

http://www.dhammadownload.com



ဘိသည့် ပရိယတ္တိခေါ်ညွှန် လုပ်ငန်းမွန်သည်။ ဘဝနိတ္ထရဏတ္ထိကာ= ဘဝသုံးထောက် ဒုက္ခအောက်မှ လွတ်မြောက်ရခြင်း ကျိုးရှိလျှင်းသား သနင်းမာရဘင် ဖြစ်စေချင်သည့် သန့်စင်ဘိလျှင်း နိတ္ထရဏတ္ထ စာသင်ခြင်းသည်။ ဟောတု=စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ယာယ=သနင်းမာရဘင် ဖြစ်စေချင်သည့် သန့်စင်ဘိလျှင်း ယင်း နိတ္ထရဏတ္ထ စာသင်ခြင်းဖြင့်။ ဝေါ-တုမှေ='သာသနာသုံးခန်း တာဝန်ငန်းကို ရှေ့တန်းဦးတည် တို့ဆောင်မည်'ဟု ရွယ်ရည်မှန်းထား စာတော်ဝင် အရှင်ဘုရားတို့သည်။ ဇိနစက္ကဿ=ငါးမာရ်အောင်မြင် ရှင်ပင်ဘုရား ထားခဲ့မှန်စွာ သာသနာတော်၏။ တုလာဓုရူပမာ=ရှေ့ တန်းကစံတင် ချိန်ခွင်နှင့်အောင်လံအတူ အတုယူလောက်သော ပုဂ္ဂိုလ်တို့သည်။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါစေကုန်သတည်း။

(ဝါ) ဇိနစက္ကဿ တုလာ+ဓုရူပမာ ဟောထ=ပြည်ထောင်စု မြန်မာ ဤယနေ့ခေတ်အခါဝယ် သာသနာတော် သန့်ရှင်းအောင်, သာသနာတော်တည်တံ့အောင်, သာသနာပြန့်ပွားအောင် ဆောင်ရွက် သည့် ထိုကိစ္စဝယ် သာသနာ့ချိန်ခွင် ပုံသွင်မခြား သာသနာ့အောင်လံ တံခွန် ဂုဏ်ရည်မွန် ပုဂ္ဂိုလ်များလျှင် ထူးခြားသည့်စံနမူ ဖြစ်မြောက် တော်မူကြပါစေကုန်သတည်းဟု ဝိဇည်းမင်္ဂလာ ပတ္ထနာလေးနက် တောင်းဆိုမြွက်၍ အထက်ဖော်ပြပါ တိပိဋကရေအလျာ စာတော် ပြန်ဝင် အရှင်မြတ်တို့အား အနုဗလပ္ပဒါန သာရဏီယကထာခေါ်တင် အားပေး, သတိပေး, အသိပေးအပ်သော စကားအစဉ်ကို ဤတွင်ပင် ကမ္မတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသည်ဘုရား။

ဦးဝိစိတ္တသာရာဘိဝံသ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

အကျိုးတော်ဆောင်

http://www.dhammadownload.com



## သပ္ပုရိသဒါနငါးပါး

(၁) **သဒ္ဓါဒါန**။ ။ ကံနှင့်ကံ၏ အကျိုးတရားတို့၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရား ထက်ထက်မြက်မြက်ထား၍ လှူဒါန်းခြင်း။

(၂) **သက္ကစ္စဒါန**။ ။ လှူဖွယ်ဝတ္ထုကို သပ်သပ်ရပ်ရပ် ပြု၍လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်ကို အရိုအသေပြု၍လည်းကောင်း လှူဒါန်းခြင်း။

(၃) **ကာလဒါန**။ ။ သူ့အခါနှင့် သူသိ၍ လှူဒါန်းခြင်း။ ဥပမာ ရဟန်းသံဃာအား နံနက်အခါဖြစ်လျှင် ဆွမ်းခဲဘွယ်ဘောဇဉ်ကို လှူဒါန်းခြင်း၊ မွန်းလွဲအခါဖြစ်လျှင် အဖျော်ယမကာ စတုမဓု စသည်ကို လှူဒါန်းခြင်းမျိုး ဖြစ်သည်။

(၄) **အနဂ္ဂဟိတဒါန**။ ။ လှူဖွယ်ဝတ္ထုဥ္စ ငြိတွယ်သောစိတ်လုံးဝမရှိဘဲ မုတ္တစာဂလွတ်လွတ် စွန့်ကြဲသော စေတနာရှေ့သွားပြု၍ လှူဒါန်းခြင်း။

(၅) **အနုပဟစ္စဒါန**။ ။ မိမိ သူတစ်ပါး နှစ်ဦးသားတို့ကို မထိပါးမူ၍ လှူဒါန်းခြင်း။

လောက၌ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည် ပြိုင်ဘက်ရှိတတ်သည်။ ထိုလောကီစီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်တို့၌ အပြိုင်အဆိုင် စိတ်ထားမှလည်း တိုးတက်ကြီးပွားနိုင်သည်။ ဒါနကောင်းမှု ကုသိုလ်ပြုရာ၌ကား ထိုလောကီအပြိုင်စိတ်ကို ဖယ်ရှားထားရမည်။ အကယ်၍ ဒါနကောင်းမှု မိမိက ပြုသောအခါ 'ငါနှင့် စီးပွားပြိုင်ဘက်ဖြေု ငါလို လှူနိုင်သေးရဲ့လား' ဤသို့စသည်ဖြင့် အောက်မေ့နှလုံးသွင်း၍ လှူဒါန်းလျှင် မိမိကိုယ်ကိုကား မြှောက်ပင့်

http://www.dhammadownload.com



ခြင်း အတ္တုက္ကံသနလောဘဖြင့် ထိပါး၍ လှူသည်မည်၏။ ပြိုင်ဘက်လူ ဖြူ့ကိုကား နှိမ်ခြင်း ပရဝမ္ဘနဒေါသဖြင့် ထိပါး၍ လှူသည်မည်၏။ ဤကဲ့သို့ မအောက်မေ့ဘဲ 'ငါသည် ဥစ္စာစီးပွား၏ အနှစ်သာရ ဒါနကောင်းမှုကို ပြုရပေပြီ' ဤသို့စသည်ဖြင့် အောက်မေ့၍ လှူလျှင် မထိမပါး လှူသည်မည်၏။ ထိုကဲ့သို့သော အလှူမျိုးကို လှူရမည်ဟု ဆိုလို၏။

ထိုသပ္ပုရိသ ဒါနငါးပါး၏ အချုပ်လင်္ကာကား ...

(၁) သဒ္ဓါကြည်ညို
(၂) ရိုသေလှစွာ
(၃) အခါကိုသိ
(၄) မစွန်းငြိဘဲ
(၅) မထိမပါး၊ လှူတုံငြား
ငါးပါးသပ္ပုရိသ မြတ်ဒါန။

ထို သပ္ပုရိသ ဒါနအရာ၌ လှူဒါန်းခြင်းကြောင့် စီးပွားဥစ္စာ ပေါများသော မင်း၊ ပုဏ္ဏား၊ သေဋ္ဌေး၊ သူကြွယ် ဖြစ်ရ၏။

(၁) သဒ္ဓါကြောင့် ရုပ်ရည်အဆင်း တင့်တယ်လှပ၏။

(၂) သက္ကစ္စကြောင့် ထိုသူ့စကားကို အများက နာယူကြ၏။

(၃) အခါကို သိခြင်းကြောင့် လိုအပ်သောအချိန်၌ လိုအပ်သော ကောင်းကျိုးတို့ ဝုန်ဝုန်ဖြိုးဖြိုး အကျိုးပေး၏။

http://www.dhammadownload.com



(၄) မစွန်းငြိခြင်းကြောင့် အကောင်းကို သုံးဆောင်ရ၏။

(၅) မထိပါးခြင်းကြောင့် ထိုသူ၏စည်းစိမ်ကို ရန်သူမျိုးငါးပါးတို့ အန္တရာယ် မပြုနိုင်ခြင်း အကျိုးများကို ထူး၍ ရရှိ၏။ ထို၏ဆိုင်ရာ လင်္ကာအချုပ်ကား ...

၁။ သဒ္ဓါကြည်လင်၊ လှူဒါန်းလျှင်၊
ရုပ်သွင်အဆင်းလှ။

၂။ ရိုသေလှူငြား၊ သူ့စကား၊
အများ နာယူကြ။

၃။ အခါသိသဖြင့်၊ လှူတုံလင့်၊
ချိန်သင့် ကောင်းကျိုးရ။

၄။ မစွန်းငြိတောင်း၊ လှူတုံရှောင်း
အကောင်းသုံးဆောင်ရ။

၅။ မထိမပါး၊ လှူတုံငြားမူ၊ ထိုသည့်သူ၏
ပြောထူများပြား၊ စည်းစိမ်အား
ငါးပါးရန်မခ။
သပ္ပုရိသ ဒါနကျိုးဆက် ဤငါးချက်
နှုတ်တက်ဆောင်ကုန်ကြ။

(သပ္ပုရိသဒါနသုတ်နှင့်အညီ ဖွဲ့စီထားသည်။)

ဦးဝိစိတ္တသာရာဘိဝံသ
(၂-၇-၄၂)

http://www.dhammadownload.com



## အရဏဝိဘင်္ဂသုတ်
## ဆင်းရဲကင်းကွာ ချမ်းသာရေး တရားတော်

ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့။

ယနေ့ဘုန်းကြီး မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော်လာ အရဏဝိဘင်္ဂသုတ်-လို့ ခေါ်တဲ့ 'ဆင်းရဲကင်းကွာ ချမ်းသာရေး' တရားခြောက်ပါးကို ဟောကြားပါမည်။ ထိုသုတ္တန်ကို မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် ရဟန်းတော်များအား တရားနာခံထား၍ အရဏတရားခြောက်ပါး ဆင်းရဲကင်းကွာ ချမ်းသာရေးတရား ခြောက်ပါးတို့ကို အကျဉ်းချုပ် မာတိကာအားဖြင့်လည်းကောင်း၊ အကျယ်ဝိတ္ထာရ ပဒဘာဇနီအားဖြင့်လည်းကောင်း အင်ကြင်ပင်ကြီး ဖြိုင်ဖြိုင်ရိုင်ရိုင် ပင်လုံးကျွတ် ပွင့်သလို ဟောကြားတော်မူခဲ့ပါတယ်။

ယင်းသို့ အကျဉ်း-အကျယ် နည်းနှစ်သွယ်တို့ဖြင့် ဘုန်းကြွယ်မြတ်ဖျား ဟောကြားတော်မူအပ်သော 'ဆင်းရဲကင်းကွာ ချမ်းသာရေး တရားခြောက်ပါးတို့ကို အကျဉ်းမာတိကာ သံပေါက်အားဖြင့်လည်းကောင်း၊ အကျယ်မြန်မာစကားပြေအားဖြင့်လည်းကောင်း သူတော်ကောင်းများ နားလည်အောင် ဟောပြပါမည်။ ယင်းသို့ ဟောပြရာ၌ ရှေးဦးစွာ အကျဉ်းချုပ် မာတိကာအနေအားဖြင့် ဤဆိုလတ္တံ့သော လင်္ကာသံပေါက် ၆ ပိုဒ်တို့ကို ရှေးဦးစွာ မှတ်သား နှုတ်တက်ဆောင် ထားကြရန် ဖြစ်ပါတယ်။

၎င်းတို့မှာ -

http://www.dhammadownload.com



(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွား မဇ္ဈိမ။
(၂) မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။
(၃) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တ။
(၄) မျက်မှောက်မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။
(၅) မလျှင်မဆော၊ စကားပြော၊ ပြေချောမွေ့သိမ်စွ။
(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါးအရဏ–

ဟူ၍ ဖြစ်ပါတယ်။ ထိုသံပေါက် လင်္ကာခြောက်ပုဒ်တို့တွင်–

(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမဇ္ဈိမ၊

ဟူသော လင်္ကာပိုဒ်၌ ဆိုလိုရင်းအဓိပ္ပာယ်မှာ –

'ချစ်သား–ချစ်သမီးတို့၊ သင်တို့သည် ကာမသုခလ္လိကာနုယောဂ ခေါ်တဲ့ အာရုံငါးပါး ကာမတရား၌ ငြိကပ်တွယ်တာ တဏှာလောဘ ဖြစ်အောင် အားထုတ်ခြင်းဆိုတဲ့ အယုတ်တရား လက်ယာအစွန်း တရားသို့လည်း မလိုက်စားကြနှင့်၊ (လိုက်စားလျှင် ဆင်းရဲကြလိမ့်မည်။)

အတ္တကိလမထာနုယောဂခေါ်တဲ့ မိမိကိုယ်ကို ပင်ပန်းအောင် ရေငုပ်၊ မီးလှုံ၊ ဆူးပုံပေါ်အိပ်ခြင်း အစရှိသော အလုပ်၊ ဒေါသ ဖြစ်အောင် အားထုတ်ခြင်းဆိုတဲ့ အယုတ်တရား လက်ဝဲအစွန်းတရား ကိုလည်း မလိုက်စားကြနှင့်၊ (လိုက်စားလျှင် ဆင်းရဲကြလိမ့်မည်။)

ထိုသို့ အယုတ်နှစ်ပါး အစွန်းနှစ်ပါးသို့ မလိုက်စားကြဘဲ မဂ္ဂင်ရှစ်ပါးဆိုတဲ့ အလယ်မဇ္ဈိမပဋိပတ် အကျင့်လမ်းကိုသာ လိုက်စား ပွားများအားထုတ်ကြ၊ (ထိုသို့ မဂ္ဂင်ရှစ်ပါးကိုသာ သင်ချစ်သား– ချစ်သမီးတို့ လိုက်စားပွားများ အားထုတ်ကြလျှင် ချမ်းသာကြလိမ့်မည်) ဟူ၍ ဆိုလိုရင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



ဤအရာ မဂ္ဂင်ရှစ်ပါး တရားတည်းဟူသော မဇ္ဈိမ ပဋိပတ်ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရာ၌ မဂ္ဂင်ရှစ်ပါး ရှိရာဝယ် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်အောင် အားထုတ်လျှင် ကျန်သောမဂ္ဂင်တရားများသည် ဒိနောက်ရေပါ ဟူသကဲ့သို့ ပါရှိပြီးသား ဖြစ်နိုင်ပါတယ်။ ဥပမာ မီးရထားခေါင်းတွဲ လမ်းမချော် မတိမ်းပါးလျှင် နောက်တွဲများလည်း လမ်းမှန်ကြသကဲ့သို့၊ ထို့အတူ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်အောင် အားထုတ်လျှင် (ဝါ) အမြင်မှန်၊ အသိမှန်ဖြစ်အောင် အားထုတ်လျှင် ကျန်သောမဂ္ဂင်များလည်း သမ္မာမဂ္ဂင် (မှန်သောမဂ္ဂင်)များ ဖြစ်ကြပါတော့သည်။ ထို့ကြောင့် ရထားခေါင်းတွဲနှင့်တူသော အမြင်အသိ (ဒိဋ္ဌိ)မဂ္ဂင်ကို အမြင်မှန် အသိမှန် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်အောင် ဓမ္မစကြာ၌ လာရှိသော -

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ။

အစရှိသော သစ္စာလေးပါး ပြသည့်စာပိုဒ် ၄ စုအတိုင်း အဓိပ္ပာယ်မြန်မာဘာသာဖြင့် သစ္စာဉာဏ်ဖြစ်အောင် ဤကဲ့သို့ ရွတ်ဆိုပွားများနှလုံးသားရပါမယ်။

၁။ ပဋိသန္ဓေ၊ အို၊ နာ၊ သေဟု
လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏။
မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်
လိုလဲမရ၊ အကျဉ်းပြသော်၊
ပဉ္စဥပါဒါ၊ ငါးခန္ဓာ
သစ္စာဒုက္ခ မှန်မောလှ။

http://www.dhammadownload.com



၂။ ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ သုံးပါးမှာ
သစ္စာသမုဒယ မှန်မောလှ။
၃။ တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ
သစ္စာနိရောဓ မှန်မောလှ။
၄။ နိဗ္ဗာန်ရောက်ကြောင်း၊
ကောင်းသောအသိ
ကောင်းဘိအကြံ၊
ကောင်းသံဆိုပြော၊
ကောင်းသောအပြု၊
ကောင်းမှုသက်မွေး၊
ကောင်းရေးလုံ့လ၊
ကောင်းထသတိ
ကောင်းဘိတည်ကြည်၊ ဤရှစ်မည်တွင် ညီမဂ္ဂ မှန်မောလှ။

ဤလင်္ကာ ၄ ပိုဒ်ကို နှုတ်တက် အရဆောင်၍ မပြတ်မပြတ် ရွတ်ဆိုနှလုံးသွင်းကြပါလျှင် မိမိတို့မှာ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၍ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေကြရပါလိမ့်မည် သူတော်ကောင်းတို့။

(၂) မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။

ပုဂ္ဂိုလ်တစ်ယောက်ယောက်၏ ကောင်းသောအကြောင်းကို ပုဂ္ဂလာဓိဋ္ဌာန်ပြော၍ မြှောက်လည်း မမြှောက်ပါနှင့်။ ပုဂ္ဂိုလ် တစ်ယောက်ယောက်၏ ကောင်းသောအကြောင်း၊ မကောင်းသော အကြောင်းကို ဓမ္မာဓိဋ္ဌာန်နည်းပြော၍ တရားကိုသာ ဟောပြောပါ။ ထိုသို့ဟောပြောလျှင် ချစ်သား-ချစ်သမီးတို့ ဆင်းရဲကင်းကွာ ချမ်းသာစွာနေကြလိမ့်မည်ဟု ဆိုလိုပါသည်။

http://www.dhammadownload.com



ဤအရာ၌ ကာမသုခလ္လိကာနုယောဂ လက်ယာစွန်း လိုက်ပါနေသူများ၊ အတ္တကိလမထာနုယောဂ လက်ဝဲစွန်း လိုက်ပါနေသူများကို ဤသူ ဤသူတို့သည် မိစ္ဆာပဋိပန္န ပုဂ္ဂိုလ်တွေ၊ ဖောက်ပြန်မှားယွင်းစွာ ကျင့်ကြံနေသော ပုဂ္ဂိုလ်တွေဟူ၍ ပုဂ္ဂလာဓိဋ္ဌာန နည်းအားဖြင့် ပြောဆိုလျှင် နှိမ်၍ပြောဆိုသည်မည်၏။ ထိုသို့နှိမ်၍ ပြောဆိုလျှင် နောက်ဆုံး၌ ဒေါသဖြင့် နိဂုံးအုပ်ရတတ်သည်။ ထိုသို့ ဒေါသဖြင့် နိဂုံးအုပ်ရခြင်းသည် ဆင်းရဲဒုက္ခ ရောက်ကြောင်းတရား ဖြစ်၏။ အယုတ်နှစ်ပါး အစွန်းနှစ်ပါးသို့ မလိုက်စားဘဲ အလယ်မဇ္ဈိမ ပဋိပတ်၌တည်သော ပုဂ္ဂိုလ်များကို ဤသူ ဤသူတို့သည် သမ္မာပဋိပန္နပုဂ္ဂိုလ်တွေ ကောင်းမွန်မှန်ကန်စွာ ကျင့်ကြံနေသော ပုဂ္ဂိုလ်တွေဟူ၍ ပုဂ္ဂလာဓိဋ္ဌာန နည်းအားဖြင့် ပြောဆိုလျှင် **မြှောက်၍ပြောသည်မည်၏**။ ထိုသို့ မြှောက်၍ပြောဆိုလျှင် နောက်ဆုံး၌ လောဘဖြင့် နိဂုံးအုပ်ရတတ်သည်။ ထိုသို့လောဘဖြင့် နိဂုံးအုပ်ခြင်းသည် ဆင်းရဲ ဒုက္ခ ရောက်ကြောင်းတရား ဖြစ်၏။

ထို့ကြောင့် ဆင်းရဲဒုက္ခရောက်ကြောင်းဖြစ်တဲ့ ပုဂ္ဂလာဓိဋ္ဌာန နည်းအားဖြင့် မြှောက်၍ပြောခြင်း၊ နှိမ်၍ပြောခြင်းမျိုးကို ချစ်သား ချစ်သမီးတို့ ရှောင်ကြဉ်ကြလေဟု ဆိုလိုပါတယ်။

အယုတ်နှစ်ပါး အစွန်းနှစ်ပါးသို့ လိုက်စားနေသူများကို ရှေးက ဆိုခဲ့ပြီးသော နည်းအတိုင်း ပုဂ္ဂလာဓိဋ္ဌာန နည်းအားဖြင့် မပြောဘဲ **'ထိုသူတို့၏ အကျင့်ကား မိစ္ဆာပဋိပတ်=ဖောက်ပြန်မှားယွင်းသော အကျင့်ဖြစ်သည်'** ဟူ၍သာ ဓမ္မာဓိဋ္ဌာန နည်းအားဖြင့် ပြောလျှင် နှိမ်သည်မမည်ဘဲ **'နောက်ဆုံး၌ ငါသည် ဤအကျင့်မျိုးမှ သတိရှိစွာ ရှောင်ကြဉ်မည်'** ဟူ၍ အဓိဋ္ဌာန်ကုသိုလ်များ

http://www.dhammadownload.com



ဖြင့် နိဂုံးအုပ်ရတတ်သည်။ ထို့အတူပင် အယုတ်နှစ်ပါးသို့ မလိုက်စားဘဲ ရှောင်ကြဉ်နေသူများ၊ မဂ္ဂင်ရှစ်ပါးကို ပွားများနေသူများကို ရှေးနည်းအတိုင်း ပုဂ္ဂလာဓိဋ္ဌာန နည်းအားဖြင့် မြှောက်၍မပြောဘဲ 'ထိုသူ၏ အကျင့်ကား သမ္မာပဋိပတ်=ကောင်းမွန်မှန်ကန်သော အကျင့်ဖြစ်သည်'ဟူ၍ သာ ဓမ္မာဓိဋ္ဌာန နည်းအားဖြင့် ပြောဆိုလျှင် **မြှောက်စားသည် မမည်ဘဲ နောက်ဆုံး 'ငါသည် ဤအကျင့်မျိုးကို ကျင့်ကြံမည်'ဟူ၍ အဓိဋ္ဌာန်ကုသိုလ်များဖြင့် နိဂုံးအုပ်ရတတ်သည်။** ထိုသို့ဓမ္မာဓိဋ္ဌာနနည်းဖြင့် ပြောဆိုခြင်းသည် တရားဟောသည် မည်ရကား ချမ်းသာစွာနေကြောင်း တရားဖြစ်သောကြောင့် ထိုတရားကို ချစ်သား ချစ်သမီးတို့ ပွားများကြိုးကုတ်အားထုတ်ကြလေဟု ဆိုလိုပါတယ်။

(၃) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တ။

ကာမသုခနှင့် နေက္ခမ္မသုခ (တစ်နည်း) မငြိမ်းအေးသောသုခနှင့် ငြိမ်းအေးသောသုခ (တစ်နည်း) ဗဟိဒ္ဓသုခနှင့် အဇ္ဈတ္တသုခ၊ ဤသုခနှစ်ပါးကို ပိုင်းခြားသိမြင်ပြီးလျှင် နေက္ခမ္မသုခ=ငြိမ်းအေးသောသုခ၊ အဇ္ဈတ္တသုခကို ပွားများကြရမည်၊ ထိုသို့ ပွားများလျှင် ချစ်သား-ချစ်သမီးတို့ ချမ်းသာစွာ နေရလိမ့်မည်ဟု ဆိုလိုပါသည်။

ထင်ရှားသိသာစေဦးမည်။ အလိုရှိအပ် တောင့်တအပ် နှစ်သက်အပ်သော အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို အကြောင်းပြု၍ ဖြစ်ရသော ချမ်းသာမှု သုခမျိုးကို ကာမသုခ, မငြိမ်းအေးသောသုခ အပြင်အပ ဗဟိဒ္ဓသုခဟူ၍ ခေါ်ဆိုရပါတယ်။ ဥက္ကဋ္ဌနည်းအားဖြင့် လောကီလောကုတ္တရာစျာန်လေးပါး သမထဝိပဿနာ ဘာဝနာများ

http://www.dhammadownload.com



ကို အကြောင်းပြု၍ ဖြစ်ရသော ချမ်းသာမှု သုခမျိုးကို နေက္ခမ္မသုခ= ငြိမ်းအေးသောသုခ, အတွင်းကျသော အဇ္ဈတ္တသုခဟူ၍ ခေါ်ဆိုရပါသည်။

ထိုနှစ်မျိုးတို့တွင် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို အကြောင်းပြု၍ ဖြစ်ရသော ကာမသုခ၊ မငြိမ်းအေးသော သုခ၊ အပြင်အပ ဗဟိဒ္ဓသုခမျိုး၌ ထိုအာရုံကို ရှာမှီးရခြင်းဒုက္ခ, ရှာပါသော်လည်း မရလျှင် စိတ်ဆင်းရဲခြင်းဒုက္ခတို့ ဝိုင်းဝိုင်းလည်နေသောကြောင့် ထိုသုခမျိုးကို မပွားများကြလေနှင့်။ လောကီ, လောကုတ္တရာ ဈာန်ချမ်းသာ သမထဝိပဿနာတို့ကို အကြောင်းပြု၍ဖြစ်ရသော နေက္ခမ္မသုခ=ငြိမ်းအေးသောသုခ, အဇ္ဈတ္တသုခတို့၌ကား ထိုသုခကို အလိုရှိလျှင် အချိန်မရွေး အလိုရှိသော အချိန်မှာပင် ပွားများ၍ အလွယ်တကူ ရရှိနိုင်သောကြောင့် ထိုသုခမျိုးကို ပွားများ၍နေလျှင် ချစ်သားချစ်သမီးတို့အဖို့ရာ နေ့နေ့ညည, အခါခပ်သိမ်း ချမ်းသာစွာ နေနိုင်ကြောင်းဖြစ်၍ ထိုနေက္ခမ္မ=ငြိမ်းအေးသောသုခ, ကိုယ်တွင်းအဇ္ဈတ္တသုခကို ချစ်သားချစ်သမီးတို့ ပွားများကြလေဟု ဆိုလိုပါသည်။

(၄) မျက်မှောက်မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကြောင်းအရာကို ထိုသူ၏ မျက်မှောက်၌ ဖြစ်စေ ပြောမည်ကြံလျှင် ပြောသင့်မပြောသင့်စကားကို ခွဲခြားပြီးမှ၊ ပြောသင့်သောစကားဖြစ်လျှင် ပြောခွင့်ကိုကြည့်၍ ပြောဆိုခြင်းသည် ချမ်းသာစွာနေကြောင်း တရားဖြစ်၏ဟု ဆိုလိုပါသည်။

ချဲ့ဦးအံ့။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကြောင်းအရာစကားကို ထိုသူ၏ မျက်မှောက်မျက်ကွယ် နှစ်သွယ်လုံး၌ပင် ပြောမည်ကြံလျှင် ထိုစကားကို ပြောသင့်မပြောသင့် ရှေးဦးစွာ ဆင်ခြင်ရပါမယ်။

http://www.dhammadownload.com



ဆင်ခြင်ပုံကား ...

(၁) မိမိပြောမည့် ထိုသူ၏ အကြောင်းအရာ စကားသည် ဟုတ်လည်း မဟုတ်၊ မှန်လည်းမမှန်၊ အကျိုးလည်းမရှိသော စကားမျိုးဖြစ်ခဲ့ပါလျှင် ထိုစကားမျိုးကို လုံး၀ မပြောကြားပါနှင့်။

(၂) မိမိပြောမည့် ထိုသူ၏ အကြောင်းအရာ စကားသည် ဟုတ်လည်း ဟုတ်၊ မှန်လည်း မှန်သော်လည်း ပြော၍အကျိုးမရှိသော စကားဖြစ်ခဲ့လျှင် ထိုစကားမျိုးကို မပြောကြားပါနှင့်။

(၃) မိမိပြောမည့် ထိုသူ၏ အကြောင်းအရာ စကားသည် ဟုတ်လည်း ဟုတ်၊ မှန်လည်း မှန်၊ အကျိုးလည်း ရှိနိုင်သော စကားမျိုးဖြစ်ခဲ့လျှင်သော်မှလည်း ပြောဖို့ရန် အချိန်အခါ မရောက်သေးလျှင်လည်းကောင်း၊ ပြောဖို့ရန် အချိန်အခါကို လွန်သွားလျှင်လည်းကောင်း၊ မပြောဆိုမူ၍ ယခုအချိန်၌ ပြောဆိုလျှင် လူအများ နာယူကြလိမ့်မည်'ဟု သင့်လျော်လျောက်ပတ်သော အချိန်အခါကို စဉ်းစားဆင်ခြင် သိမြင်ပြီးမှသာ ပြောဆိုရမည်။

ဤသို့ ပြောသင့်သော အချိန်အခါကို ကောင်းစွာသိမြင် ဆင်ခြင်ပြီးမှ ပြောသင့်သောစကားကို ချစ်သား-ချစ်သမီးတို့ ပြောကြားကြလျှင် ချမ်းသာစွာ နေကြရပေလိမ့်မည်ဟု ဆိုလိုပါသည်။

(၅) မလျင်မဆော၊ စကားပြော၊ ပြေချောမွေ့သိမ်စွ။

စကားပြောလျှင်လည်းကောင်း၊ တရားဟောလျှင်လည်းကောင်း အလျင်တဆော အရေးတကြီး ပျာယီးပျာယာ မပြောပါနှင့်၊ မဟောပါနှင့်။ မလျင်မဆော ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့စကားပြောပါ၊ တရားဟောပါဟု ဆိုလိုပါသည်။

http://www.dhammadownload.com



ဤ၌ အလျင်တသော အရေးတကြီး ပျာယီးပျာယာ စကားပြော တရားဟောသူ၏ အဖို့ရာ ...

(၁) ကိုယ်ပင်ပန်းခြင်း

(၂) စိတ်နွမ်းခြင်း

(၃) အသံပျက်ခြင်း

(၄) လည်ချောင်းနာခြင်း

(၅) ထိုသူ၏စကားကို တဘက်သား နားမလည်ခြင်း, မသန့်ရှင်းခြင်း ဟူသော အပြစ်ငါးပါးတို့ ဖြစ်ရှိလေသည်။

မလျင်မသော ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ စကားပြော တရားဟောသူ၏ အဖို့ရာ ..

(၁) ကိုယ်လည်း မပင်ပန်းခြင်း

(၂) စိတ်လည်း မနွမ်းခြင်း

(၃) အသံလည်း မပျက်ခြင်း

(၄) လည်ချောင်းလည်းမနာခြင်း

(၅) ထိုသူ၏စကားကို တဘက်သားတို့ နားလည်ခြင်း, သန့်ရှင်းခြင်း ဟူသော အကျိုးငါးပါးတို့ ဖြစ်ရှိလေသည်။ ထို့ကြောင့် မလျင်မသော စကားပြောလေ၊ တရားဟောလေဟု ဆိုလိုပါတယ်။

(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရဏ။

ပစ္စည်းဝတ္ထု တစ်ခုခုအတွက် ဝေါဟာရစကား အသုံးအနှုန်းနှင့် ပတ်သက်၍ မိမိတို့ အရပ်သုံး ဝေါဟာရနှင့် အခြားဒေသ အရပ်သုံး ဝေါဟာရ မတူညီခဲ့သော် 'မိမိတို့၏အရပ်သုံး ဝေါဟာရကသာ မှန်သည်၊ အခြားဒေသ အရပ်သုံး ဝေါဟာရကား အလကား အမှားဟူ၍ လွန်လွန်ကျူးကျူး မပြောဆိုပါနှင့်ဟူ၍ ဆိုလိုသည်။

http://www.dhammadownload.com



ဤ၌ ပစ္စည်းဝတ္ထု တစ်ခုခုအတွက် အရပ်သုံး ဝေါဟာရစကားနှင့် ပတ်သက်၍ အချို့ပစ္စည်းများကို အချို့အရပ်၌ ဝေါဟာရတစ်မျိုး၊ အချို့အရပ်၌ ဝေါဟာရတစ်မျိုး ခေါ်ဝေါ်သုံးစွဲပုံ ကွဲပြားမှု ရှိတတ်သည်။ ဥပမာ–လှည်းဆရာတို့ ကိုင်သည့်နွားမောင်းသော နှင်တံကို အချို့အရပ်၌ 'နကန်'ဟုခေါ်၍ တချို့အရပ်၌ 'တံဖျာ'ဟု ခေါ်ဆို သုံးနှုန်းကြလေသည်။ 'နကန်'ဟုခေါ်ဆိုသုံးနှုန်းသော အရပ်သား တစ်ယောက်သည် အခြား 'တံဖျာ'ဟု ခေါ်ဆိုသုံးနှုန်းသော အရပ် တစ်ပါးသို့ ရောက်သွားလျှင် ထိုအရပ်တစ်ပါးရှိ လူတို့ကို သင်တို့၏ 'တံဖျာ' ဟူသော ဝေါဟာရသည် အချည်းနှီး အလကား မမှန်ဘူး၊ ငါတို့အရပ်က သုံးသည့် 'နကန်' ဟူသော ဝေါဟာရကသာ မှန်သည်' ဟူ၍ အစွဲပြင်းစွာ ပြောဆိုလျှင် ထိုသူသည် မိမိ၏အရပ်သုံး ဝေါဟာရ ကိုသာ အစွဲပြင်း၍ ရောက်ရာအရပ်၏ ဝေါဟာရကို ကျူးကျော်သော သူ ဖြစ်လေသည်။ ထိုသို့ ကျူးကျော်လျှင် ထိုသူသည် ထိုအရပ်ရှိ ဒေသခံလူများနှင့် အငြင်းပွား၍ ဆင်းရဲဒုက္ခ များမည် အမှန်ပင် ဖြစ်လေသည်။

သို့ရကား အရပ်တစ်ပါး ရောက်သွားသောသူသည် ထိုရောက်ရာ အရပ်၌ ပစ္စည်းဝတ္ထု တစ်ခုခုအတွက် မိမိအရပ်သုံး ဝေါဟာရနှင့် ထိုရောက်ရာ အရပ်သုံး ဝေါဟာရတို့ ကွဲပြားနေခဲ့သော် 'ငါတို့ အရပ် သုံး ဝေါဟာရကသာ မှန်၏၊ သင်တို့အရပ်သုံး ဝေါဟာရကား အချည်းနှီး အလကား အမှားပဲ'ဟူ၍ အငြင်းမပွားဘဲ ထိုအရပ်တစ်ပါး၌ နေသမျှကာလပတ်လုံး 'ဤအရပ်နေ အရှင်တို့သည် ဤသို့ ခေါ် ဝေါ်သုံးစွဲကြပါတကား'ဟု အရပ်စကားကို နားလည်ပြီးလျှင် ထို အရပ်၌ နေသမျှကာလပတ်လုံး ထိုပစ္စည်းကို ထိုအရပ်သုံး ဝေါဟာရ ဖြင့်သာ ပြောဆို၍ အငြင်းမပွားဘဲနေမှသာလျှင် ချမ်းသာမည်။

http://www.dhammadownload.com



ထို့ကြောင့် ချစ်သားချစ်သမီးတို့လည်း မိမိတို့အရပ်မှ အခြား အရပ်တစ်ပါးသို့ ရောက်ရှိသောအခါ ပစ္စည်းဝတ္ထု တစ်ခုခုနှင့်စပ်၍ ဝေါဟာရ အသုံးအနှုန်း ကွဲပြားခဲ့သော် 'ငါတို့အရပ်သုံး ဝေါဟာရက သာ မှန်၏၊ သင်တို့အရပ်သုံး ဝေါဟာရကား အချည်းအနှီးအလကား အမှား'ဟု ထိုဒေသအရပ်သုံးစကားကို လွန်ဆန်ကာ အငြင်းမပွားကြ ဘဲ ထိုဒေသ၌ နေသမျှ ထိုအရပ်သုံး ဝေါဟာရအတိုင်းသာ ခေါ်ဆို သုံးစွဲပြောဟော၍ ချမ်းသာစွာနေကြကုန်ရာသည်ဟု ဆိုလိုပါသည်

ဒကာဒကာမအပေါင်း သူတော်ကောင်းတို့ ... ဘုရားလက်ထက် တော်အခါ အနာထပိဏ်သေဋ္ဌေး၏ ညီအရင်းဖြစ်သော အရှင် သုဘူတိ ရဟန္တာမထေရ်မြတ်သည် ဤ 'ဆင်းရဲကင်းကွာ ချမ်းသာ ရေး တရားခြောက်ပါး'တို့နှင့် အမြဲတစေ နေတော်မူကြောင်း မြတ်စွာ ဘုရား ချီးမွမ်းတော်မူ၍ ဧတဒဂ်ဘွဲ့ထူးကို ချီးကျူးအပ်နှင်းတော် မူသည်ကို အာရုံပြုကြ၍ အသင်သူတော်ကောင်းတို့သည်လည်း ဤ အရဏဝိဘင်္ဂသုတ္တန်လာ ဆင်းရဲကင်းကွာ ချမ်းသာရေးတရား ခြောက်ပါးတို့ကို မခြားနေ့-ည ကျင့်ဆောင်နိုင်ကြ၍ ဒုက္ခခပ်သိမ်း အကြွင်းမဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ပရမတ် အသခ်တဓာတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်မှန် လျင်မြန်သော ဝိပဿနာဉာဏ် ရည်သန်ရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့နှင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်င မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဦးဝိစိတ္တသာရာဘိဝံသ
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

http://www.dhammadownload.com



### ၁၃၄၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
### နှစ်ဆန်းတစ်ရက်နေ့တွင်
### အသံလွှင့်ဟောကြားအပ်သော
## မင်္ဂလာတရားတော်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြသည့် ကလျာဏနွယ်ဝင် သူတော်စင်ဒကာ ဒကာမ အပေါင်းတို့ ...။ ယနေ့ ၁၃၄၄ ခုနှစ်၏ နှစ်ဆန်းတစ်ရက် မင်္ဂလာ အခါတော်နေ့၌ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့အား မင်္ဂလာတရားတော်နှင့်စပ်၍ အထူးမှတ်ဖွယ်တို့ကို အသိပေး ဟောကြားလိုပါတယ်။

ထိုထို လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ သန္တာန်=ခန္ဓာအစဉ်၌ စီးပွားချမ်းသာ ကောင်းကျိုးတို့ကို ရစေနိုင်, ဖြစ်စေနိုင်သည့် အကြောင်းတရားများကို ပါဠိလို မင်္ဂလ၊ မြန်မာလို မင်္ဂလာဟူ၍ ခေါ်ဆိုပါတယ်။ 'စီးပွားချမ်းသာ ကောင်းကျိုးရကြောင်းတရား'ဟု ဆိုလိုပါတယ်။ ထိုစီးပွားချမ်းသာ ကောင်းကျိုးရကြောင်း မင်္ဂလာ တရားနှင့် ပတ်သက်၍ မြတ်စွာဘုရား လက်ထက်တော်တုန်းက (အကျဉ်းချုပ်အား ပြောကြားရလျှင် ...)

က–အချို့လူများက ကောင်းသော၊ မိမိအလိုရှိအပ်သော အဆင်း အာရုံကို မြင်ရခြင်းကို မင်္ဂလာဟု ယူဆကြတယ်။

ခ–အချို့လူများက ကောင်းသော၊ မိမိအလိုရှိအပ်သော အသံ အာရုံကို ကြားရခြင်းကို မင်္ဂလာဟု ယူဆကြတယ်။

http://www.dhammadownload.com



ဂ–အချို့ လူများကတော့ ကောင်းသော၊ မိမိအလိုရှိအပ်သော အနံ့အာရုံ၊ အရသာအာရုံ၊ အတွေ့အာရုံတို့ကို နမ်းရှုရ၊ စားသောက်ရ၊ တွေ့ထိရခြင်းကို မင်္ဂလာဟု ယူဆကြတယ်။

က–အမှတ်ပြု လူများကို ဒိဋ္ဌမင်္ဂလာသမားတွေဟု ခေါ်ဆိုရတယ်။

ခ–အမှတ်ပြု လူများကိုတော့ သုတမင်္ဂလာသမားတွေ။

ဂ–အမှတ်ပြု လူများကိုတော့ မုတမင်္ဂလာသမားတွေဟု ခေါ်ဆိုရတယ်။

ထိုသို့ လူများ အယူအဆ သုံးစု ကွဲပြားကြသောကြောင့် ထိုလူတို့၏ ကိုယ်စောင့်နတ်များကအစ အရိယာနတ်ဗြဟ္မာတို့ကို ချန်လှပ်၍ ကျန်သော နတ်, ဗြဟ္မာတွေလဲ အယူအဆ သုံးစုပင် ကွဲပြားခဲ့ကြတယ်။ တစ်စုရဲ့ မင်္ဂလာတရား အရကောက် အယူအဆကို ကျန်တဲ့ နှစ်စုတို့က သဘောမကျ လက်မခံနိုင်ကြဘဲ နှစ်ပေါင်း ၁၂–နှစ်ကြာညောင်းလာသောအခါ (ဇာတ် အဋ္ဌကထာအလို) သိကြားမင်းသည် နတ်, ဗြဟ္မာ ကုဋေပေါင်းများစွာတို့နှင့်တကွ သာဝတ္ထိပြည် ဇေတဝန်ကျောင်း မြတ်စွာဘုရား အထံတော်သို့ လာရောက်၍ **'ဗဟူ ဒေဝါ မနုဿာ စ'** အစရှိသော ဂါထာဖြင့် မြတ်စွာဘုရားကို မေးလျှောက်၍ မြတ်စွာဘုရားက **'အသေဝနာ စ ဗာလာနံ'** အစရှိသော ဂါထာတို့ဖြင့် လူမိုက်ကို မမှီဝဲ မပေါင်းသင်းခြင်း၊ ပညာရှိကို မှီဝဲပေါင်းသင်း ဆည်းကပ်ခြင်း အစရှိသော မဟာမင်္ဂလာတရား ၃၈ ပါးတို့ကို အကျယ်တဝင့် ဟောပြတော်မူတော့မှ နတ်, ဗြဟ္မာအားလုံး တညီတညွတ်တည်း လက်ခံကြ၊ သဘောကျကြသည်သာမက မင်္ဂလာတရား နာကြားကြ၍ နတ်, ဗြဟ္မာအပေါင်း ကုဋေတစ်သိန်း

http://www.dhammadownload.com



ရဟန္တာ ဖြစ်ကြတယ်။ သောတာပန် အရိယာ စသည်ဖြစ်ကြတဲ့ နတ်, ဗြဟ္မာတို့ကား မရေမတွက်နိုင်လောက်အောင် များလှပါတယ်။ နောက်တစ်နေ့၌ မြတ်စွာဘုရားက အရှင်အာနန္ဒာအား အကြောင်း အကျိုး မိန့်ကြားကာ တဖန် ဟောကြားတော်မူသောကြောင့် ယနေ့ တိုင်အောင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ထိုမဟာမင်္ဂလာတရား ၃၈ ပါးတို့ကို နာယူမှတ်သား ပွားများကျင့်သုံးကြရ၍ ကောင်းကျိုး တွေ အနန္တတို့ကို ရရှိကြပါတယ်။

ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့ ... အသင် သူတော် ကောင်းတို့သည် ဤ မဟာမင်္ဂလသုတ်လာ မဟာမင်္ဂလာတရား ၃၈ ပါးတို့ကို နာယူမှတ်သား ပွားများကျင့်သုံးကြသဖြင့် အသင် သူတော်ကောင်းတို့၏ ဉာဏ်၌ ထို ၃၈ ဖြာ မင်္ဂလာတရားတို့သည် ထင်ရှားသိသာလျက် ရှိနေကြပါတယ်။ ဤမင်္ဂလသုတ်ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မင်္ဂလာ တရား ၃၈ ပါးတို့ကို အသင်သူတော်ကောင်းတို့အား ဗဟုသုတ ဖြစ်ရေး အသိဉာဏ်ပေးလိုပါတယ်။

တစ်ခုသောဘဝ၌ အကျွန်ုပ်တို့၏ မြတ်စွာဘုရား အလောင်း တော်သည် တပည့်ရသေ့ ပရိသတ်ငါးရာ အခြံအရံရှိတဲ့ ရက္ခိတ အမည်ရှိသော ဈာန်အဘိညာဉ်ရသည့် ဆရာရသေ့သူမြတ်ဖြစ်၍ ဟိမဝန္တာ၌ နေတော်မူစဉ် သူ၏တပည့်ရသေ့ငါးရာတို့ မိုးရာသီ ကာလ၌ ချဉ်ဆားမှီဝဲရန် ဟိမဝန္တာမှ ဗာရာဏသီသို့ သွားကြ၍ မင်း၏ဥယျာဉ်၌ နေကြစဉ် ဗာရာဏသီပြည်ဝယ် ဤယခု ဘုရား လက်ထက်တော်မှာကဲ့သို့ပင် မင်္ဂလာ အယူအဆ သုံးစု ကွဲကြ၍ ဗာရာဏသီမင်းနှင့်တကွ လူအများ ရသေ့တို့ကို မေးလျှောက်ကြလေ

http://www.dhammadownload.com



ရာ ရှင်ရသေ့များက မိမိတို့ မသိကြောင်း၊ ဟိမဝန္တာမှာ နေရစ်သည့် မိမိတို့၏ဆရာ ရက္ခိတရသေ့သည် လူအားလုံး လက်ခံနိုင်လောက်အောင် ဤမင်္ဂလာပြဿနာကို ဖြေရှင်းဟောကြားနိုင်လိမ့်မည် ဖြစ်ကြောင်း ပြောကြသဖြင့် ဗာရာဏသီမင်း၏ တောင်းပန်ချက်အရ ထိုရသေ့တို့ ဟိမဝန္တာသို့ ပြန်လာကြ၍ ဆရာဖြစ်သူ ရက္ခိတရသေ့အား မင်္ဂလာပြဿနာကို ဖြေရှင်းဟောကြားရန် တောင်းပန်ကြပြီး အရှင်သာရိပုတ္တရာအလောင်း အကြီးဆုံးတပည့်ရသေ့က ...

ကိံ သု နရော ဇပ္ပ+မဓိစ္စ ကာလေ

စသော ဂါထာဖြင့် မင်္ဂလာပုစ္ဆာ ပြဿနာကို မေးလျှောက်လေရာ ဘုရားအလောင်းတော် ရက္ခိတရသေ့သည် သဗ္ဗညုမြတ်စွာဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် မင်္ဂလာတရား ၈ ပါးတို့ကို ဟောကြားတော်မူခဲ့ပါတယ်။ အသင်သူတော်ကောင်းတို့ ကျက်မှတ်ကြည်ညိုနိုင်ရန် အလောင်းတော် ရက္ခိတရှင်ရသေ့ ဟောကြားတော်မူအပ်သော ဂါထာပါဠိ အပြည့်အစုံနှင့်တကွ ထိုဂါထာပုဒ်တို့၏ ဆိုလိုရင်း အဓိပ္ပာယ်ချုပ်တို့ကို ယခုထုတ်နုတ်၍ ဟောပြပါမည်။

(၁)

ယဿ ဒေဝါ ပိတရော စ သဗ္ဗေ၊
သရီသပါ သဗ္ဗဘူတာနိ စာပိ။
မေတ္တာယ နိစ္စံ အပစိတာနိ ဟောန္တိ၊
ဘူတေသု ဝေ သောတ္ထာနံ တ+ဒါဟု။

ဆိုလိုရင်းမှာ ... အားလုံးသော နတ်၊ ဗြဟ္မာ၊ မြွေကင်း၊ ထိုမှ ကြွင်းသည့် သတ္တဝါအားလုံးတို့ကို အရပ်ဆယ်မျက်နှာအနန္တ အပ္ပနာ မေတ္တာတရား အမြဲမပြတ် ပွားများခြင်းသည် သတ္တဝါတို့ကို အမှီပြု

http://www.dhammadownload.com



အကြောင်းပြု၍ ရအပ်သည့် မျက်မှောက် တမလွန်ဘဝ နှစ်တန်တို့၌ စီးပွားချမ်းသာ ကောင်းကျိုးရကြောင်း ကောင်းမြတ်သော မင်္ဂလာ ဖြစ်သည် ... ဟု ဘုရား အစရှိသော ပညာရှိတို့ မိန့်ဆိုကြကုန်ပြီ။

(၂)

ယော သဗ္ဗ လောကဿ နိဝါတဝုတ္တိ၊
ဉ္ဉတ္တိပုမာန် သဟာဒါရကာနံ။
ခန္တာ ဒုရုတ္တာန+မပ္ပဋိကူလဝါဒီ၊
အဓိဝါသနံ သောတ္ထာနံတ+ဒါဟု။

ဆိုလိုရင်းမှာ ... သတ္တဝါအားလုံးတို့၏ အပေါ်၌ နူးညံ့သော စိတ်ထားရှိလျက် မာန်မာနကို နှိမ်ချကာ ကလေးသူငယ်များကပါ မကျန် မိန်းမ, ယောကျ်ားများက မိမိကို ရန့်ရင်း ရိုင်းပျ ကြမ်းတမ်းသော စကား ပြောကြားစေကာမူ မိမိက ဖက်ပြိုင်၍ ဆန့်ကျင်စကား မပြောကြားဘဲ လိုက်လျောညီထွေ ပြေပြေပြစ်ပြစ် ပြောကြားကာ သည်းခံခြင်းသည် မျက်မှောက်တမလွန် ဘဝနှစ်တန်တို့၌ စီးပွားချမ်းသာ ကောင်းကျိုးရကြောင်း ကောင်းမြတ်သော မင်္ဂလာဖြစ်သည်။

(၃)

ယော နာဝဇာနာတိ သဟာယမတ္တေ၊
သိပ္ပေန ကုလျာဟိ ဓနေန ဇစ္စာ။
ရုစိပညော အတ္ထကာလေ မတိမာ၊
သဟာယေသု ဝေ သောတ္ထာနံ တ+ဒါဟု။

ဆိုလိုရင်းမှာ တစ်စုံတစ်ရာ အကြောင်းကိစ္စ ဖြစ်ပေါ်လာသော အခါ ကောင်းသော ဉာဏ်ပညာကို လက်ကိုင်ထား၍ မြေမှုန့်ကစား

http://www.dhammadownload.com



ဘက် သူငယ်ချင်း ၁၀ နှစ်၊ ၁၂ နှစ်ကြာ အတူနေဖူးသော သူများကို အတတ်ပညာ အမျိုးဂုဏ်သိရ် ဥစ္စာဓနေ ဇာတ်အားဖြင့် အထင်သေးမှု မပြုခြင်းသည် သူငယ်ချင်းတို့ကို အမှီပြု အကြောင်းပြု၍ ရအပ်သော မျက်မှောက်–တမလွန် ဘဝနှစ်တန်တို့၌ စီးပွားချမ်းသာ ကောင်းကျိုး ရကြောင်း ကောင်းမြတ်သော မင်္ဂလာ ဖြစ်သည် ...။

(၄)

မိတ္တာနိ ဝေ ယဿ ဘဝန္တိ သန္တော၊
သံဝိဿတ္ထာ အဝိသံဝဒါဒကဿ။
န မိတ္တဒုဗ္ဘီ သံဝိဘာဂီ ဓနေန၊
မိတ္တေသု ဝေ သောတ္ထာန် တ+ဒါဟု။

ဆိုလိုရင်းမှာ ... မိမိကိုယ်နှိုက်က သစ္စာရှိ၍ အကျွမ်းတဝင် ခင်မင်ရင်းနှီးသည့် သူတော်ကောင်း မိတ်ဆွေရှိခြင်း၊ မိမိက မိတ်ဆွေ ကောင်းတို့အား မပြစ်မှားဘဲ ဥစ္စာဖြင့် (ဥစ္စာကို) ဝေဖန်ခွဲခြားပေးကမ်း မ,စခြင်းများသည် မိတ်ဆွေတို့ကို အမှီပြု အကြောင်းပြု၍ ရအပ်သော မျက်မှောက်တမလွန် ဘဝနှစ်တန်တို့၌ စီးပွားချမ်းသာ ကောင်းကျိုး ရကြောင်း ကောင်းမြတ်သောမင်္ဂလာ ဖြစ်သည် ...။

(၅)

ယဿ ဘရိယာ တုလျဝယာ သမဂ္ဂါ၊
အနုဗ္ဗတာ ဓမ္မကာမာ ပဇာတာ။
ကောလိနိယာ သီလဝတီ ပတိဗ္ဗတာ၊
ဒါရေသု ဝေ သောတ္ထာန် တ+ဒါဟု။

http://www.dhammadownload.com



ဆိုလိုရင်းမှာ ... အိမ်ထောင်စု၏ ရှေ့သွား မင်းယောကျ်ား၏ အဖို့ရာ အမျိုးမြင့်၍ ကိုယ်ကျင့်ကောင်းမွန် လင်ဝတ်မချွတ်စေဘဲ လင့်အလိုကြိုက် လိုက်လျက် သုစရိုက်ကို လိုလားကာ သည်းချာသမီးသား ဖြစ်ထွန်းကာသည့် သက်တူရွယ်မျှ စိတ်ဝမ်းမကွဲပြားသည့် ဒေနီးမယားရှိခြင်းသည် အိမ်ရှင်မတို့ကို အမှီပြု အကြောင်းပြု၍ ရအပ်သော မျက်မှောက် တမလွန် ဘဝနှစ်တန်တို့၌ စီးပွားချမ်းသာ ကောင်းကျိုးရကြောင်း ကောင်းမြတ်သော မင်္ဂလာဖြစ်သည် ...။

(၆)

ယဿ ရာဇာ ဘူတပသီ ယဿဿီ၊
ဇာနာတိ သောစေယျံ ပရက္ကမဉ္စ။
အဒွေဇ္ဈတာ သုဟဒ+ယံ မမန္တိ၊
ရာဇူသု ဝေ သောတ္ထာနံ တ+ဒါဟု။

ဆိုလိုရင်းမှာ ... မင်းမှုထမ်း ရာထမ်းများအဖို့ရာ စည်းစိမ်ခြွေရံ လောကင်ပြည့်ဖြိုးသည့် လူတို့သခင် ပြည့်ရှင်မင်းက 'ဤသူကား ကိုယ်ကျင့်စင်ကြယ်သူ၊ ခွဲ, လုံ့လကြီးသူ၊ ငါနှင့်ရာသက်ပန် စိတ်ဝမ်းမကွဲမည့်သူ၊ ငါ့အပေါ်မှာ စိတ်ကောင်း အမြဲထားသူ'ဟု အသိအမှတ်ပြု ခံရအောင် ကျင့်ကြံနေထိုင်ခြင်းသည် မင်းတို့ကို အမှီပြုအကြောင်းပြု၍ ရအပ်သော မျက်မှောက်တမလွန် ဘဝနှစ်တန်တို့၌ စီးပွားချမ်းသာ ကောင်းကျိုးရကြောင်း ကောင်းမြတ်သော မင်္ဂလာဖြစ်သည် ...။

http://www.dhammadownload.com



(၇)

အန္နဉ္စ ပါနဉ္စ ဒဒါတိ သဒ္ဓေါ၊
မာလဉ္စ ဂန္ဓဉ္စ ဝိလေပနဉ္စ။
ပသန္နစိတ္တော အနုမောဒမာနော၊
သဂ္ဂေသု ဝေ သောတ္ထာ နံ တ+ဒါဟု။

ဆိုလိုရင်းမှာ ... လူတိုင်း၏အဖို့ရာ သဒ္ဓါရွှန်းစို ကြည်ညိုသော စိတ်ရှိလျက် နှစ်သက်အားရမ်း ဝမ်းမြောက်ဝမ်းသာ အလှူခံလာသော ပုဂ္ဂိုလ်တို့အား စားဖွယ်သောက်ဖွယ် ပန်းနံ့သာ, နံ့သာ, ပျောင်းစသော လှူဖွယ်ဝတ္ထုကောင်းများကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် နတ်ပြည်လောကတို့၌ စီးပွားချမ်းသာ ကောင်းကျိုးရကြောင်း ကောင်းမြတ်သော မင်္ဂလာဖြစ်သည် ...။

ယ+မရိယဓမ္မေန ပုနန္တိ ဝုဒ္ဓါ၊
အာရာမိတာ သမစရိယာယ သန္တော။
ဗဟုဿုတာ ဣသယော သီလဝန္တော၊
အရဟန္တမဇ္ဈေ သောတ္ထာနံ တ+ဒါဟု။

ဆိုလိုရင်းမှာ ... လူတိုင်း၏ အဖို့ရာ ပဋိဝေဓ ဗဟုသုတ ပျံ့ပျူးကျေးဇူးကုံ သီလလျှမ်းဖိတ် ကိုယ်စိတ်ငြိမ်စွာ ပညာကြီးမား ရဟန္တာအရှင်မြတ်များက အားရဝမ်းသာ သမ္မာပဋိပတ် အရိယာတို့၏ အကျင့်မြတ်ဖြင့် ကိလေသာ အညစ်အကြေး ကင်းဝေးဖြူစင်အောင် အချီးမြှောက် ခံရခြင်းသည် ရဟန္တာတို့ အလယ်၌ (ဝါ ... ရဟန္တာအရှင်တို့ကို အမှီပြု အကြောင်းပြု၍ ရအပ်သော) မျက်မှောက်တမလွန်ဘဝနှစ်တန်တို့၌ စီးပွားချမ်းသာ ကောင်းကျိုးရကြောင်း ကောင်းမြတ်သော မင်္ဂလာဖြစ်သည် ... ဟု ဘုရားအစရှိသော ပညာရှိ

http://www.dhammadownload.com



တို့ မိန့်ဆိုကြကုန်ပြီ။

ဧတာနိ ခေါ် သောတ္တာနာနိ လောကေ၊
ဝိညူပ္ပသတ္ထာနိ သုခုဒြယာနိ။
တာနိ+စ သေဝေထ နရော သပညော၊
နဟိ မင်္ဂလေ ကိဉ္စန+မတ္ထိ သစ္စံ။

ဆိုလိုရင်းမှာ ... ဤဂါထာရှစ်ပုဒ်တို့ဖြင့် ထုတ်ဆိုအပ်ခဲ့ပြီးသည့်

၁။ သတ္တဝါအားလုံးတို့၌ မေတ္တာတရားပွားများခြင်း၊

၂။ သတ္တလောက အပေါ်ဝယ် မာန်မာန နှိမ်ချ၊ သူတို့ပြောသမျှကို သည်းခံခြင်း၊

၃။ အကြောင်းကိစ္စရှိသောအခါ ဉာဏ်ပညာရှေ့သွားပြုလျက် သူငယ်ချင်းတို့ကို အထင်မသေးခြင်း၊

၄။ မိတ်ဆွေတို့အား မပြစ်မှားဘဲ သစ္စာတရား စောင့်သိကာ ဥစ္စာပေးကမ်း၍ အကျွမ်းတဝင် ခင်မင်ရင်းနှီးခြင်း၊

၅။ အမျိုးဂုဏ်ဖြင့် ကိုယ်ကျင့်ကောင်းစွာ, သည်းချာထွန်းကား, ငါးပါးဝတ်ကြွယ်, သက်တူရွယ်မျှ ညီညွတ်သော အိမ်ရှင်မ ရှိခြင်း၊

၆။ မှူထမ်း ရာထမ်းတို့ အဖို့ရာ လူတို့သခင် အရှင်မင်းမြတ်က ယုံမှတ်အားကိုးခံရအောင် ကျင့်ခြင်း၊

၇။ ဝတ္ထုဆယ်ဖြာ လှူဖွယ်ရာကို သဒ္ဓါရွှင်လန်း ဝမ်းမြောက်ကြည်မွေ့စွန့်ကြဲ လှူဒါန်းလေ့ရှိခြင်း။

၈။ ရဟန္တာသခင် အရိယာအရှင်တို့က အရိယမဂ်ဖြင့် ကိလေသာ စင်ကြယ်အောင် အချီးအမြှောက် ခံရခြင်း။

http://www.dhammadownload.com



ဤရှစ်သင်းတို့သည် လောက၌ ပညာရှင်တို့ ချီးမွမ်းအပ်သည့် သုခပွားတိုး ကောင်းကျိုးရကြောင်း မင်္ဂလာကောင်းများ ဖြစ်ကြ၍ ထိုရှစ်ဝတို့ကို ဉာဏ်ရှိသူ မှန်သမျှ မှီဝဲရမည်၊ ဉာဏ်မဲ့သူ လူတွေ တွေးကြသည့် ရှေးဖော်ပြရာပါ ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ ဤသုံးဖြာ၌ မှန်ကန်မှု သစ္စာ သဘောမျိုး တစိုးတစိ မရှိချေ။

ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့ ...။ အသင် သူတော်ကောင်းတို့သည် ဒသကနိပါတ် မဟာမင်္ဂလဇာတ်လာ မင်္ဂလာရှစ်ပါး ထိုတရားတို့ကို နာကြားကြရလေပြီ ...။

ယခုအခါ အသင် သူတော်ကောင်းတို့သည် နှစ်သစ်ကူး မင်္ဂလာ အခါတော် ဤယနေ့၌ လွေ့လွေ့စေတနာ မင်္ဂလာကောင်းကျိုး ပွားတိုးပါစိမ့်သောငှာ မဟာမင်္ဂလသုတ္တန်တရား သတိသမ္ပဇဉ် ရှေ့ထားထက်သန်သော သဒ္ဓါတရားဖြင့် နာကြားမှတ်ယူကြပါကုန် လော့ ...။

(သံဃာတော်အရှင်မြတ်များက ဆက်လက်၍ မင်္ဂလသုတ်၊ မေတ္တသုတ်၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ ယံ ဒုန္နိမိတ္တံ သုံးဂါထာ၊ ယံ သန္နိမိတ္တံ သုံးဂါထာ၊ ဘဝတုသဗ္ဗမင်္ဂလံ သုံးဂါထာ တို့ကို ရွတ်ပွားတော်မူကြရန် ဖြစ်ပါသည်)။

ဦးဝိစိတ္တသာရာဘိဝံသ
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

http://www.dhammadownload.com



## ပထမ တိပိဋကဓရ ဆရာတော်၏
## ၂၅ နှစ်မြောက် ငွေရတုသဘင်
## ချီးကျူးပူဇော်လွှာ

သာသနာနှစ် ၂၅၂၂၊ ကောဇာသက္ကရာဇ် ၁၃၄၀ ပြည့်၊ နယုန်လပြည့်ကျော် ၅ ရက်၊ (၁၉၇၈–ဇွန် ၂၅) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ 'ဖလ်ယာဉ်မဏ္ဍာရုံ' တွင် ကျင်းပပြုလုပ်သော မင်းကွန်းတိပိဋကဓရ ဘွဲ့တော်ရ ၂၅ နှစ်မြောက် ငွေရတုသဘင် ပူဇော်ပွဲ အခမ်းအနားဌ် ရန်ကုန်မြို့ ကြည့်မြင်တိုင်ကျောင်းကြီးတိုက် ကျေးဇူးရှင်ဘုံပျံဆရာတော်ဘုရားကြီး ချီးကျူးဟောကြားတော်မူသည့် အသံသွင်းတိပ်ခွေမှတစ်ဆင့် ကူးယူသော မှတ်တမ်းလွှာ။

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကြီးကို အောက်ပါရည်ရွယ်ချက်ကြီး သုံးပါးဖြင့် စတင်ဖွဲ့စည်းပြီး ကျင်းပခဲ့ကြပါတယ်။

ရည်ရွယ်ချက်ကြီးသုံးပါးက ...

၁။ ။ ဗုဒ္ဓသာသနာတော်တွင်း၌ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊

၂။ ။ ပရိယတ္တိသာသနာတော်ကြီးကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေး၊

၃။ ။ သာသနာတော်တွင်း၌ ဓမ္မစေတီထိုက်သော ပိဋကတ် အာဂုံဆောင် ပုဂ္ဂိုလ်ထူး ဖော်ထုတ်ရှာဖွေရေး၊

http://www.dhammadownload.com



အဲဒီ ရည်ရွယ်ချက်ကြီး သုံးပါးဖြင့် တိပိဋကဓရ စာမေးပွဲကြီးကို ၁၃၁၀ ခုနှစ်က ပထမအကြိမ် စတင်ကျင်းပပါတယ်။ အောင်မြင်တဲ့ ပုဂ္ဂိုလ်တစ်ပါးမျှ မပေါ်ပေါက်ခဲ့ဘူး။ ၁၃၁၁ ခုနှစ်မှာ ဒုတိယအကြိမ် အဖြစ်နှင့် ကျင်းပပြန်သောအခါ အာဂုံပြန်တစ်ပါးသာ ပေါ်ထွက်လာပြီး ရေးဖြေပါ ပြည့်ပြည့်စုံစုံ အောင်မြင်တဲ့ ပုဂ္ဂိုလ်ရယ်လို့ တစ်ပါးမှ ထွက်ပေါ်လာခြင်း မရှိသေးပါဘူး။ အဲဒီတော့ အဖွဲ့ကြီးအနေနဲ့ အားလျော့သလိုဖြစ်ပြီး စာမေးပွဲကြီးလဲ ခြောက်ကပ်ကပ် ဖြစ်လာတယ်။

ဒီ တိပိဋကဓရ စာမေးပွဲကြီး ဖြစ်ပေါ်လာရခြင်းရဲ့ အစကတော့ ဆာဦးသွင် ပြောဖူးတယ်။

သူ သီဟိုဠ်ရောက်စဉ်က တစ်ခုသော နှုတ်ဆက်ပွဲမှာ မြန်မာပြည်က ဆရာတော်တွေ စာတတ်ကြောင်း သီဒ္ဓိတင် ပြောတော့ သီဟိုဠ်သားတစ်ယောက်က 'မြန်မာပြည်က ဆရာတော်တွေ စာတတ်တယ်လို့ ဥက္ကဋ္ဌကြီး ဘာနဲ့သိပြီး ပြောပါသလဲ၊ စာတတ်တယ်လို့ လူပြောသူပြောနဲ့ သိပြီး ပြောတာလား၊ စာမေးပွဲပြုလုပ်ပြီး အောင်မှ စာတတ်တယ်လို့ သိပြီး ပြောတာလား'လို့ မေးတော့ အဖြေခက်ပြီး 'ငါ မြန်မာပြည် ပြန်ရောက်လျှင် ရှိတဲ့စည်းစိမ် တဝက်ကုန်ချင် ကုန်ပါစေ၊ ပိဋက သုံးပုံထဲက ဘယ်ကိုယ်တော် ဘယ်လောက်စာရတယ်၊ ဘယ်ကိုယ်တော် ဘယ်လောက်စာရတယ်ဆိုတာ ပြုလုပ်မှပဲ'လို့ စဉ်းစားမိတဲ့အတိုင်း ရန်ကုန်ပြန်ရောက်တော့ ခြောက်ထပ်ကြီး ဘုရားကြီးဆရာတော် စသော ဆရာတော်ကြီးများ၊ ဝန်ကြီးချုပ်စသော ပုဂ္ဂိုလ်ကြီးများနှင့် တိုင်ပင်ပြီး အဆင့်အမြင့်ဆုံး ပြုလုပ်တဲ့ စာမေးပွဲကြီး ဖြစ်ပါတယ်။

http://www.dhammadownload.com



အဲဒီ စာမေးပွဲကြီး ကျင်းပစက ဒါလောက်ကြီးကျယ်မြင့်မားတဲ့ စာမေးပွဲကြီးကို ဝင်မှ ဝင်နိုင်ကြပါ့မလား၊ အကယ်၍ ပထမနှစ်မှာ မဝင်ကြလျှင် ဒုတိယနှစ်မှာ လျှောက်လွှာထပ်ခေါ်အုံးမယ်၊ ဒုတိယ နှစ်မှာ လျှောက်လွှာ ထပ်ခေါ်အုံးမယ်၊ ဒုတိယနှစ်မှာ မဝင်ကြလျှင် တတိယနှစ်မှာ ခေါ်အုံးမယ်၊ တတိယနှစ်မှာ ဘယ်သူမှ လက်မှတ် မထိုးလျှင် ဒီစာမေးပွဲကြီးကို ရပ်ဆိုင်းထားမယ် ...

ဟူသော ရည်ရွယ်ချက် နှလုံးသွင်း၍ ပြုလုပ်တဲ့ စာမေးပွဲကြီး ဖြစ်တော့ အချို့သော ဆရာတော်ကြီးများက 'ရပ်ဆိုင်းထားရမှာပါ။ ဒီပိဋက သုံးပုံကို အကုန် အာဂုံပြန်ဖို့ဆိုတာက လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ'လို့ ပြောဆို အားလျှော့နေကြတယ်။

၁၃၁၂ ခုနှစ်မှာ တတိယအကြိမ် လျှောက်လွှာခေါ်တဲ့ တိပိဋကရေ စာပြန်ပွဲကြီးအတွင်းသို့ အရှင်ဝိစိတ္တသာရာဘိဝံသ ကိုယ်တော် လက်မှတ်ထိုး ဝင်ရောက်လာပြီး ၄ နှစ်တိုင်တိုင် နှစ်စဉ်ဆက်တိုက် ပြန်ဆိုရေးဖြေတော့တာပဲ။ အဲဒီအချိန်ကစပြီး စာမေးပွဲကြီးလဲ စိုစို ပြည်ပြည်နဲ့ အသက်ပြန် ဝင်လာတယ်။

ဦးဝိစိတ္တသာရ အရှင်လဲ တိပိဋကရေ စာမေးပွဲကြီးသို့ ဝင်ရောက် ပြီး ၁၃၁၂ ခုနှစ်မှာ စာမျက်နှာ ၂၂၆၀ ရှိတဲ့ ဝိနည်း ၅ ကျမ်းကို အာဂုံ ရေးဖြေပါတယ်။ ၁၃၁၃ ခုနှစ်မှာ စာမျက်နှာ ၁၃၉၀ ရှိတဲ့ အဘိဓမ္မာ ရှေ့ပိုင်း ၅ ကျမ်းကို အာဂုံရေးဖြေပါတယ်။ ၁၃၁၄ ခုနှစ်မှာ စာမျက်နှာ ၃၅၅၁ ရှိတဲ့ အဘိဓမ္မာ နောက်ပိုင်း ၂ ကျမ်းကို အာဂုံ ရေးဖြေပါတယ်။ ၁၃၁၅ ခုနှစ်မှာ စာမျက်နှာ ၇၇၉ ရှိတဲ့ ဒီဃနိကာယ် သုတ် သုံးကျမ်းကို အာဂုံရေးဖြေပါတယ်။

http://www.dhammadownload.com



ဤသို့အားဖြင့် ၄ နှစ်အတွင်း စာအုပ်ကြီးအုပ်ရေ ၂၀၊ စာမျက်နှာပေါင်း ၇၉၈၀ ကို အာဂုံ ၄ ကြိမ်၊ ရေးဖြေ ၄ ကြိမ်အားဖြင့် ၈ ကြိမ်တိုင်တိုင် ဂုဏ်ထူး ၂ ဆင့်စီဖြင့် အောင်မြင်တော်မူခြင်းကြောင့် ...

ဝိနည်းဆိုင်ရာ (၁) **ဗုဒ္ဓသာသနာနုဂ္ဂဟ** 'ဝိသိဋ္ဌ ဝိနယဓရ **'မဟာ'** ဝိနယကောဝိဒ ဟူသော ဘွဲ့ထူး ၂ ခု၊

အဘိဓမ္မာဆိုင်ရာ (၂) **ဗုဒ္ဓသာသန** 'ဝိသိဋ္ဌ' အာဘိဓမ္မိက **'မဟာ'** အဘိဓမ္မကောဝိဒ ဟူသော ဘွဲ့ထူး ၂ ခု၊

သုတ္တန်ဆိုင်ရာ (၃) **ဗုဒ္ဓသာသန** 'ဝိသိဋ္ဌ' ဒီဃဘာဏက **'မဟာ'** ဒီဃနိကာယကောဝိဒ ဟူသော ဘွဲ့ထူး ၂ ခု၊

အဲဒီ ၄ နှစ်စာ ဘွဲ့ထူးတွေကို ဂုဏ်ထူးအဆင့်ဆင့်တို့ဖြင့် အကုန်အောင်မြင်တော့မှ **ဗုဒ္ဓသာသန 'ဝိသိဋ္ဌ' တိပိဋကဓရ 'မဟာ' တိပိဋကကောဝိဒ** ဟူသော ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ပါတယ်။

အရှင်ဝိစိတ္တသာရာဘိဝံသ အဲဒီလို ပိဋကသုံးပုံကို အာဂုံရော ရေးဖြေပါ အောင်မြင်တဲ့ အကြောင်း ၁၃၁၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ (၁၂-၁-၅၄) သောကြာနေ့က ကြေညာခဲ့ပါတယ်။ အဲဒီနှစ်ကစပြီး ရေတွက်လျှင် ယခုနှစ်မှာ ၂၅ နှစ်ပြည့်တဲ့ ငွေရတုသဘင်ဖြစ်လို့ ၂၅ နှစ်မြောက် ဂုဏ်ပြုပူဇော်ကြခြင်း ဖြစ်တယ်။

အဲဒီလို ချီးကျူးပူဇော်တာက 'ပိဋကသုံးပုံကို နှုတ်ငုံဆောင်နိုင်တယ်ဆိုတာ ဘုရားရဟန္တာများသာ ဆောင်နိုင်တာပါ၊ ယခုပုထုဇဉ်တွေ မည်သည့်နည်းနှင့်မျှ မဆောင်နိုင်ကြပါဘူး။'

http://www.dhammadownload.com



လို့ ယုံကြည်ထားကြတာထဲက ပိဋကသုံးပုံကို နှုတ်ငုံရတာ ကိုယ်တွေ့မျက်မြင်ဖြစ်တော့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်အောင် ဝမ်းသာကြတော့တာပေါ့။

ဒီနေရာမှာ ဟို ... ပိဋကကို ပြန်စဉ်က အဖြစ်အပျက် အတွေ့ အကြုံလေး အနည်းငယ်ထည့်ပြီး ပြောလိုပါတယ်။

ပိဋကသုံးပုံ ပြန်ဆိုနေစဉ် စာပြန်တာကို လာနားထောင်ကြတဲ့ လူတွေက စာရကြောင်း၊ တစ်လုံးမှ မထောက်ရကြောင်း၊ သွက်လက် ကြောင်း၊ ပီသကြောင်း၊ သာယာနာပျော်ဖွယ်ရှိကြောင်း တစ်ဆင့် စကား တစ်ဆင့်နားမှာ ကြားသိကြရတော့ လာပြီးနာယူကြတဲ့ လူတွေဟာ စာပြန်ချိန်မှာဆိုလျှင် အုန်းအုန်းထ နေတာပဲ။ အချို့ကလဲ တိပ်ခွေနှင့် အသံဖမ်းယူကြ၊ သူတို့ရဲ့ ဆရာတော်တွေကို ပြန်ဖွင့်ပြကြ၊ သူတို့ရဲ့ဆရာတော်ကြီးတွေကလဲ မှန်ရဲ့လား၊ မမှန်ဘူး လားလို့ စာအုပ်နဲ့ တိုက်ဆိုင်ကြည့်ကြ၊ တော်ကြောင်း လက်တွေ့ ဖြစ်တဲ့ လူတွေကလဲ အလွန်အမင်း မိုးလားကဲလား ချီးမွမ်းကြတော့ သူတို့ရဲ့ အချို့ဆရာတော်ကြီးများက 'မင်းတို့ရဲ့ ဦးဝိစိတ္တဟာ ဘုရားလဲ မဟုတ်ပါဘူး၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာလဲ မဟုတ်ပါဘူး၊ တော်သင့် သလောက်တော့ တော်မှာပါပဲ၊ မင်းတို့ပြောသလောက်တော့ မဟုတ် နိုင်ပါဘူး၊ ပိဋကသုံးပုံကို အာဂုံပြန်တာ တစ်လုံးမှ မထောက်ရဘူး ဆိုတာကတော့ ဖြစ်ကို မဖြစ်နိုင်ဘူး'လို့ ပြောနေတော့ သူ့ဆရာတော် ကြီးကို လက်တွေ့ပြချင်လို့ အဲဒီဒကာက ဦးဝိစိတ္တသာရ စာပြန်တဲ့ အချိန် သာသနာ့ရိပ်သာသို့ ပင့်လာပြီး နားထောင်ခိုင်းတယ်။ စာထောက်စာမ ကိုယ်တော်တွေကလဲ 'သည်ကနေပြီး စ၊ ပြန်ပါ လိမ့်မယ်ဘုရား'လို့ လက်နဲ့ထောက်ပြပြီး စာအုပ်ကြီး ပေးလိုက်တော့

http://www.dhammadownload.com



ပထမအချိန်မှာလဲ တစ်လုံးမှ မထောက်ရ၊ ဒုတိယအချိန်မှာလဲ တစ်လုံးမှ မထောက်ရ ဖြစ်နေတော့ အဲဒီဆရာတော်ကြီးဟာ စာအုပ်ကြည့်လိုက်၊ ဦးဝိစိတ္တသာရ မျက်နှာကြည့်လိုက်နှင့် အထူးအံ့သြနေပြီး 'ချီးကျူးထိုက်ပါပေတယ်၊ ချီးကျူးတာပဲ နည်းသေးတယ်' ဟု မှတ်ချက်ရေးသွားတယ်။

နောက်တစ်ခုက အရှင်ဝိစိတ္တသာရာဘိဝံသ ကိုယ်တော် တိပိဋက ရေ စာမေးပွဲ ဝင်ရောက်ပြန်ဆိုစဉ်က ယခုလို ဆဋ္ဌသံဂါယနာ စာမူ ရယ်လို့ အတည်ပြု သတ်မှတ်ထားတာ အတိအကျ မရှိသေးတော့ ဇမ္ဗူ့မိတ်ဆွေ၊ ပြည်ကြီးမဏ္ဍိုင်၊ သုဓမ္မဝတီ၊ ဟံသာဝတီ အစရှိတဲ့ ပိဋကတ် ပုံနှိပ်တိုက်တွေက ရိုက်နှိပ်တဲ့ စာမူတွေသာ ရှိတယ်၊ တစ်တိုက်နှင့်တစ်တိုက် မူမတူကြဘူး။ စာပြန်နေတဲ့ ပလ္လင်တော်ကို ဝိုင်းနေကြတဲ့ နာယကဆရာတော်, ရဟန်းစာထောက်စာမ, လူစာထောက်စာမတို့ ကိုင်ထားကြတဲ့ စာအုပ်တွေကလဲ ပိဋကတ်ပုံနှိပ်တိုက်အမျိုးမျိုးကဖြစ်တော့ စာမူတွေကလဲ အမျိုးမျိုး ဖြစ်နေကြတယ်။ တစ်အုပ်နှင့်တစ်အုပ် စာမူချင်း မတူကြဘူး။

အဲဒီတော့ ဦးဝိစိတ္တသာရာဘိဝံသက ဇမ္ဗူ့မိတ်ဆွေမူအတိုင်း ပြန်လိုက်လျှင် စာ စာအုပ်ကိုင်ပြီး ကြည့်နေကြတဲ့ နာယက စာထောက်စာမပုဂ္ဂိုလ်များက သုဓမ္မဝတီစာမူကို ကိုင်နေတာဖြစ်လို့ စာချင်းမတူလျှင် 'မှားတယ်၊ စာမရဘူး'လို့ မှတ်ချက်ရေးမှာ အလွန်စိုးရိမ်ပြီး စာမူချင်း မတူတဲ့ နေရာရောက်လျှင် ခေတ္တရပ်ပြီး 'ဘယ်စာပုံနှိပ်တိုက်မှာက ဘယ်လိုရှိပါတယ်၊ ဘယ်တိုက်က ဘယ်လိုရှိပါတယ်၊ ဒီနေရာမှာ ဘယ်မူကို ပြန်လိုက်ရမလဲဘုရား'လို့ ပြန်မေးလျှောက်ပါတယ်။ အဲဒီလို မေးလျှောက်တဲ့အခါ နာယကစာထောက်

http://www.dhammadownload.com



စာမများက 'ဒီလိုပြန်လိုက်'လို့လဲ တစ်ခါတစ်လေ ညွှန်ကြားပါတယ်။ တစ်ခါတလေကျတော့ သူ့ဉာဏ်ကို သိချင်လို့ 'ကြိုက်သလိုပြန်ပါ'ဟု လွှတ်ပေးလိုက်တဲ့အခါလဲ ပါတယ်။ အဲဒီအခါ အဋ္ဌကထာ ဋီကာ အဖွင့်ကျမ်းများနှင့် သူကိုယ်တိုင်သဘောကျ ကိုယ်တိုင်ပြင်ဆင်ထားတဲ့ စာမူအတိုင်း ပြန်ဆိုသွားတော့တာပါပဲ။

အဲဒါကိုလဲ သဘောကျလွန်းလို့ အဲဒီဆရာတော်ကြီးက ခေါင်းကလေးတညိတ်ညိတ်နှင့် 'ဟင်း ... ခိုင်းချင်တာခိုင်း၊ ရပ်ချင်တဲ့နေရာမှာရပ်၊ ထားချင်တဲ့နေရာမှာ ထားလို့ဖြစ်တဲ့ ပစ်တိုင်းထောင်၊ မ,တစ်ထောင် တစ်ကောင်ဖွား၊ ယောကျ်ားအာဇာနည်ပါပေ'ဟု အကြိမ်ကြိမ် ချီးကျူးတော်မူပါတယ်။

နောက် 'တိပိဋကဓရ စာမေးပွဲကြီး အောင်မြင်ပြီ'လို့ ၁၃၁၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်နေ့မှာ ကြေငြာလိုက်တော့ ဝမ်းသာကြလွန်းလို့ ငါတို့ အားရပါးရ ချီးကျူးပူဇော်ကြရအောင် ဆိုပြီး 'တိပိဋကဓရ ချီးကျူးပူဇော်ရေး ဗဟိုကော်မတီအဖွဲ့ကြီး' ဖွဲ့စည်းလိုက်ပါတယ်။ အဲဒီအဖွဲ့ကြီးထဲမှာ ထိုစဉ်အခါက နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ သတိုးသီရိသုဓမ္မဆာဦးသွင်၊ အဲဒီပုဂ္ဂိုလ်ကြီးသုံးဦးက နာယက၊ သာသနာရေးဝန်ကြီး ဦးဝင်းက ပထမဥက္ကဋ္ဌ၊ အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူက ဒုတိယဥက္ကဋ္ဌ၊ သာသနာရေး ဘာသာရေး အသင်းအဖွဲ့ပေါင်းစုံတို့မှ ကိုယ်စားလှယ် အများအပြား ပါဝင်ပါတယ်။ အဲဒီဗဟိုအဖွဲ့ကြီးက အကြီးအကျယ် ချီးကျူးပူဇော်ရန် စိုင်းပြင်းနေသည့်အပြင် 'နိုင်ငံတော်အရပ်ရပ် ခရိုင်တိုင်းမှ တိပိဋကဓရ ချီးကျူးပူဇော်ပွဲများ ကျင်းပရန်'ဟူသော ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ပါသေးတယ်။ အဲဒီလို ချမှတ်ပြီး –

http://www.dhammadownload.com



သမ္မတအိမ်တော်မှာ ၁၃၁၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ (၁၃-၂-၅၄) စနေနေ့တွင်လည်းကောင်း၊ သာသနာ့ရိပ်သာမှာ ၁၃၁၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် (၁၄-၂-၅၄) တနင်္ဂနွေနေ့တွင် လည်းကောင်း ချီးကျူးပူဇော်ပွဲများ ကျင်းပကြပြီးလျှင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ဗုဒ္ဓသာသန **'ဝိသိဋ္ဌ' တိပိဋကဓရ 'မဟာ' တိပိဋကကောဝိဒ**၊ နိုင်ငံတော်အစိုးရက **ဘဒ္ဒန္တဝိစိတ္တသာရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက** ဟူသော ဘွဲ့တံဆိပ်တော်နှင့်တကွ ဆင်စွယ်ယပ်ဝန်းတော်၊ အံရိုးဝါကနက္ကဒဏ် ထီးဖြူတော်သုံးလက် အမှတ်အသားပါရှိသော သာသနာ့အောင်လံတော်၊ နောက်ပါတပည့် နှစ်ယောက်တို့နှင့်တကွ ကုန်း၊ ရေ၊ လေ ခရီးသွားလာခွင့် အခလွတ် လှူဒါန်းသည့်အပြင် တစ်လလျှင် ဆွမ်းဆန်တော် ၃၁၁ ကျပ်ကိုပါ ဆက်ကပ် လှူဒါန်းပါတယ်။

နိုင်ငံတော်အရပ်ရပ် ခရိုင်တိုင်းမှ တိပိဋကဓရ ချီးကျူးပူဇော်ပွဲများ ကျင်းပရန်' ဟူသော ဗဟိုအဖွဲ့ကြီး၏ ဆုံးဖြတ်ချက်အရလဲ ခရိုင်အသီးသီး၊ မြို့၊ ရွာ၊ နယ်ပယ်အသီးသီးရှိ တိုင်းသူပြည်သား အသင်းအဖွဲ့တို့ကလဲ သူ့ထက်ငါ ချီးကျူးပူဇော်ရန် စီစဉ်၍ နေကြ သည်ကို အရှင်ဝိစိတ္တသာရာဘိဝံသ သိသဖြင့် မိမိရည်မှန်းသည့် ဆဋ္ဌသံဂါယနာတာဝန် ကျေပွန်စွာ ဆောင်ရွက်နိုင်ရေး မျှော်တွေးပြီး 'တိပိဋကဓရ ချီးကျူးပူဇော်ရေး ဗဟိုကော်မတီအဖွဲ့ကြီးသို့ မေတ္တာ ရပ်ခံ တောင်းပန်ခဲ့ပါတယ်။

ဘယ်လိုတောင်းပန်သလဲဆိုတော့ ... 'ဘုန်းကြီး လေကြောင်းဖြင့် မန္တလေးသို့အပြန် (၁) မိတ္ထီလာမှာ မိဘသဖွယ် ဒကာကြီး ဦးဘသာ-ဒေါ်မိုးတို့ ရှိကြ၍ ထိုမြို့၌လည်းကောင်း၊

http://www.dhammadownload.com



(၂) ဓာတ်ရိုက်ရှာ မြင်းခြံ၌လည်းကောင်း၊

(၃) ထိုမှ ရေကြောင်းဖြင့်အပြန် နေရင်းဒေသ စစ်ကိုင်းမြို့၌လည်းကောင်း၊

(၄) ထိုမှ မန္တလေးမြို့၌လည်းကောင်း၊

ဤ ၄-ဌာနတို့၌သာ ခရီးစဉ်အရ ချီးကျူးပွဲများ ပြုလုပ်ကြပါစေ၊ ကျန်သောခရိုင်မြို့ကြီးများ အတွက်ကား စေတနာဒါနကိုပဲ အလှူခံပါရစေ'လို့ တောင်းပန်ထားရပါတယ်။ အဖွဲ့ကြီးကလဲ အရှင်ဝိစိတ္တသာရာဘိဝံသ၏ မေတ္တာရပ်ခံ တောင်းပန်ခြင်းကို 'ကောင်းပါပြီ'ဟု လိုက်လျောခဲ့ပါတယ်။ သို့သော်လည်း ထိုအချိန်ကစ၍ တစ်စတစ်စနှင့် ဟိုက ချီးကျူးပူဇော်ကြ၊ သည်က ချီးကျူးပူဇော်ကြနှင့် ယနေ့ကျင်းပတဲ့ ငွေရတုသဘင်သို့ အရောက် အလျဉ်းသင့်လျှင် သင့်သလို ချီးကျူးဂုဏ်ပြုနေကြပါတယ်။

အဲဒီလို တောင်းပန်ယူရလောက်အောင် ချီးကျူးပူဇော်ပွဲတွေ များလွန်းလို့ အရှင်ဝိစိတ္တသာရာဘိဝံသက ဗဟိုချီးကျူးပူဇော်ရေး အဖွဲ့ကြီးရဲ့ ဒုတိယဥက္ကဋ္ဌ အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူအား ၎င်းတို့၏ ရန်ကုန်မြို့ရှိ အမှုထမ်းပေါင်းစုံ ၁၂ ဖွဲ့ ဗုဒ္ဓဘာသာအသင်းတို့ စုပေါင်းပူဇော်ကြသည့် ပူဇော်ပွဲအပြီး အဆုံးမှာ ...

'ဒါယကာကြီးတို့ ...။ ဒါလောက် ချီးကျူးပွဲတွေ ကျင်းပရလျှင် ကျေနပ်ကြပါတော့၊ ချီးကျူးပွဲကိစ္စမှာ ဘုန်းကြီးကပင် အရှုံးပေး လက်မြှောက်ပါပြီ၊ လက်တစ်ဘက်သာမဟုတ်၊ နှစ်ဘက်စလုံး မြှောက်ပါပြီ၊ ဒကာကြီးတို့ကသာ အနိုင်ယူပြီး ခရိုင်မြို့များအတွက် အကျဉ်းချုံ့ နိုင်သမျှသာ ချုံ့ပါတော့'။

http://www.dhammadownload.com



လို့ တကယ်ပင် လက်နှစ်ဘက်ကို မြှောက်ပြပြီး တောင်းပန်စကား ပြောကြားယူရပါတယ်။

အဲဒီ တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ တစ်ပါးက စပြီး အရှင်နေမိန္ဒ၊ အရှင်ကောသလ္လ၊ အရှင်သုမင်္ဂလာလင်္ကာရရယ်လို့ တိပိဋကဓရ ၂ ပါး၊ ၃ ပါး၊ ၄ ပါး ဖြစ်လာတာကို ဝမ်းသာကြလို့ မြို့ရွာအသီးသီးရှိ ဒါယကာ ဒါယိကာမများက စေတနာသဒ္ဓါတရားဖြင့် ချီးကျူးကြပူဇော်ကြတာကို သူတို့ရဲ့ သဒ္ဓါတရားကိုငဲ့ပြီး အပူဇော်ခံကြရတာလဲ တိပိဋကကိုယ်တော်တွေမှာ မသက်သာလှဘူး။ အဲဒီ မသက်သာပုံကို အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်က ...

တိပိဋကဓရ၊ ဖြစ်ရတဲ့အာနိသင်။
ဒီကိုယ်တော် ဖတ်ဖတ်မောပေါ့(ကွယ်)
ပြောမပြချင်။
ကိုယ့်ကျောင်းနှင့်ကိုယ့်ရပ်ခွင်၊
နေချင်လျက် မနေရ။
ပူ–အအေး၊ ယှက်ထွေးကာ ဒဏ်ခံလို့၊
စုန်–အဆန် မြန်းရတဲ့ခရီးမှာ (ကွယ်)
ကြီးတဲ့ဒုက္ခ။ ။
မငြင်းတဲ့ မဆန်သာ။
နိုင်ငံတော်သာသနာရေးပေမို့ (ကွယ်)
ပြေးမလွတ်ပါ။
သူတကာ၊ ချမ်းသာဟု ထင်မြင်ကြ။
သို့ကတဲ၊ စိတ်ထဲမှာ သံဝေယူလို့၊
ကံမွေဟူ ဤအဖြစ်ကို(ကွယ်)
နှစ်လို့ ခံရ။ ။

http://www.dhammadownload.com



လို့ အဲဒီလို ညည်းချင်းသဖြန် ရေးသားခဲ့ဖူးပါတယ်။

အပူဇော်ခံတဲ့ပုဂ္ဂိုလ်တွေ ပင်ပန်းမှန်းသိကြပေမယ့် ကြုံရခဲ ပူဇော်ရခဲတယ်ဆိုပြီး ပူဇော်နေကြတာပါပဲ။ တိပိဋကရေ ၄ ပါးအနက် အငယ်ဆုံးဖြစ်တဲ့ အရှင်သုမင်္ဂလာလင်္ကာရဟာ တိပိဋကစာမေးပွဲကို စတင်ဝင်ရောက်စဉ်က ၂ ဝါပဲ ရသေးတယ်။ ၇ ဝါမှာ ပိဋကတ်သုံးပုံ ကျွတ်အောင် တတ်မြောက်တော့တာပဲ။ ဒီတော့ မချီးကျူးပဲ ဘယ်နည်းနှင့်မှ မနေနိုင်ကြတော့ဘူး။

နောက်ဆုံး နိဂုံးချုပ်အနေကတော့ ...

တိပိဋကရေပုဂ္ဂိုလ် ၄ ပါးအနက် အရှင်ဝိစိတ္တသာရာဘိဝံသဆိုလျှင် ၁၃၁၅ ခုနှစ်က အောင်မြင်တာဖြစ်လို့ ယခု ၂၅ နှစ်ရှိပါပြီ။ အရှင်နေမိန္ဒဆိုလျှင် ၁၃၂၁ ခုနှစ်က အောင်မြင်တာဖြစ်လို့ ယခု ၁၉ နှစ် ရှိပါပြီ။ အရှင်ကောသလ္လဆိုလျှင် ၁၃၂၅ ခုနှစ်က အောင်မြင်တာဖြစ်လို့ ယခု ၁၅ နှစ်ရှိပါပြီ။ အရှင်သုမင်္ဂလာလင်္ကာရဆိုလျှင် ၁၃၃၅ ခုနှစ်က အောင်မြင်တာဖြစ်လို့ ယခု ၅ နှစ် ရှိပါပြီ။ နောက် ၆ နှစ်ကြာလျှင် အရှင်နေမိန္ဒရဲ့ ငွေရတုသဘင်၊ ၁၀ နှစ်ကြာလျှင် အရှင်ကောသလ္လရဲ့ ငွေရတုသဘင်၊ နှစ် ၂၀ ကြာလျှင် အရှင်သုမင်္ဂလာလင်္ကာရရဲ့ ငွေရတုသဘင်တို့ အစဉ်အတိုင်း ရောက်ကြတော့မည်ဖြစ်ပါ၍ မြန်မာပြည်ကြီး၏ တံခွန်မှန်ကင်းသဖွယ် ဆန်းကြယ်ထူးမြတ်သော ပုဂ္ဂိုလ် ၄ ပါး၏ ငွေရတုသဘင်ကို အစဉ်အတိုင်း ချီးကျူးပူဇော်နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



သာသနာနှစ် ၂၅၂၂၊ ကောဇာသက္ကရာဇ် ၁၃၄၀ ပြည့်
နယုန်လပြည့်ကျော် ၈ ရက် ၁၉၇၈ ခု၊ ဇွန် ၂၈၊ ဗုဒ္ဓဟူးနေ့
ပထမ တိပိဋကရေ ဆရာတော် ၏
၂၅ နှစ်မြောက် ချီးကျူးပူဇော်လွှာ
ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်၌ ကျင်းပအပ်သော
ဝိနယာနုဂ္ဂဟ အဖွဲ့ကြီး၏ မဟာနာယက တိပိဋကရေ
ဓမ္မဘဏ္ဍာဂါရိက ကျေးဇူးရှင် မင်းကွန်းဓမ္မနာဒ ဆရာတော်
ဘုရားကြီး၏ 'တိပိဋကရေငွေရတုသဘင်ပွဲ' ၌ ရန်ကုန်မြို့
ကြည့်မြင်တိုင်ကျောင်းကြီးတိုက် ဘုံပျံဆရာတော်ဘုရားကြီး၏

## ချီးကျူးထောမနာစကားအစဉ်

ယနေ့တော့ အချိန်မရတာနဲ့ သိသင့်သိထိုက်တဲ့ အချက်ကလေး နှစ်ခုတည်း ပြောပါမယ်။ နှစ်ခုက ဘာလဲဆိုတော့ စကားပမာ တိပိဋကရေ စာမေးပွဲမှာ မင်းကွန်းက အရှင်ဝိစိတ္တသာရာဘိဝံသ အောင်သတဲ့၊ ပခုက္ကူက ဦးနေမိန္ဒ အောင်သတဲ့၊ ပြည်ကဦးကောသလ္လ (ယခုရန်ကုန်) အောင်သတဲ့၊ ဦးသုမင်္ဂလာလင်္ကာရ အောင်သတဲ့ ဆိုတော့ ဘာတွေ အောင်သတဲ့၊ ပိဋကတ်သုံးပုံ အောင်တယ်။ ဒါဖြင့် ဘယ်လိုမေးသလဲ၊ ဘယ်လိုပြန်ရသလဲဆိုတော့ အသေးစိတ်ကလေး တွေ သိဖို့မလိုဘူးလား။ ဒီနေ့ သိပ်လဲ အချိန်မရတော့ ရသရွေ့ ကလေးမှာ အပိုင်း ၂ ပိုင်း ခွဲပြီးတော့ ပြောပါမယ်။

အရှင်ဝိစိတ္တသာရာဘိဝံသ (ဘွဲ့က နည်းနည်းရှည်တော့ ဒကာမ ကြီးတွေက ကောင်းကောင်း မခေါ်တတ်ဘူး။ ဒီတော့ ဦးဝိစိတ္တလို့ ဆိုပါတော့။ အဲဒီ ဦးဝိစိတ္တခေါ်တဲ့ အရှင်ဝိစိတ္တသာရာဘိဝံသ) အောင်

http://www.dhammadownload.com



တာက ပထမအာဂုံပြန်ပိုင်း၊ နောက်ရေးဖြေပိုင်း၊ ဒီနှစ်ပိုင်းကို တင်းပြည့်ကျပ်ပြည့် အမှတ်ပြည့်ရမှ အောင်ပါတယ်။ တင်းပြည့်ကျပ်ပြည့် ရပုံကလေး ပြောရအုံးမယ်။

စာပြန်ရတာမှာ ဥပဒေက တစ်နေ့ ၂ ကြိမ်၊ နံနက် ၈ နာရီက ၁၀ နာရီအထိ တစ်ကြိမ်၊ နေ့ နာရီပြန် ၁ ချက်တီးက ညနေ ၄ နာရီအထိ တစ်ကြိမ်၊ အကြမ်းအားဖြင့် ၂ ကြိမ်ပေါ့။ နံနက်ပိုင်း ၂ နာရီနှင့် နေ့ပိုင်း ၃ နာရီ၊ ၅ နာရီ ရှိပါတယ်။ အဲဒီ ၅ နာရီကို နာယက, ဩဝါဒါစရိယဆရာတော်များ ပိုင်းခြားသတ်မှတ်ပေးထားတာက နံနက် ၂ နာရီကို ၄ ကြိမ် ပြန်ရန်၊ ညနေ ၃ နာရီကို ၅ ကြိမ် ပြန်ရန်ဆိုတော့ အကြမ်းအားဖြင့် တစ်ခါပြန် နာရီဝက်ခန့်စီပေါ့။ ၂၅ မိနစ် သတ်မှတ်ထားပါတယ်။ တစ်နေ့ ၉ ကြိမ် ပြန်ပြကြရတယ်။ ဒီလို ပြန်တဲ့နေရာမှာ သူ့အချိန် သူ့စာနဲ့ လွဲလို့ မရဘူး။ ဒီစာမေးပွဲက အင်မတန် စည်းကမ်းကြီးတာကိုး။ ဘယ်အချိန်က ဘယ်အချိန်အထိ စာ ဘယ်လောက်, ဘယ်စာမျက်နှာလို့ သတ်မှတ်ပေးထားလျှင် အဲဒီအချိန်အတွင်းမှာပဲ ဒါကို အကုန်ပြန်ရတယ်။

ခက်တာကိုပြောမလို့၊ သေသေချာချာ မှတ်ထားကြ။ ဟို ... ဒကာမကြီးတစ်ယောက် ပြောသလို သူက 'အမယ်လေး ဦးဝိစိတ္တ ကိုယ်တော် ဟောတဲ့တရား ကောင်းလိုက်တာ မပြောပါနဲ့တော့' ဆိုတော့ ဘုန်းကြီးက မေးတယ်၊ ဘယ်လို ကောင်းတာလဲ၊ ဘာတွေ ဟောသလဲ'ဆိုတော့ 'အမယ်လေး စုံရော–စုံရော'တဲ့။ အခုလဲ သူ ပြောသွားလိုက်တာ စုံရော–စုံရော ဖြစ်နေမယ်နော်။

စကားပမာ စာမျက်နှာ ၁–က စပြီး စာမျက်နှာ ၂၀ အထိကို နံနက် ၈ နာရီက ၈ နာရီခွဲအတွင်း ပြန်ရမယ်လို့ သတ်မှတ်ထားလျှင် အဲဒီအချိန်ကလေးမှာ ပြီးအောင် ပြန်ရတယ်။ အဲဒီအချိန်မှာ 'ခေါင်း

http://www.dhammadownload.com



ကိုက်နေလို့၊ ဒါမှမဟုတ် နေမကောင်းနေလို့၊ ဒါမှမဟုတ် အကြောင်းတစ်ခုခုကြောင့် အဲဒီအချိန်တော့ မပြန်နိုင်ဘူး ဘုရား၊ နောက်အချိန်ရွှေ့ပေးပါ'ဆိုလို့ မရဘူး။ အဲဒါ မပြန်နိုင်လျှင် သွားပေတော့၊ ဘောလုံးပွဲမှာ ပြောတဲ့ စကားမျိုး ပြောရလျှင် 'ဖျာလိပ်ပေရော့'။ ဒီလို အင်မတန် စည်းမျဉ်းကြီးတဲ့ စာမေးပွဲကလား။

ဒီလိုပဲ ၉ ကြိမ်မှာ ၉ ပိုင်းထားတဲ့အတိုင်း သူ့ကဏ္ဍနဲ့သူ သူ့အကွက်ထဲ ဝင်သွားရတယ်။ သူ့နာရီနဲ့ သူအပိုင်း လွဲလို့ မရဘူး။ ဒါ ခတ်တာ တစ်ချက်နော်။

ကောင်းပြီ။ အဲဒီလို အပြန်ခိုင်းလို့ ပထမပိုင်း နာရီဝက်မှာ မျက်နှာ ၂၀ ဆိုပါတော့။ နှုတ်သွက်တဲ့ ကိုယ်တော်တွေက စာက ကုန်သွားတယ်။ အချိန်က ကျန်တောင်နေတယ်၊ တချို့ ဒရွတ်တိုက်နေတဲ့ ကိုယ်တော်တွေကျတော့ နည်းနည်း စာကျန်တာပေါ့လေ။ အမျိုးမျိုး ရှိတာပေါ့။ စာပြန်တာကို သေသေချာချာ ဂရုစိုက် ကြည့်ဖူးကြမှာပေါ့။ ထီးဖြူမိုးထားတဲ့ စာပြန်ပလ္လင် ရှိတယ်။ ခေါင်းရင်းက နာယကထိုင်တဲ့ ကုလားထိုင်၊ ပလ္လင်ရဲ့ဘေး တစ်ဘက်တစ်ချက်က စာထောက်စာမ ၂ ပါးနေရာ ရှိတယ်။ ပြီးတော့ ပလ္လင် ဘေးအောက်နားမှာ စာမှတ်ဆရာလို့ ခေါ်ကြတဲ့ လူပုဂ္ဂိုလ်တစ်ဦး ရှိတယ်။ သူက ခဲတံတစ်ချောင်းနဲ့ မှတ်နေရတယ်။

နာယကဆရာတော်နဲ့ စာထောက်စာမ ၂ ပါးက ပလ္လင်ပေါ်က စာပြန်တဲ့ပုဂ္ဂိုလ် စာပြန်တာကို စာအုပ်ကြည့်ပြီး ပုဒ်, ဝါကျ အမှားအကျော် ရှိမရှိ နားထောင်နေတယ်။ စာမှတ်ဆရာက မရဘူး, ရတယ်, ကျော်သွားတယ်, ထစ်နေတယ်, ငေါ့နေတယ်ဆိုတာကို မှတ်နေတယ်။ ၄ ဦးကြားမှာ ပြန်ရတာနော်။ တစ်နေ့လုံး စာမျက်နှာ ၁၂၀ ဆိုပါတော့။ အကြိမ် ၉ ကြိမ်မှာ သူ့အပိုင်းနဲ့ သူ့အပိုင်း ပြန်ရတော့ မှားနေလျှင်, ထစ်နေလျှင် တစ်နေ့လုံး ၉ ကြိမ်လုံးမှာမှ ၅

http://www.dhammadownload.com



ခါပဲ ထောက်ပေးခွင့်ရှိတယ်။ တစ်နေ့လုံးအတွက် ၅ ခါထက် ပိုထောက်ရလျှင်တော့ ခုနက ပြောသလို ဖျာလိပ်ပဲ။ ပြီးတော့ ဝါကျ တစ်ခုလောက် ကျော်သွားလျှင် (ဝါကျဆိုတာက စာပိုဒ်ကြီး တစ်ပိုဒ် ဆိုပါတော့) အဲ့ တစ်ခုကျော်သွားလျှင်လဲ ကျရှုံးပြီးလို့ မှတ်ရတယ်။ ၅ ခါ၊ ၆ ခါတောင် ထောက်မနေရဘူးပေါ့။ အဲဒီလို တစ်နေ့ ၅ ခါ၊ ၄ ခါ၊ ၃ ခါ၊ ၂ ခါ၊ ၁ ခါ ထောက်လို့ ပြန်နိုင်လျှင် အောင်တယ်လို့ မှတ်ရတယ်။ ဒါပေမယ့် အောင်ရုံပဲ၊ သူမတူ လျှမ်းလျှမ်းတောက် (ပါဠိလို ဝိသိဋ္ဌ) အောင်တာ မဟုတ်ဘူး။

ကောင်းပြီ။ ဒါဖြင့် တစ်လုံးမှ မထောက်ရဘူး၊ ထူးထူးကဲကဲ မြင်းကောင်းစိုင်းသလို ပြတ်ပြတ်သားသား ဘရိတ်အုပ် မရအောင် ပြန်ဆိုနိုင်ပြီး သန့်သန့်ရှင်းရှင်း ပီပီသသ ကြည်ညိုဖွယ်ရာ ပြန်ဆို သွားနိုင်ပြီဆိုရင်တော့ 'ဝိသိဋ္ဌ' ဂုဏ်ထူးနဲ့ အောင်တယ်လို့ ဆိုရ တယ်။ ဒီအရှင်ဝိစိတ္တသာရာဘိဝံသတို့လိုပေါ့။ ဝမ်းသာစရာနော်။ ယခု ကိုယ်လှူဒါန်းပူဇော်တဲ့ ပုဂ္ဂိုလ်ဟာ နည်းနည်းနောနော သာမည ပုဂ္ဂိုလ် မဟုတ်ဘူး၊ စေတနာထားပြီးသာ လှူဒါန်းကြ၊ ဝမ်းသာစေချင် လို့ ပြောရတာနော်။ အဲဒါ အာဂုံပိုင်း။

နောက်တစ်ခါ ရေးဖြေပိုင်း။ ။ ရေးဖြေပိုင်းဆိုတာက လက်နဲ့ ရေးဖြေရတယ်။ အခုက စာတွေကို ပြန်ပြစမ်း၊ ဟို ... ကုလားထိုင် ပေါ်က ကိုယ်တော်တွေက တအားခိုင်း၊ တအားနားထောင်တာ၊ ညာတာမဟုတ်ဘူးနော်၊ ဘယ်အချက်မှာ မှားမလဲ၊ ကျော်သွားမလဲနဲ့။ ဒီပိဋကတ်ကြီးဟာ နည်းနည်းနောနော ခက်တာ မဟုတ်ဘူးနော်။ ဒါကြောင့် ကမ္ဘာလှည့်နေတဲ့ လူတွေကို မေးကြည့်တယ်။ 'ဒီလို ပြန်ရ တဲ့ စာမေးပွဲတွေ၊ စည်းကမ်းကြီးတဲ့ စာမေးပွဲတွေ ကမ္ဘာမှာ ရှိသလား' ဆိုတော့ 'ဘယ်မှာမှ မရှိဘူး' တဲ့။ 'အမှတ် ၁၀၀ ပေးရင် ၇၅ မှတ် ရမှ အောင်တဲ့ စာမေးပွဲတွေကော ရှိသလား' ဆိုတော့ 'ဒါမျိုး **ကမ္ဘာ**

http://www.dhammadownload.com



မှာ ဘယ်နိုင်ငံမှာမှ မရှိဘူး'တဲ့။ ကြည့်နော်၊ စာပြန်တော့လဲ ရသမျှ အထောက်အမ မရှိ။ တွတ်တွတ်တွတ်တွတ်နဲ့ ပြန်နိုင်ရမယ်၊ ရေးဖြေတော့လဲ အမှတ် ၁၀၀ ပေးရင် ၇၅ မှတ် အနည်းဆုံး ရရမယ်။ ဒါမှ အောင်ရုံသာမန်ပဲ ရှိသေးတာ၊ ၈၅ မှတ်က ကျော်ပြီးရမှ ထိပ်တန်း အောင်မြင်တာတဲ့။

ဒီလို တွတ်တွတ်တွတ်တွတ်နဲ့ ပြန်တိုင်း ဘာဆိုလိုတာလဲ၊ ဒီအလုံးက ဘာဆိုတာ သူမသိဘူး၊ ဒီလို မသိဘူးဆိုတာကိုလဲ သူမလိုချင်ဘူး။ ဒီက ရလဲရမယ်၊ သူလဲ သိရမယ်၊ ဒါတွေ ဒါတွေ ကိုယ်တော်ပြန်နိုင်လို့, မထောက်ရလို့ ရပြီ။ သို့သော် ... ဒါက ဘာဆိုလိုတာလဲ၊ ဒါကကော ဘာလဲ၊ ရှေ့စကားက ဘာတဲ့လဲ၊ နောက်စကားက ဘာတဲ့လဲ၊ စာရွက်ကြီးနဲ့ ခက်ပေ့ဆိုတာတွေ တအားမေးတာ။ စာတစ်ရွက် ၁၂-ပုစ္ဆာ၊ တစ်နေ့ကို ၁၂ ပုစ္ဆာ၊ မဖြေလိုတဲ့ ၂ ပုစ္ဆာကို ထားပြီး ၁၀ ပုစ္ဆာမှာ ၁ ပုစ္ဆာလျှင် ၁၀ မှတ်စီနဲ့ အမှတ် ၁၀၀ ပေးထားတယ်။ တစ်နေ့လုံး တစ်ကျမ်းအတွက် ၁၀၀ နော်၊ ၃ ရက်ဖြေရရင် ၃၀၀ ပေါ့။ ၅ ရက်ဆိုတော့ အမှတ် ၅၀၀ ပေးထားတယ်။ ၁၀၀ မှာ ၇၅ မှတ်ရမှ အောင်ရုံအောင်တာ၊ ဂုဏ်ထူး မရသေးဘူး။ ၈၅ မှတ်၊ ၉၀၊ ၁၀၀ ရရင် ဂုဏ်ထူးနဲ့ အောင်တယ်လို့ ဆိုရတယ်။ အရှင်ဝိစိတ္တသာရတို့က ၉၆၊ ၉၇၊ ၉၈ ၊ ၉၉၊ ၁၀၀ ရတာ အံ့သြစရာကောင်းတာတွေ ပြောပါတယ်။ သာမန်ပုဂ္ဂိုလ်တို့ စိတ်မကူးနိုင်တဲ့ နေရာတွေကို ဒီကိုယ်တော်တွေက အောင်အောင်မြင်မြင်နဲ့ ဝင်လာလို့ မြန်မာနိုင်ငံမှာ ၄ ပါး ရှိသွားပြီ။

ဒီကိုယ်တော်တွေရဲ့ ဝမ်းထဲ, စိတ်ထဲ, နှလုံးထဲမှာ တည်ကိန်းပြီးနေတဲ့ ဓမ္မက္ခန္ဓာတွေကို ပူဇော်ရမယ်။ ပထမဆုံး ဒီတိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးရဲ့ ရည်ရွယ်ချက်သုံးပါးထဲက ဒုတိယ အချက်က ဓမ္မစေတီထိုက်သော ပုဂ္ဂိုလ်များ ရှာဖွေရန် လိုပါတယ်။ ဓမ္မစေတီ

http://www.dhammadownload.com



ဆိုတာ ရှင်းရှင်းမြန်မာပြန်ရင် ဘုရားပဲ။ ဘုရား ရှာဖွေတာပဲ။ တရားတွေကို ဥာပနာထားတဲ့ ဓမ္မစေတီထိုက်သော ပုဂ္ဂိုလ် ရှာဖွေတာဟာ ယခု မြန်မာနိုင်ငံမှာ ၄ ပါး ရပြီ။ အင်မတန် ကံကောင်းကြပါတယ်။

ဒါတင်မက မြန်မာနိုင်ငံမှာ ဒီတိပိဋကဓရ ဆရာတော်တွေအပြင် ပိဋကတ်နှစ်ပုံဆောင်တွေ, တစ်ပုံဆောင်တွေ, တချို့ကျတော့ တစ်ခုသော နိကာယ်ဆောင်တွေ အဲဒီလို ကိုယ်တော်တွေလဲ အမြောက်အများ ရှိကြပါတယ်။ တိပိဋကဓရ ကိုယ်တော်တွေ ထားပါတော့၊ အဲဒီကိုယ်တော်တွေပင် အံ့သြစရာ ကောင်းလှပါပြီ။ ဘယ်နိကာယ်ဆောင်ဆောင် တစ်အုပ်တည်း မဟုတ်ဘူး၊ အနည်းဆုံး သုံးအုပ်။ လက် ၂ လုံး၊ ၃ လုံးလောက်ထူတဲ့ စာအုပ်ကြီး သုံးအုပ်လောက်စီ ရှိကြပါတယ်။ ဒါလွယ်တာမှ မဟုတ်ပဲ။ အဲဒီသုံးအုပ်ကို အာဂုံရပြီးတဲ့နောက် ခုနကပြောသလို သဘောအဓိပ္ပာယ်ကို ရေးဖြေရတယ်။ အဲဒီလို ရေးဖြေလို့ အောင်တော့မှ အဂ္ဂုံတ္တိုရ်အောင်တယ်၊ သံယုတ်အောင်တယ်၊ ဒီလို အသိအမှတ်ပြုပြီး အစိုးရများက ဘွဲ့တံဆိပ်လက်မှတ်များ ဆက်ကပ်ပါတယ်။

အဲဒါကြောင့် ဒကာဒကာမတို့လဲ ဝမ်းမြောက်ဝမ်းသာနဲ့ ‘တို့လဲ အင်မတန်မှ အခါအခွင့်ကြုံလို့ အခုလို ဦးဝိစိတ္တ (အရှင်ဝိစိတ္တသာရာဘိဝံသ)ရဲ့ ၂၅ နှစ်မြောက် ငွေရတုသဘင် ဆင်ယင်ကျင်းပတဲ့အခါမှာ ငါတို့ ‘ဝိနယာနုဂ္ဂဟ စာပြန်ပွဲကြီး’ရဲ့ နာယကကြီးဖြစ်တော်မူသော ဒီဆရာတော်ဘုရားကြီးတို့ တို့တတွေ ပူဇော်ရတယ်၊ နေရာကျတယ်’ ဝမ်းသာအားရနဲ့ပေါ့။ ဒီလို ဝမ်းသာအားရ ရှိပြီးတော့ မိမိတို့ ပြုသင့်ပြုထိုက်တဲ့ ကုသိုလ်တွေ ပြုပြီးသကာလ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားများ ယနေ့ကစပြီးတော့ ဘဝမခြား ကြိုးစားရှာဖွေနိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋံ့သကာ
အဋ္ဌကထာ ပြန်အကျော်
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အစိုးရပဌမကျော်
ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ
ဝိသိဋ္ဌ အာဘိဓမ္မိက မဟာ အဘိဓမ္မကောဝိဒ
ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာ ယ ကောဝိဒ
ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
ဝိစိတ္တသာ ရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက
**အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာဘိဝံသ နှင့်**
ဗုဒ္ဓသာ သနအင်္ဂုတ္တရဘာဏက အင်္ဂုတ္တရနိကာ ယကောဝိဒ
**အရှင်သော်ဘိတာဘိဝံသ** အရှင်မြတ်နှစ်ပါးတို့အား
ရန်ကုန်မြို့ရှိ အစိုးရ အမှုထမ်း ဗုဒ္ဓဘာ သာ အသင်းပေါင်းစုံ
အသင်းသူအသင်းသားများ၏

## ချီးကျူးပူဇော် လွှာပါဘုရား

အောက်ပါအစိုးရ အမှုထမ်း ဗုဒ္ဓဘာသာဝင် သူတော်စင် တပည့် ဒါယကာ ဒါယိကာမတို့၏ကိုယ်စား တပည့်တော်များက လေးစား ကော်ရော် ပူဇော်ညွတ်တွား ချီးကျူးစကား လျှောက်ကြားပါသည် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားနှင့် အရှင်သောဘိတာ ဘိဝံသ ဆရာတော်မြတ်များဘုရား။

http://www.dhammadownload.com



တပည့်တော်များ၏ သာသနာတော်မှာ 'ပိဋကသုံးပုံဆောင်'ဟု စာထဲတွင်သာ ကြားဖူး၍ တပည့်တော်များ၏ မိ,ဘ,ဘိုး,ဘေး ဟိုး ရှေးရှေးကပင် မတွေ့မြင်၊ မကြားစဖူး အထူးအဆန်း အံ့မခန်း အရှင် ပေါ်လွင်၍လာသည်မှာ သာသနာတော်အတွက် အလွန်ပင် အားတက်မိလှပါသည် ဘုရား။

၎င်းအပြင်တစ်ချက် ဆက်လက်၍ လျှောက်ထားရန်မှာ တပည့် တော်များ၏ သာသနာ ပိဋကသုံးဖြာတွင် မဂ်ဝင် ဖိုလ်ပေါက် နိဗ္ဗာန် သို့ ရောက်စေနိုင်သည့် သမထဝိပဿနာ ဘာဝနာများ ထင်ရှား ရှိပါလျက် တိမ်နက်, တိမ်နီ အလီလီတို့သည် မကြည်မည်းမှောင် နေအရောင်ကို ဝင်းပြောင်မရှိ ပကတိယွန်း အကွက်စွန်းအောင် ပေါ်ထွန်း၍လာသလို၊ ဤယခု သာသနာပရိယတ် ဒေသနာမှာလည်း ရောင်အဝါ မှေးမှိန်လျက် သေးသိမ်ပြီး ဂုဏ်ပျက်ဖို့ သူ့ထက်ငါ အလျင်ဦးအောင် အထူးထူး အဆန်းဆန်း ကျမ်းဂန်နှင့် ကွာလှမ်း လျက် ပရမ်းပတာ ထင်ရာကိုတွေး ရေးချင်ရာရေးနှင့် ရောထွေးရှုပ် ယှက် စာအုပ်ထွက်အောင် တောင်ပံနက်, တောင်ပံနီ ထိုဤများလှ စာတုတွေအနန္တမို့ ယောင်တ,တ, ဖြစ်စရာ သူ့ဟာမှန်၊ ငါ့ဟာမှန် အတန်တန်ငြင်းခုန် ဝိပဿနာရှုပုံ အစားစား ဤကဲ့သို့ ယောင်ဝါးဝါး တို့သည် အလွန်ပင် ပေါများလှပါသည် ဘုရား။

ထိုမှတထွေ ပရိယတ္တိစာပေကို သင်နေဖို့ မလို၊ စာပေသင်ကြား အရှင်များကို နွားကျောင်းသားဟု ရင့်ခါးသီးသီး ပြောပြီးတစ်ဖန်...

စာခံသူ ကမ္မဋ္ဌာန်း စီးဖြန်းလို့မရ၊

ဘာမျှမသိ မောင်နတ္ထိတို့သာ ...

http://www.dhammadownload.com



ပြောသည့်အရာ စိတ်စွဲကာဖြင့် ကျိတ်ခဲကာ ပွားများလျှင် ရက်လပင် များမကြာ ၉ ရက်တာ ၁၁ ရက် ကူး၍ တရားထူး အမြန်ရ၍ ဇကန္တ ပြီးဆုံးသည်ဟု နည်းထုံးတစ်မျိုး လမ်းရိုးမလိုက် အတိုကြိုက်နှင့် အငိုက်ကိုဖမ်း အဆန်းကိုထွင် ဤသို့လျှင် အစားစားနည်းသစ်တွေ ပေါ်များ၍ စောဘုရားသာသနာ မှိန်စရာ စနက်မီးတွေကြောင့် ကြက်သီးထဘနန်း ကျောထဲကချမ်းပြီး တဖြန်းဖြန်း ဖြစ်လှုပါသည် ဘုရား။

ထိုသို့ပေါင်းစွက် ကြောင်းအချက်တို့ကြောင့် ၎င်းအထက် ဟိုရှေးရှေးက ထွန်းကားရေးသာသနာ ပြုကြသည့်အခါမှာ သံဂါယနာတင် ပါဠိတော်သုတ်သင်၍ ပြင်ဆင်ခြင်းသာ ပဓာန ကောက်ကရ သာကီ ထိုဤရောထွေး သာသနာ့အညစ်အကြေးတို့ကို ကင်းစင်ဝေး ဖယ်ရှားပြီး တင်သွားသည့် နမူနာ ၅ ကြိမ်ရှိ သံဂါယနာကို တုယူကာ ဆဋ္ဌခြောက်ကြိမ်မြောက် ဤကာလ၌ တင်ပြုမည့် အခါတော်တွင် အလွန်ပင် လိုအပ်သည့် ပိဋကတ်သုံးပုံဆောင် မြတ်အခေါင် ထေရ်ရဟန်းကို မျှော်မှန်းကာတွေးဆ ကမ္ဘာဦး နေ့,လ တ, သကဲ့သို့ တရရရှိကြစဉ်တွင် မြတ်သခင် အရှင်ဘုရားသည် ယခုလို ငွားငွားနှင့် ဘွားဘွားကြီး ပေါ်ထွက်၍ လာတော်မူရာ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့၏ အားထားရာအစစ် ဓမ္မရာဇ်မကုဋ္ဌ သုဂတသာသနာ တု, အယောင် အဖြာဖြာတို့ကို ဆန်းစစ်ကာ ဖယ်ရှားပြီး ပါယ်တံခါး ပိတ်စေလျက် အနိဋ္ဌေဟူသမျှတို့ကို မြူမျှမကြွင်း သုတ်သင်ရှင်းတော့မည်ဟု အလွန်အမင်း ဝမ်းသာခြင်းကြီးမကာ ဝမ်းသာလှုပါသည် ဘုရား။

http://www.dhammadownload.com



အရှင်ကဲ့သို့ သခင် မပေါ်လွင်လျှင် ကမ္ဘာတစ်ခွင် အကုန်ကြား အောင် တပည့်တော်များ မအော်နိုင်၍ ခပ်ငိုင်ငိုင် ဖြစ်ရပါမည်။ ယခုမူမှာ တံခွန်ထူ၍ လူလူအမြဲ အောင်ပွဲကိုခံ တည်ညည်နှင့် နိယံမစဲ ငြိမ့်ငြိမ့်သဲမျှ ပွဲကြီးကိုဆင် သို့ဖြစ်အင်ကြောင့် အစဉ်ထာဝရ ထိပ်တန်း ကျ၍ သာသနာ့ရေးရာ အဖြာဖြာတွင်လည်း ဗမာကို ကမ္ဘာက လေးစားအောင် မော်ကြွားနိုင်ကြပါပြီဘုရား။

ထိုမှတစ်ပါး အရှင်ဘုရား၏ ဉာဏ်အား, စိတ်အား, လုံ့လအား ကို တပည့်တော်များ သိသမျှ ချီးကျူးရမည် ဆိုပါလျှင် ဘုရားရှင်၏ ဒေသနာ အလွန်ကျယ်စွာသော ပါဠိကို သမာဓိရှိရှိနှင့် သဘောတူ နှိုင်းညှိပြီး အဓိကအချက် ပုဒ်ထွက်ပုဒ်လာ ရရာတရား အစားစားတို့ ကို တစ်ပါးစီ တစ်ပါးစီ စီစစ်၍ အဆီညှစ် အကျဉ်းချုံးပြီး စာတစ်လုံး နှင့် တရွက်ဖြစ် ဤကဲ့သို့ ကျစ်လျစ်အောင် စနစ်တကျ စာအုပ် အတိုင်း အဝဝကို တစ်မျက်နှာနှင့် ပြီးဆုံးအောင် နည်းထုံးမယွင်း ပိဋကတ်အကျဉ်း လျှော့တင်းကို ပြုနိုင်တော်မူခြင်းကြောင့် ရရှိရင်း ပိဋကတ် နောင်အစဉ် မသုံးသပ်သော်လည်း အရှင်မြတ် မမေ့နိုင်ဘဲ ခိုင်ခိုင်မြဲမြဲ စိတ်အာရုံ အစဉ်စွဲလျက် ပိဋကသုံးပုံဆောင် အမြဲဖြစ်မည် ကို အတည်တကျ တပည့်တော်များ တွေးဆကာ တင်စားပြီး တဖွားဖွား ပီတိဖြစ် ရှိလှပါသည် ဘုရား။

ဤကဲ့သို့ ထေရ်အရှင်ကို သံဂါယနာတင် ရှေ့တန်းက ဆင်မြန်း သည့်အချက် သို့အတွက်ကြောင့် နောက်ဆက်နောက်သား အစား စားတို့သည် အများအပြား ယုံကြည်ပြီး ခံတည်ကာ သာဓကနှင့် ကမ္ဘာက ငေးသွားအောင် လေးစားလောက်သော ပွဲသဘင်ကို နွှဲဆင် ရတော့မည်ဖြစ်၍ တပည့်တော်များအပေါင်း အတိတ်ကံ အလွန်

http://www.dhammadownload.com



ကောင်းသည်ဟု နှစ်ထောင်းအားရ အလွန်ဝမ်းသာလှပါသည် ဘုရား။

ဤမှတစ်ချက် ဆက်လက်၍ လျှောက်ထားလိုသည်မှာ ...

၁၃၁၅ ခု၊ ပြာသိုလဆန်း ၁ ရက်၊ ၂ ရက်၊ ၃ ရက်နေ့များတွင် ဒီဃနိကာယ်ပါဠိတော် ပါထိကဝဂ်ကို ပြန်ဆိုတော်မူနေရင်း သုတ်သင်ရှင်းလင်း၍ သွားသည်မှာ –

(၁) စာမျက်နှာ ၆ ကြောင်းရေ ၃ ၌ ...

'ဇာနာသိ အာဝုသော အစေဠ ကောရခတ္တိယ'

ဟု စာများ၌ ရှိကြ၏။ တိုက်ရိုက်ပြောပြပုံ ဟောသောအရာ ဖြစ်သောကြောင့်လည်းကောင်း၊ တကယ်တိုက်ရိုက်ပြောသောအခါ ပြသည့် စာမျက်နှာ ၆ ကြောင်းရေ ၂၉ ၌ ...

'ဇာနာသိ အာဝုသော ကောရခတ္တိယ'

ဟုသာ ရှိသောကြောင့် **အစေဠ** သဒ္ဒါ ပိုနေပါသည်။

(၂) စာမျက်နှာ ၁၆ ကြောင်းရေ ၄ ၌ ...

'ပရာဘူတရူပေါ ဘော အယံ အစေဠော ပါထိကပုတ္တော'

ဟု ရှိ၏။ ပါထိကပုတ္တ၏ မျက်ကွယ်မှာ ပြောသောအရာ ဖြစ်သောကြောင့် **အယံ**ပုဒ် ပိုနေပါသည်။ ထို့ကြောင့်ပင်လျှင် နောက် လိစ္ဆဝိမဟာမတ္တဝါရ၊ ဇာလိယဝါရတို့၌ **အယံ** သဒ္ဒါ မပါရှိပါ။ ၎င်းတို့ကို ထောက်၍လည်း မပါသင့်ပါ။

http://www.dhammadownload.com



(၃) စာမျက်နှာ ၂၂၊ ကြောင်းရေ ၇ ၌ ...

'ဂေါယုဂေဟိ အာဝိဋ္ဌေယျာမာတိ'

ရှိ၏။ ဂေါယုဂဖြင့် ဆွဲငင်ခြင်းကို ရှေးအမစ္စဝါရ၌ ပြခဲ့ပြီး ဖြစ်သောကြောင့် လည်းကောင်း၊ အဋ္ဌကထာ၌လည်း 'နာဂေ ဟိတိ ဟတ္ထိနာဂေဟိ'ဟု ဖွင့်ပြသောကြောင့်လည်းကောင်း၊ **နာဂေဟိ** သာရှိရပါမည်။

(၄) ဥဒုမ္ဗရိကသုတ်၊ စာမျက်နှာ ၂၉ ကြောင်းရေ ၁၃ ၌ ...

'ယေန နိဂြောဓော ပရိဗ္ဗာဇကော'

ဟုရှိ၏။ နောက်၌ နိဂြောဓပရိဗိုဇ်ထံသို့ ကပ်ရောက်ကြောင်း လာလတ္တံ့ဖြစ်သောကြောင့်လည်းကောင်း၊ ဤ၌ပရိဗိုဇ်အာရာမ်သို့ သွားခြင်းသာ ဖြစ်သောကြောင့်လည်းကောင်း ထိုပါဠိ ပိုနေပါသည်။ ပရိဗိုဇ်ထံ သွားကြောင်းကား နောက်၌ လာလတ္တံ့ ဖြစ်ပါသည်။

(၅) စက္ကဝတ္တိသုတ်၊ စာမျက်နှာ ၅၀၊ ကြောင်းရေ ၂၃ ၌ လည်းကောင်း၊ စာမျက်နှာ ၅၁၊ ကြောင်းရေ ၅ ၌လည်းကောင်း

'ဒိဗ္ဗံ စက္ကရတနံ'

ဟု ရှိနေပါသည်။ စကြာရတနာ ဆိုက်ရောက်ကြောင်းကို ပြသည့် ရှေ့စကားရပ်၌သာ ဒိဗ္ဗံသဒ္ဒါ လိုပါသည်။ ဤ၌ စကြာရတနာ ဆိုက်ပြီးဖြစ်၍ စကြာရတနာ လည်ကြောင်းကိုသာ ပြသည့် အရာ ဖြစ်သောကြောင့် ဒိဗ္ဗံသဒ္ဒါ မလိုပါ။

http://www.dhammadownload.com



(၆) ဥုင်းသုတ်၊ စာမျက်နှာ ၆၃၊ ကြောင်းရေ ၁ ၌ ...

'သဇေ်ါနာမရာဇာ'

ဟုရှိ၏။ ဝတ္ထုကြောင်းကို ဟောရာ၌ အစဆုံးဝါကျမှသာ နာမသဒ္ဒါ ဖော်ပြရိုး ရှိပါသည်။ ဤသခ်မင်း၏ ဝတ္ထုကြောင်းအစ စာမျက်နှာ ၆၂၊ ကြောင်းရေ ၅ က အစ စာမျက်နှာ ၆၂၊ ကြောင်းရေ ၅ က ပင်ပြပြီးဖြစ်၍ နာမသဒ္ဒါ ပိုနေပါသည်။

(၇) အဂ္ဂညသုတ် စာမျက်နှာ ၇၆ ကြောင်းရေ ၂ ၌ ...

'ပရေသံ ရဇ္ဇေတိ'

ဟု ရှိနေပါသည်။ အချို့မူ၌ 'ပရေဟိ' ဟု ရှိပါသည်။ နိယာမ်တို့၌ ...

ကာရိက်ကံမှာ၊ ဒုတိယာနှင့်၊
တတိယာဆဋ္ဌီ၊ သုံးလီဝိဘတ်၊
သက်တုံလတ်ဟု၊ ကျမ်းမြတ်
ဤသို့ မိန့်သတည်း။

ထိုသုံးပါးမှာ၊ ကရိဏ်းသာ၊
ကျမ်းလာအရှိ များသတည်း။ ။

ဟု မှတ်ချက်ရှိသောကြောင့် **ပရေဟိ** ဟူသော ပါဌ်က ပို၍ သင့်ပါသည်။

http://www.dhammadownload.com



(၈) သမ္မာသာဒနီယသုတ် စာမျက်နှာ ၈၉၊ ကြောင်းရေ ၁၀ ၌...

'သတံပိ ဇာတိယော သဟဿံပိ ဇာတိယော၊ သတသဟဿံပိ ဇာတိယော' ဟု ပါဠိရှိ၏။

စတ္တာလီသံပိ ဇာတိယော ...

စသော ရှေးပါဠိများ နောက်သို့ အယောင်ယောင် အမှားမှား လိုက်၍ ရိုက်ထားကြခြင်း ဖြစ်ပါသည်။ အမှန်မှာ ...

'ဇာတိသတံပိ ဇာတိသဟဿံပိ ဇာတိသတသဟဿံပိ'

ဟု ရှိမှ ပါဠိအချိုးအစား ဟောနေကျများနှင့် ညီညွတ်ပါမည်...

စသည်ဖြင့် စာပြန်လို့နေရင်း ပါဠိကို ရှင်းရှင်းပြီး နိုင်နိုင်နင်းနင်းကြီး ပြန်ဆိုတော်မူနိုင်ကြောင်းကို စာထောက်စာမ ဆရာတော်များမှ တစ်ဆင့် သိရှိရပါသဖြင့် တပည့်တော်များ အစိုးရအမှုထမ်း ဗုဒ္ဓဘာသာအသင်းပေါင်းစုံက လွန်ကြည်ယုံမြတ်နိုးပြီး ရှိခိုးလို့ ချီးကျူးလိုက်ပါသည်ဘုရား။

အချို့အချို့ပုဂ္ဂိုလ်တို့မှာ အာဂုံပင် ရပါသော်လည်း သဘာဝကို မသိ၊ ကျက်မိကျက်ရာ ကျက်မှတ်လို့ ထားကြပါသည်။ အရှင်ဘုရားမှာ မူ ကား ... အာဂုံတွင်မက သဘာဝတွင်လည်း အလွန်ပင် ပိုင်နိုင်လှပါသဖြင့် ...

http://www.dhammadownload.com



သီလက္ခန္ဓဝဂ်၌ အမှတ် ၁၀၀ပေးသည့်အနက် ၉၃ မှတ်

မဟာဝဂ်၌ အမှတ် ၁၀၀ပေးသည့်အနက် ၉၇ မှတ်

ပါထိကဝဂ်၌ အမှတ် ၁၀၀ပေးသည့်အနက် ၉၇ မှတ်

ရတော်မူခဲ့ရာ အာဂုံပြန်ဆိုပွဲ၌ ဝိသိဋ္ဌ ဂုဏ်ထူး၊ သဘောရေးဖြေပွဲ၌ **မဟာ**ဂုဏ်ထူးတို့ဖြင့် ချီးကျူး၍မကုန် အောင်မြင်ပုံ ထူးကဲလှပါသည် ဘုရား။

ဤတွင်မျှမကသေး။ ၁၃၁၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့မှစ၍ ကျင်းပသော သုံးကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ၌လည်း အရှင်ဘုရားသည် ဝိနည်းငါးကျမ်းကို အစအဆုံး ပြန်ဆိုခဲ့ရာ အရှင်ဘုရား၏ စာပြန် ခုံနံပါတ်မှာ ၄ ဖြစ်ပါသည်။

(၁) အာဂုံပြန်နှင့်

(၂) သဘောရေးဖြေ

၂ ပွဲလုံး၌ပင် ဂုဏ်ထူးဖြင့်ချည်း အောင်မြင်တော်မူခဲ့ပါသည်။ ထိုသို့အောင်မြင်ရာ၌လည်း ရိုးရိုးစာမှတ်ပြည့် အောင်ကာမျှ မဟုတ်ဘဲ ...

(က) အာဂုံပြန်ဆိုပွဲတွင်လည်း အထောက်အမ အကျော်အလွှား အမှားလုံးဝ ကင်းလွတ်သည့်ပြင် ပြန်ဆိုရာ၌လည်း ရှင်းလင်းပီသ ပြတ်သားလှ၍ အလွန်သာယာနာပျော်ဖွယ် ပြန်ဆိုတော်မူနိုင်သဖြင့် **ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌ ဝိနယဓရ** ဟူသော ဂုဏ်ထူးဘွဲ့တော်ကိုလည်းကောင်း၊

http://www.dhammadownload.com



(ခ) သဘောရေးဖြေပွဲတွင်လည်း ...

| | |
|---|---|
| ပါရာဇိက ကဏ္ဍပါဠိတော်၌ | ၈၉ မှတ် |
| ပါစိတ်ပါဠိတော်၌ | ၉၉ မှတ် |
| မဟာဝဂ္ဂပါဠိတော်၌ | ၉၂ မှတ် |
| စူဠဝဂ္ဂပါဠိတော်၌ | ၉၈ မှတ် |
| ပရိဝါရပါဠိတော်၌ | ၁၀၀ မှတ် |

ရရှိတော်မူရာ အောင်မှတ်ရာခိုင်နှုန်း ၉၅.၃ အထိ ထူးကဲစွာ ရရှိတော်မူပါ၍ **ဗုဒ္ဓသာသနာနုဂ္ဂဟ မဟာဝိနယကောဝိဒ** ဟူသော ဂုဏ်ထူးဘွဲ့တော်ကိုလည်းကောင်း ရရှိတော်မူကာ ဂုဏ်ထူးနှစ်ဆင့်တို့ဖြင့် ထူးခြားစွာ အောင်မြင်တော်မူခဲ့ပါသည်ဘုရား။

၁၃၁၃ ခုနှစ်၌ အဘိဓမ္မာ ပိဋက ရှေ့ပိုင်း ၅ ကျမ်း၊ ၁၃၁၄ ခုနှစ်၌ အဘိဓမ္မာ ပိဋက နောက်ပိုင်း ၂ ကျမ်းတို့ကို အာဂုံပြန်ဆိုပွဲ, သဘောရေးဖြေပွဲ နှစ်ပွဲလုံးတို့၌ပင် ထို့အတူ အောင်မှတ်များစွာတို့ဖြင့် ဂုဏ်ထူးနှစ်ဆင့်တို့ဖြင့်ချည်း ပြန်ဆိုရေးဖြေ အောင်မြင်တော်မူခဲ့သည့်အတွက် **ဗုဒ္ဓသာသန ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ** ဟူသော ဘွဲ့ထူးကို ထူးခြားစွာ ရရှိတော်မူခဲ့ပါသည်ဘုရား။

ဤသို့ ဖြေဆွမ်းနိုင်ခြင်းအားဖြင့် သုံးပုံပိဋကတ် ဂုဏ်ထူးတော် ၂ ထပ် ရရှိ၍ နိုင်ငံတော် ဗုဒ္ဓသာသန အဖွဲ့က **ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ** ဟူသော ဂုဏ်ထူး ၂ ထပ် ဘွဲ့ တံဆိပ်တော် ဆက်ကပ်သည်ကို စုတ်သပ်အံ့သြဖွယ် ခံယူရသည့်အပြင် နိုင်ငံတော်အစိုးရကလည်း ဆဋ္ဌသံဂါယနာ၌ အဖြေဆရာတော် မထေရ် ရလတ်ပြီဟု ရွှင်ကြည်အားရ ဝမ်းမြောက်လှ၍ **တိပိဋကဓရ**

http://www.dhammadownload.com



**ဓမ္မဘဏ္ဍာဂါရိက** ဟူသော အရှင်အာနန္ဒာ၏ဘွဲ့ထူးကို ချီးကျူး ဆက်ကပ်အပ်ရကား ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်တော်ဝယ် ညီဟော်အာနန္ဒာမထေရ်၏ကိုယ်စား အရှင်ဘုရားကို အားထားစရာ တပည့်တော်များ ရပါသဖြင့် လွန်စွာနှစ်သက် အားတက်လှပါသည် အရှင်ဘုရား။

အရှင်သောဘိတာဘိဝံသ ဆရာတော်သည်လည်း အင်္ဂုတ္တိုရ် ၁၁ ကျမ်းကို စွမ်းစွမ်းတမံ အောင်လံစိုက်ထူ အောင်မြင်တော်မူပါ၍ **ဗုဒ္ဓ သာသန အင်္ဂုတ္တရဘာဏက အင်္ဂုတ္တရနိကာယကောဝိဒ** ဟူသော ဘွဲ့ထူးကို အရှင်တစ်ဦးတည်းသာ ခံယူတော်မူရပါသေးသဖြင့် တပည့်တော်များ၏ အားထားရာ သုံးလူ့ဘ သာသနာမှာ ဤအရှင် သာ အင်္ဂုတ္တိုရ်ဆောင်ဟု ကျယ်လောင်စွာ ကမ္ဘာသားတို့ကို ပြောကြား ဂုဏ်ယူရပါတော့မည်ဘုရား။

## ဆုတောင်းမင်္ဂလာ

ကျေးဇူးသခင် ဆရာတော်အရှင် နှစ်ပါးတို့သည် ကိုယ်စိတ် နှစ်ဖြာ ကျမ်းမာချမ်းသာတော်မူကြ၍ သက်တော်ရာကျော် ရှည်တော် မူကြပါစေသတည်း။

ပိဋကသုံးပုံ နှုတ်ဝယ်ငုံ၍ ဗိုလ်ပုံဝန်းလျား ဒကာများအား တရား စည်ကြီး ခြိမ့်ခြိမ့်ဟည်းအောင် ရိုက်တီးဆော်ရွမ်းတော်မူကြပါစေ သတည်း။

ရှင်တို့တရား နာသူများလည်း ခေါင်းပါးကိလေ သမုစ္ဆေဖြင့် သောင်ခေမာကမ်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းမသွေ ရောက်ကြပါစေ သတည်း။

http://www.dhammadownload.com



အရှင်သို့ပင် မြန်တစ်ခွင်၌ သုံးအင်ပိဋက နှုတ်ငုံရသည့် ဓရ မည်ကျူး ပုဂ္ဂိုလ်ထူးတို့ ဂုဏ်မြူးဆက်ကာ ပေါ်စေသတည်း။

ဗုဒ္ဓမြတ်စွာ သာသနာသည် ရောင်ဝါလင်းဖြန့် ကမ္ဘာနှံ့အောင် ကျယ်ပြန့်ဝေဆာ တည်စေပါ၍ ရာဇာမင်းများ နိုင်ငံသားကို သနား ချစ်ခင် မေတ္တာဝင်လျက် အစဉ်စောင့်ရှောက်ပါစေသတည်း။

ချီးကျူးရှင်လန်း လှူဒါန်းပြုရ ဤပုညကြောင့် သုခအမှန် မြတ် နိဗ္ဗာန်သို့ အမြန်ရောက်ရပါလို၏ အရှင်ဘုရား။

၁။ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့အသင်း။

၂။ စာပေဗိမာန်သဟာယအသင်း။။

၃။ တရားရုံးများဆိုင်ရာ ဗုဒ္ဓဘာသာအသင်း။

၄။ ထီရုံး ဗုဒ္ဓဘာသာအသင်း။

၅။ မီးရထားဌာန ဗုဒ္ဓဘာသာအသင်း။

၆။ ရေဝန်ရုံး ဗုဒ္ဓဘာသာအသင်း။

၇။ မြန်မာပြည် ရဲအဖွဲ့ ဗုဒ္ဓဘာသာအသင်း။

၈။ ရန်ကုန်ရဲအဖွဲ့ ဗုဒ္ဓဘာသာအသင်း။

၉။ နိုင်ငံတော်လေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဗုဒ္ဓဘာသာအသင်း။

၁၀။ အမြတ်တော်ခွန်ဌာန ဗုဒ္ဓဘာသာအသင်း။

၁၁။ အစိုးရပုံနှိပ်တိုက် ဗုဒ္ဓဘာသာအသင်း။

၁၂။ အတွင်းဝန်များရုံး ဗုဒ္ဓဘာသာအသင်း။

http://www.dhammadownload.com



## ယံဒုန္နိမိတ္တံဂါထာမှ အပြန် သုဘမင်္ဂလာ ဆုတောင်း ၃ ဂါထာပါဠိနိဿျ

(၁) ယံသန္နိမိတ္တံ သုဘမင်္ဂလံ ဝါ၊
ယော ဝါ မနာပေါ သကုဏဿ သဒ္ဒေါ။
သောဘဂ္ဂ ဟော သံသုပိနံ သုကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိပက္က+မေန္တု။

ယံသန္နိမိတ္တံ ဝါ=မျိုးရိုးတံထွာ စဉ်အလာဖြင့် ငါငါသူသူ ကောင်း၏ဟူ၍ စွဲယူထိမ်းမှတ် ပြုလုပ်အပ်သည့် အကြင်ကောင်းမြတ်သော နိမိတ်သည်လည်းကောင်း၊ ယံ သုဘမင်္ဂလံ ဝါ=ရှုချင်စဖွယ် တင့်တယ်သော အဆင်းရူပါရုံကို မြင်ခြင်း ဒိဋ္ဌမင်္ဂလာ၊ နာချင်ဖွယ်ရာ သာယာသောအသံ၊ သဒ္ဒါရုံကို ကြားခြင်း သုတမင်္ဂလာ အစဖြာသား စဉ်လာထိမ်းမှတ် ပြုလုပ်အပ်သည့် အကြင်ကောင်းမြတ်သော မင်္ဂလာ သည်လည်းကောင်း။ မနာပေါ=စိတ်နှလုံးကို ပွားတိုးစေတတ် နှစ်သက်မြတ်နိုးအပ်သော။ ယော ဝါ သကုဏဿ သဒ္ဒေါ=အကြင် သာယာသော ကျေးသံငှက်သံသည်လည်းကောင်း။ ယော သောဘဂ္ဂ ဟော ဝါ=လောကီအလို ကျမ်းအဆိုဖြင့် ထိုထိုကောင်းကျိုး အမျိုးမျိုး တို့ကို ပွားတိုးဖြစ်ထွန်းစေတတ် အကြင်ကောင်းမြတ်သော ဂြိုဟ်မင်း တို့ စီးနင်းကြုံကြိုက်ခြင်းသည်လည်းကောင်း။ သုကန္တံ=အလွန် နှစ်လိုဖွယ်ကောင်းသော။ ယံ သုပိ နံ ဝါ=အကြင် ကောင်းမြတ်သော အိပ်မက်ရာမက်သည်လည်းကောင်း။ အတ္ထိ= လောကီအနေရှိသည် မှန်ပေ၏။

ဧတေ=ထိုကောင်းမြတ်သော နိမိတ်မင်္ဂလာ, သာယာသော ကျေးသံ ငှက်သံ, ကောင်းမွန်လှသော ဂြိုဟ်စီးဂြိုဟ်နင်း, သန့်ရှင်း

http://www.dhammadownload.com



စင်ကြယ် နှစ်သက်ဖွယ်သော အိပ်မက်ရာမက်တို့သည်။ ဗုဒ္ဓါနုဘာဝေန=မြတ်စွာဘုရား၏ ကြီးမားတေဇော် အာနုဘော်ကြောင့်။ ဝိပက္ကံ–ရင့်ကျက်ဘိလျှင်း အကျိုးပေးခြင်းသို့။ ဧန္တု=မုချမသွေ ရောက်ကြပါစေကုန်သတည်း။ ။

(၂) ယံသန္နိမိတ္တံ သုဘမင်္ဂလံ ဝါ၊

ယော ဝါ မနာပေါ သကုဏဿ သဒ္ဒေါ။

သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊

ဓမ္မာနုဘာဝေန ဝိပက္က+မေန္တု။

ပ။ ဓမ္မာနုဘာဝေန=ဆယ်ပါးသော တရားတော်တန်ခိုးတော် အာနုဘော်ကြောင့်။ ဝိပက္ကံ=ရင့်ကျက်ဘိလျှင်း အကျိုးပေးခြင်းသို့။ ဧန္တု=မုချမသွေ ရောက်ကြပါစေကုန်သတည်း။

(၃) ယံသန္နိမိတ္တံ သုဘမင်္ဂလံ ဝါ၊

ယော ဝါ မနာပေါ သကုဏဿ သဒ္ဒေါ။

သောဘဂ္ဂဟော သံသုပိနံ သုကန္တံ၊

သံဃာနုဘာဝေန ဝိပက္က+မေန္တု။

။ပ။ သံဃာနုဘာဝေန=အရိယာရှစ်ဖော် သံဃာတော်၏တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ ဝိပက္ကံ=ရင့်ကျက်ဘိလျှင်း အကျိုးပေးခြင်းသို့။ ဧန္တု=မုချမသွေ ရောက်ကြပါစေကုန်သတည်း။

(အမှာ) ။ ။ ဤ 'ယံသန္နိမိတ္တံ' ၃ ဂါထာပါဠိကို ဓမ္မနာဒ ပထမတိုက်အုပ်ဆရာတော် အရှင်ဥက္ကံသာဘိဝံသ မထေရ် အနက်မြန်မာပြန်ဆိုပါသည်။ (၃/ ပ–၄/ ၃၅)နေ့။ ရွတ်ဆိုသောအခါ (၁)နံပါတ် ဂါထာအနက်အတိုင်း ပေယျာလကို အပြည့်အစုံ ဖော်ဆိုပါလေ။